မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၁၃၆)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့က ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ညနေ ၆ နာရီတွင် အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❋



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

KBZ BANK
(6) CONSECUTIVE YEARS
'BANK OF THE YEAR IN MYANMAR 2018'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# မြန်မာ့သူရဲကောင်းကို ရှိသေကြသည်ဆိုလျှင်...

ခေတ်သစ် မြန်မာနိုင်ငံသမိုင်းကို စာအုပ်တစ်အုပ်အဖြစ် ပြုစုလျှင် ထင်ရှားသော မြန်မာ့သူရဲကောင်း၊ မြန်မာ့လွတ်လပ်ရေးဗိသုကာ၊ မြန်မာ အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်းဟူသည့် အမည်က စာမျက်နှာ အများအပြားတွင် နေရာယူထားပါလိမ့်မည်။

အမျိုးသားခေါင်းဆောင်ကြီးသာ သက်ရှိထင်ရှားရှိနေဦးမည်ဆိုလျှင် ယနေ့ ၁၃ ဖေဖော်ဝါရီတွင် အသက် ၁၀၄ နှစ်ပြည့်ပြီ။ ငယ်စဉ် ကလေး အရွယ်ဘဝကစ၍ ရိုးသားဖြူစင်သော၊ မလိမ်မညာတတ်သော၊ ထက်မြက် တည်ကြည်သော၊ အမှန်တရားကို မြတ်နိုးသော မောင်အောင်ဆန်းသည် ကွယ်လွန်ချိန် အသက် ၃၂ ထိ မပြောင်းလဲသည့် ကိုယ်ကျင့်သိက္ခာဖြင့် ရှင်သန်ခဲ့သူဖြစ်သည်။

တက္ကသိုလ် ကျောင်းသားဘဝ၊ သမဂ္ဂခေါင်းဆောင်ဘဝ၊ တို့ဗမာ အစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး သခင်ဘဝ၊ ဗမာ့တပ်မတော် ခေါင်းဆောင် ဗိုလ်ချုပ်ဘဝ၊ ဖဆပလအဖွဲ့ချုပ်ကြီး၏ဥက္ကဋ္ဌ နိုင်ငံရေး သမားဘဝ၊ ပြည်သူလူထု၏ အယုံကြည်ရဆုံး ချစ်ခင်ကြည်ညိုရဆုံးသော အမျိုးသားခေါင်းဆောင်ကြီး ဘဝတို့ကို နိုင်ငံချစ်စိတ် ပြည်ထောင်စုသား အားလုံးတို့ပေါ် စေတနာမှန်မှန်တို့ဖြင့် ဖြတ်သန်းခဲ့သူ ဖြစ်ပါသည်။

သူ့ကျွန်ဘဝရောက်နေရသည့် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေး၊ တိုးတက်ဖွံ့ဖြိုးရေးနှင့် မြန်မာပြည်သူလူထုအတွက်ဟူသည့် ရည်မှန်းချက် ကို ခိုင်ခိုင်မာမာချမှတ်ခဲ့သူ၊ ကိုယ်ကျိုးမရှာသူ၊ အနစ်နာခံစရာရှိလာသမျှ မရှောင်ဖယ်ခဲ့သူ ဖြစ်၏။ နိုင်ငံရေး အမြော်အမြင်ကြီးသူ၊ ရင့်ကျက်သူ လည်းဖြစ်သည့်အတွက် ကမ္ဘာလုံးဆိုင်ရာအမြင်ဖြင့် မြင်နိုင်သူ အယူအဆ အတွေးအခေါ်ကောင်းများဖြင့် ပြည့်ဝသူလည်း ဖြစ်၏။

နိုင်ငံတကာက ခေတ်ပြိုင်ခေါင်းဆောင်များ၊ နိုင်ငံတွင်းက ဒိတ်ဒိတ်ကြဲ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များက လေးစားကြရသည့်သူ တစ်ဦးလည်း ဖြစ်ပါ၏။ အယူအဆချင်းမတူသူ ရန်သူဖြစ်စေ၊ လမ်းစဉ်နှင့် ယုံကြည်ချက်ချင်းတူသူ မည်သို့သောသူဖြစ်စေ လေးမြတ်ရသော ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပါ သည်။ ဤသည်က အရေးကြီးသော နိုင်ငံရေးမှတ်ကျောက် တစ်ခု ဖြစ်သည်ဟု ထင်မြင်ပါသည်။

လွတ်လပ်ရေးအတွက် တူညီသည့် ရည်မှန်းချက်ပေါ်တွင် ရပ်တည် ခဲ့ကြသော ထင်ရှားသည့် ဝါရင့်နိုင်ငံရေးခေါင်းဆောင်ကြီးများ ကိုယ်တိုင် လေးလေးစားစား ခေါင်းဆောင်တင်ကာ နားထောင်လိုက်နာခဲ့ကြသည့် ခေါင်းဆောင်ဖြစ်ပါ၏။

ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ချိန်တွင် အသက်အရွယ်အားဖြင့် သုံးဆယ့်နှစ် နှစ်သာ ရှိသေးသည့် အရွယ်ကောင်းဖြစ်ပါသည်။ ငယ်ရွယ် လှသေးသော အချိန်ဟုဆိုလျှင်မမှားပါ။ သည်လိုအချိန်တွင် သူက ကျောင်းသားခေါင်းဆောင်ဘဝကို ဖြတ်သန်းခဲ့သူ၊ နိုင်ငံရေးခေါင်းဆောင်၊ တပ်မတော်ခေါင်းဆောင်၊ လက်နက်ကိုင်တော်လှန်ရေးခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်စသည့် အရေးပါဆုံးသော တာဝန်များကို ယူခဲ့ ရသူပါ။

ထို့ပြင်တဝ၊ မြန်မာနိုင်ငံအတွက် အလွန်ကြီးကျယ်ခမ်းနားသည့် နိုင်ငံရေးလှုပ်ရှားမှုကြီးများ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်လပ်ရေးတို့၏ ထိရောက်ပြတ်သားသည့် ခေါင်းဆောင် ကောင်းတစ်ဦးဖြစ်ခဲ့ပါသည်။

သည်လိုခေါင်းဆောင်တစ်ဦးကို မြန်မာနိုင်ငံကရရှိခဲ့ခြင်းမှာ တန်ဖိုး ဖြတ်၍ မရနိုင်သော ကုသိုလ်ထူးတစ်ခုဟု မြင်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်းသည် အမြော်အမြင် ကြီးလှသော နိုင်ငံရေးခေါင်းဆောင်ဖြစ်ခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ ရှေ့အနာဂတ်ရေးနှင့် ပတ်သက်၍ မူဝါဒများ လုပ်ငန်းစဉ်များ များစွာကို ရေးဆွဲချမှတ်ခဲ့ပါသည်။ ယင်းတို့မှာ ယနေ့ထက်တိုင် ခေတ်မီကာ ထိရောက်နေဆဲဟုလည်း မှတ်ယူပါသည်။

သည်လို ခေါင်းဆောင်မျိုးကို ရရှိခဲ့ဖူးသည့် နိုင်ငံတွင် သူ၏အခန်း ကဏ္ဍကို မှေးမှိန်အောင် ချေဖျက်လိုစိတ်များဖြင့် ကြိုးစားခဲ့ကြသော အာဃာတကြီးလှသည့် အာဏာရှင်များရှိခဲ့ဖူးသော်လည်း သူ့ကို ဖျောက်ဖျက်ပစ်လို့ မရနိုင်ကြောင်းကို သမိုင်းသက်သေပြခဲ့ပြီး ဖြစ်သည် ဟုလည်း မြင်ပါသည်။

ထို့ကြောင့် ယနေ့ အနာဂတ် မြန်မာနိုင်ငံကို ဆက်လက်ပုံဖော်ကြမည့် နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံချစ်သူများသည် ဗိုလ်ချုပ်အောင်ဆန်းကို ချစ်ခင်လေးစားကြည်ညိုသည်ဟူ၍ ကိုးကွယ်ဆည်းကပ် ကြည်ညို ကန်တော့နေကြရုံမျှ မဟုတ်ဘဲ သူ၏လမ်းစဉ် မူဝါဒ လုပ်ငန်းစဉ်များကို အမှန်တကယ်နားလည်အောင် လေ့လာဆည်းပူးကြပြီး လိုက်နာ အကောင်အထည်ဖော်ကြဖို့ ကြိုးစားရင်း သူ၏ ကျေးဇူးကိုဆပ်ကြဖို့ လိုအပ်သည်ဟု ယူဆမိပါကြောင်း။ ။

# ရွှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် မြတ်မော်တင်စွန်း ဘုရားပွဲတော် တစ်လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းအနီး မော်တင်စွန်း၌ တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်မြတ် မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၂၀ ရက်အထိ တစ်လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော်ကြီး၏ ဖွင့်ပွဲအခမ်း အနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်း တွင် ကျင်းပမည်ဖြစ်ပြီး ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓ ဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့ နုဂ္ဂဟအသင်းဗဟို (ဥက္ကဋ္ဌ) ဝဏ္ဏ ကျော်ထင် ဒေါက်တာခင်ရွှေတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးမည်ဖြစ်သည်။

**အလွယ်တကူ သွားရောက်နိုင်**

ယခင်က မြတ်မော်တင်စွန်း စေတီတော်အား ဖူးမြော်နိုင်ရန်အတွက် ပုသိမ်မြို့မှတစ်ဆင့် ရေလမ်းခရီးဖြင့်သာ သွားရောက် ဖူးမြော်နိုင်သော်လည်း ယခုအခါ ပုသိမ်-မော်တင်ကားလမ်း ဖောက်လုပ်ထားပြီး ဖြစ်သည့်အတွက် မော်တော်ယာဉ်များဖြင့်ပါ အလွယ်တကူ သွားရောက်နိုင်မည် ဖြစ်သည်။

စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ ပွဲတော်သို့ လာရောက်ကြမည့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များ အဆင်ပြေစွာ တည်းခိုနိုင်ရေးအတွက်လည်း ဟိုတယ်များ၊ တည်းခိုခန်းများ ဖွင့်လှစ်ထားပြီး ဘုရားပွဲတော်ဖွင့်ပွဲ အခမ်းအနား အထိမ်းအမှတ် ဖျော်ဖြေပွဲများကိုလည်း ထည့်သွင်း ကျင်းပမည်ဖြစ်ကာ အဆိုတော် မေခလာ၊ သွန်း၊ အာကာဘို၊ စိမ့်နေခြည်၊ မေစူးနိုင် ( ရုပ်ရှင် သရုပ်ဆောင် ) နှင့် ရွှေမြိုင်တို့ကလည်း ဖေဖော်ဝါရီ ၁၈ ရက်ညပိုင်းနှင့် ၁၉ ရက် နံနက်ပိုင်းတွင် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မည် ဖြစ်သည်။

**မင်းသစ်** (MNA)

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် အား (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများက ယနေ့ မွန်းလွဲ ၁ နာရီက ပြည်ထောင်စု ဝန်ကြီး၏ နေအိမ်ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် တိုင်းရင်းသားလူမျိုးများ ၏ အခွင့်အရေးကာကွယ်စောင့်ရှောက် သည့် နည်းဥပဒေ အတည်ပြုပြဋ္ဌာန်း နိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားကဏ္ဍ မြှင့်တင်နိုင်ရန် တိုင်းရင်းသားလုပ်ငန်းရှင်များ (SME) ချေးငွေလွယ်ကူချောမွေ့စွာ ချေးယူနိုင် ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ဖွံ့ဖြိုး တိုးတက်စေရေးနှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊ ရန်ကုန်မြို့၌ မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ အခမ်းအနားကို နောင်နှစ်များတွင်လည်း ကျင်းပနိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန်၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်း သားရေးရာကိစ္စရပ်များအား ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြ သည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးများအား ပြည်ထောင်စု ဝန်ကြီးနှင့်ဇနီးတို့က လက်ဖက်ရည်အချို ပိုင်းဖြင့် တည်ခင်းဧည့်ခံ၍ တိုင်းရင်းသား ရေးရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်း စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# ရန်ကုန်မြို့၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဈေးပွဲတော်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ကျင်းပ မြဲဖြစ်သော ပြည်ထောင်စုနေ့ ဈေး ပွဲတော်ကို ရန်ကုန်မြို့ အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ဂါးဒင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းရှိ မတူကွဲပြား ခြားနားသော တိုင်းရင်းသားတို့၏ နှစ်သက်မြတ်နိုး ဖွယ်ကောင်းသော ရိုးရာဝတ်စုံများ၊ အသုံးအဆောင်များ၊ အစားအစာများ၊ ရိုးရာအနုသုခုမ ဖျော်ဖြေမှုများကို အများပြည်သူတို့ တစ်နေရာတည်းတွင် တွေ့မြင်လေ့လာနိုင်ပြီး ပိုမိုနှစ်ခြိုက် တန်ဖိုးထားမြတ်နိုးစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ ပြည်ထောင်စုနေ့ ညနေ ၅ နာရီတွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (MCHT) နှင့် စိမ်းလန်းစိုပြည်ဂါးဒင်း တို့မှ တာဝန်ရှိသူများက ဖွင့်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအထိမ်းအမှတ် တိုင်းရင်းသား ပဒေသာကပွဲအဖြစ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားဖျော်ဖြေရေး အဖွဲ့များက မြိုင်မြိုင်ဆိုင်ဆိုင် ကပြဖျော်ဖြေ ခဲ့ကြပြီး **(အောက်ဝဲပုံ)** ပွဲတော်လာ ပြည်တွင်းပြည်ပဧည့်သည် များကလည်း ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။




ပြည်ထောင်စုနေ့ ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ မြန်မာ့သမိုင်းပညာရှင် ကြီးများ၊ စာပေပညာရှင်ကြီးများ၊ အနုပညာရှင်ကြီးများ၊ နိုင်ငံခြားသံတမန် မိသားစုများ၊ အစိုးရအဖွဲ့ဝင်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ များ၊ အဖွဲ့အစည်းများမှ ဧည့်သည် တော်များနှင့် တိုင်းရင်းသားပြည်သူ များ တက်ရောက်ကြသည်။

စိမ်းလန်းစိုပြည် ဂါးဒင်းအနေဖြင့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပွဲတော်များ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုအကြိမ် အပါအဝင် ၁၀ ကြိမ်မြောက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ- ရဲထွဋ်**

# ညအပူချိန်များ အနည်းငယ် လျော့နည်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များအနည်းငယ်လျော့နည်းနေမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံ၌ ယဉ်ကျေးမှုအကအဖွဲ့များက တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်



❇ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်၎င်းတို့၏ ဇနီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့် အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ညစာ သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**တက်ရောက်**

ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး ဒေါ်သိန်းယဉ်ချေ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ တပ်မတော်အရာရှိကြီးများ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေတင်ဆက်ကြသည့် ယဉ်ကျေးမှုအကအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

နှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ယဉ်ကျေးမှုအကအဖွဲ့များက တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး ဟူသည့် အမျိုးသားရေးဦးတည်ချက် ၅ ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ရှေးဦးစွာ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၅ နာရီခွဲတွင်ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနား ကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုနေ့အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်





(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားတွင် တိုင်းရင်းသား တိုင်းရင်းသူများက နိုင်ငံတော်အလံအား အလေးပြုကြစဉ်။

သတင်းစဉ်

တရားသူကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလ ပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။

**အလေးပြု**

အစီအစဉ်အရ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းတို့က နေရာယူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကို အလေးပြုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စစ်ရေးပြတပ်ခွဲ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ရဲတီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးလှအေး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ခရိုင်၊ မြို့နယ်များမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဖတ်ကြားစဉ်။

**သန့်စင်ဝင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# ကျွန်းစု၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

**ကျွန်းစု ဖေဖော်ဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် အမှတ်(၁) ရပ်ကွက် မြို့နယ်ခန်းမရှေ့ ရင်ပြင်၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးဆောင်၍ တက်ရောက်လာသောသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား စုပေါင်းညီညာစွာ ဦးညွှတ်အလေးပြုခဲ့ကြပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးက ဖတ်ကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျေးရွာ၊ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၅၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

**(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက အ.ထ.က(၁) ကြည့်မြင်တိုင် မြက်ခင်းပြင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်းက နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ဆုရကျောင်းသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။**

တင်ဝင်းလေး(ကြည့်မြင်တိုင်)



# ကချင်ပြည်နယ်ရောက် ဗိုလ်ချုပ်အောင်ဆန်း

## မြင့်ဆွေဦး

**ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခု နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ်နှင့် မြစ်ကြီးနားသို့ သွားရောက်ပြီး ကချင်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တိုင်းရင်းသား ကချင်တပ်ဖွဲ့ကို စစ်ဆေးရန်သွားရောက်ခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာနိုင်ငံစစ်တပ်အရာရှိချုပ် ဂျင်နရယ်သောမတ်(စ်) နှင့်အတူ မြစ်ကြီးနားသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။**

ထိုနေ့ ညနေ ၃ နာရီခွဲအချိန်တွင် မြစ်ကြီးနားမြို့ရှိ ကုန်သည်ကြီးများအသင်း (ဗမာ၊ တရုတ်၊ ကုလား၊ ဂျိန်းဖောများ ပါဝင်သည်) က ဗိုလ်ချုပ်အောင်ဆန်းအား လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံလေသည်။ မြစ်ကြီးနားမြို့ပေါ်မှ အဖွဲ့ပေါင်းစုံလည်း တက်ရောက်ခဲ့သည်။

၂၉ ရက်နေ့ နံနက်ပိုင်းတွင် အမှတ် (၂) ကချင်ရိုင်ဖယ်တပ်ကို ကြည့်ရှုစစ်ဆေးသည်။ စစ်မြေပြင်လေ့ကျင့်ခန်းများမှ ပစ်သံခတ်သံများ ဆူညံနေသည့်ကြားသို့ ဗိုလ်ချုပ်အောင်ဆန်းသည် အထူးစိတ်ဝင်စားစွာ လှည့်လည်ကြည့်ရှုလေသည်။ ထို့နောက် တပ်ရင်းတစ်ခုလုံးအား မိန့်ခွန်းပြောကြားလေသည်။

ကချင်-ဗမာချစ်ကြည်ရေးအကြောင်း၊ နောင်မကြာမီလွတ်လပ်တော့မည့် ဗမာပြည်ကိုကာကွယ်ရေးအတွက် တိုင်းရင်းသားစစ်တပ်များလိုအပ်သည့်အကြောင်း၊ ယခုတပ်တွင်းရှိ ရဲဘော်များ၏ အခက်အခဲပြဿနာများကို မကြာမီဖြေရှင်းနိုင်မည်ဖြစ်၍ စိတ်အားထက်သန်စွာဖြင့် စစ်ပညာရပ်များကို ယခုကပင် လေ့လာဆည်းပူးကြရန် အကြောင်းများကို ထည့်သွင်းဟောပြောခဲ့လေသည်။

နိုဝင်ဘာလ ၂၉ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန်တွင် မြစ်ကြီးနားမြို့၏ ရာဇဝင်တွင် အကြီးမားဆုံးဖြစ်သော လူထုအစည်းအဝေးပွဲကြီးကို ကျင်းပလေသည်။ မြို့အနီးအနားရှိ ကျေးရွာများမှ လည်းကောင်း၊ မိုးကောင်း၊ ဟိုပင် စသည့်တို့မှ လည်းကောင်း လူထုပရိသတ်များနှင့် ဗန်းမော်၊ ကသာတို့မှ ဖဆပလအဖွဲ့ချုပ်ဝင်များ အားလုံးတို့သည် ထိုလူထုအစည်းအဝေးပွဲကြီးသို့ တက်ရောက်ခဲ့ကြလေသည်။ ဂျိန်းဖော(ကချင်) ဒူဝါကြီးများနှင့် ခေါင်းဆောင်ကြီးများလည်း တက်ရောက်လာကြသည်။ အစည်းအဝေးမစမီ ဂေါ်ရခါးအမျိုးသမီးလေးတစ်ဦးက ဗိုလ်ချုပ်အောင်ဆန်းအား ပန်းကုံးစွပ်လေသည်။ ဂေါ်ရခါးလူမျိုးတို့၏ ထုံးစံတွင် ဤသို့ပန်းကုံးစွပ်ခြင်းသည် အမှန်တကယ်ပင် ကြည်ညိုလေးစား၍ ခင်မင်ရင်းနှီးသည့် အထိမ်းအမှတ်ဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ခက်ခဲ၍ အဓိပ္ပာယ်ရှုပ်ထွေးလှသော နိုင်ငံရေးစကားများကိုမပြောဘဲ အများသူငါနားလည်နိုင်သည့် စကားတို့ဖြင့် လက်ရှိနိုင်ငံရေးအခြေအနေ၊ ဖဆပလအဖွဲ့ချုပ်အကြောင်းနှင့် ဂျိန်းဖော ဗမာချစ်ကြည်ရေးအကြောင်းများကိုသာ ဟောပြောလေသည်။

နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်တွင် မြစ်ကြီးနားမြို့မြောက်ဘက် ငါးမိုင်အကွာရှိ မန်ခရင် ခေါ် ကချင်ရွာကလေး၌ ဗိုလ်ချုပ်အောင်ဆန်းအား ကချင်တိုင်းရင်းသားတို့ ဓလေ့ထုံးစံအတိုင်း နံနက်စာဖြင့် တည်ခင်းကျွေးမွေးလေသည်။

မန်ခရင်ရွာကလေးမှာ ဧရာဝတီမြစ်ကမ်းနဖူးဝယ် သာယာပြန့်ပြူးသောမြေ၌ လှပစွာတည်ရှိနေသည်။ သန့်သန့်ရှင်းရှင်းပြုပြင်ထား၍ အလွန်သပ်ရပ်ပြီး နေချင့်စဖွယ် ရွာကလေးဖြစ်သည်။

ရွာလယ်ရှိ စာသင်ကျောင်းဝင်းအတွင်း၌ ဝါးမဏ္ဍပ်ထိုးကာ တစ်ရွာလုံးက အလွန်ဖော်ရွေစွာဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား ခရီးဦးကြိုပြုလျက် ကချင်ထမင်းကို ကျွေးမွေးလေသည်။ ဆရာဇော်လွန်းကိုယ်တိုင် လာ၍ငှဲ့ပေးသော ကချင်အရက်တစ်ခွက်ကို ရှေးဦးစွာ သောက်ရပြီး လာ၍ချသောထမင်းထုပ်ကို ဖြေပြီးစားရသည်။ ထမင်းနှင့်ဟင်း စားရသည်မှာ ကိစ္စမရှိ၊ ဖက်ရွက်ထိုး၍ ထည့်ထားသော ဟင်းချိုရည်ကို ဇွန်းမပါဘဲ မဖိတ်မစဉ်အောင်သောက်ရသည့်နည်းကို ဂျိန်းဖောတို့က ဗိုလ်ချုပ်အား ပြသပေးလေသည်။

ဂျိန်းဖောအမျိုးသမီးလေး တစ်ဦးက ရှေ့သို့ထွက်လာပြီး ကချင်ဓားတစ်လက်နှင့် လွယ်အိတ်တစ်လုံးကို ဗိုလ်ချုပ်အား လက်ဆောင်ပေးလေသည်။ ပေးရင်းနှင့် ဤသို့ ပြောလေသည်။

" ဒီဓားနဲ့လွယ်အိတ်ဟာ တန်ဖိုးအားဖြင့်တော့ သိပ်အဖိုးမတန်လှပါဘူး။ သို့ပေမယ့် ကျွန်မတို့အဖို့မှာ အင်မတန်ခင်မင်ရင်းနှီးတဲ့ ဆွေမျိုးသားချင်း မောင်နှမအရင်းလိုလူမှုသာ ပေးလေ့ရှိတာမို့ ပစ္စည်းက အဖိုးမတန်ပေမယ့် တကယ့်အဖိုးတန်တဲ့စေတနာနဲ့ ပေးတာပါရှင့်"

ထမင်းစားပွဲအပြီးတွင် ထိုနေ့ကို နောင်လည်း အမှတ်တရဖြစ်စေရန် ဗိုလ်ချုပ်နှင့် ဂျိန်းဖောခေါင်းဆောင်များစု၍ ဓာတ်ပုံရိုက်ကြလေသည်။ ဓာတ်ပုံထဲတွင် ဗိုလ်ချုပ်၏ လွယ်အိတ်နှင့်ဓားမှာ ကချင်အမျိုးသမီးလေးပေးလိုက်သော လက်ဆောင်ဖြစ်သည်။



ဗိုလ်ချုပ်အောင်ဆန်းနှင့်ကချင် တိုင်းရင်းသူများ အတူတွဲ၍ ဓာတ်ပုံရိုက်စဉ်။

သူ့ခေါင်းက ခေါင်းပေါင်းကမူ ကချင်လူငယ်ခေါင်းဆောင် ဦးဇော်ရစ်(ဖ်)၏ ခေါင်းပေါင်းဖြစ်သည်။

ဗိုလ်ချုပ်သည် ကချင်လွယ်အိတ်လွယ်ပြီး ကချင်ခေါင်းပေါင်းပေါင်းလျက် ကချင်အမျိုးသမီးတစ်စုနှင့် အတူတွဲ၍ ဓာတ်ပုံရိုက်လေသည်။ ထိုသို့ ရိုက်ခါနီးတွင် ကချင်လူငယ်တစ်ဦးက -"ဗိုလ်ချုပ်-ကချင်မိန်းကလေးတွေနဲ့ တွဲရိုက်တဲ့ဓာတ်ပုံကို ဗိုလ်ချုပ်ကတော်မြင်ရင် စိတ်ဆိုးနေပါဦးမယ်" ဟု ရယ်စရာသဘောဖြင့် ပြောလိုက်ရာ ဗိုလ်ချုပ်အပါအဝင် အားလုံးဝိုင်းရယ်ကြပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မြစ်ကြီးနားခရီးစဉ်မှာ အလွန်အောင်မြင်ခဲ့ပြီး ကချင်ပြည်လူထု၏ထောက်ခံမှုကို အပြည့်အဝရရှိခဲ့ပေသည်။

ကချင်ပြည်နယ်ခရီးစဉ်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကချင်ခေါင်းဆောင်များနှင့် ပြည်သူလူထုအား မိန့်ခွန်းပြောကြားခဲ့သည်။ ထိုမိန့်ခွန်းမှာ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပေါင်းချုပ်စာအုပ်များတွင် ပါဝင်ခြင်းမရှိသဖြင့် ထိုမိန့်ခွန်းကို ဖော်ပြလိုက်ပါသည်။

**ဒူဝါကြီးများနှင့် ဂျိန်းဖောအမျိုးသား၊ အမျိုးသမီးအပေါင်းတို့ ကျွန်တော်သည် ဂျိန်းဖောအမျိုးသားများအား မေတ္တာရှိ၍ သွေးသားရင်းချာကဲ့သို့ သဘောထားပါတယ်။ တိုင်းရင်းသားအချင်းချင်းတို့အပေါ်၌ ရင်းချာသော ညီအစ်ကိုကဲ့သို့ သဘောထားကြောင်းမှာ အပြောအားဖြင့် မဟုတ်၊ အလုပ်သဘောအားဖြင့်လည်း ပြခဲ့ပါပြီ။ (ဥပမာ- ဂျိန်းဖောစစ်တပ် သီးသန့်တည်ရှိလာရခြင်းမှာ ကျွန်တော်၏ ကြိုးစားလုံးပန်းမှုကြောင့်ပင်ဖြစ်လာရကြောင်း သိစေလိုပါတယ်။) အရှေ့အာရှ တောင်ပိုင်းမဟာမိတ်တို့၏ စစ်သေနာပတိချုပ် မောင့်ဘက်တန်နှင့် ကျွန်တော်တို့ စာချုပ်လာခဲ့တဲ့အတွက် ဖြစ်လာရပါတယ်။ စာချုပ်တွင် သူ့တိုင်းရင်းသားစစ်တပ်နှင့် သူ့တိုင်းရင်းသားမဟုတ်သူများက တိုင်းရင်းသားစစ်တပ်များတွင် စစ်ဗိုလ်များထားရှိရမည်ဟူသော သဘောတူညီချက် ပါရှိပြီးဖြစ်ပါတယ်။ ယခုတိုင်းရင်းသားမဟုတ်သူများက တိုင်းရင်းသားစစ်တပ်များတွင် စစ်ဗိုလ်များအဖြစ် ရှိနေကြသေးသော်လည်း ရုပ်သိမ်းအောင် ကြိုးစားလျက်ရှိနေပါတယ်။ စာချုပ်တွင်ရှိပြီးဖြစ်လို့ မဖြစ်နိုင်စရာအကြောင်း မရှိပါ။ အရင်တိုင်းရင်းသားများ အနှိမ်ခံကြရပါတယ်။ စစ်ဗိုလ်အတတ် တတ်ကြသော်လည်း တန်းတူမပေးကြဘူး။ ဂျမဒါ၊ ဆူဗဒါလောက်သာပေးခဲ့ကြတယ်။ ယခုဒီလို မဟုတ်တော့ဘူး။ တန်းတူအဆင့်အတန်းရနိုင်ကြတော့မယ်။ ဒါဟာလည်း တိုင်းရင်းသားအားလုံးအပေါ်မှာ ကျွန်တော့်ရဲ့စေတနာထားပုံသက်သေတစ်ခု ဖြစ်ရပ်ဖြစ်ပါတယ်။**

**ထို့အပြင် ကျွန်တော်တို့အစိုးရအဖွဲ့၏ ပေါ်လစီကို ထုတ်ပြန်ကြေညာရာမှာလည်း တောင်တန်းနယ်များတွင် သူ့နယ်နှင့်သူ ဆိုင်ရာ တိုင်းရင်းသားများကိုယ်တိုင်အုပ်ချုပ်၍ ဗမာပြည်နှင့်စုပေါင်းညီညွတ်စွာရှိရန် ရည်ရွယ်ချက်ရှိကြောင်းကိုလည်း ကြေညာပြီးဖြစ်ပါတယ်။ ဒါဟာလည်း တိုင်းရင်းသားများအပေါ်၌ စေတနာထားပုံ သက်သေတစ်ရပ် ဖြစ်ပါတယ်။**

**ကျွန်တော်တို့ဗမာပြည်အစိုးရဟာ တောင်တန်းနယ်ဆိုင်ရာတိုင်းရင်းသားတို့၏ ကြီးပွားရေး တိုးတက်ရေးကို အထူးလိုလားပါတယ်။ ယခုတော့ စိတ်တိုင်းကျလွတ်လပ်ရေးမရသေးတဲ့အတွက် လုပ်ချင်သလောက်မလုပ်နိုင်သေးဘဲ ရှိနေပါသေးတယ်။ ယခုတောင်တန်းနယ်များကို ဘုရင်ခံတစ်ဦးတည်းက တာဝန်ယူဆောင်ရွက်အုပ်ချုပ်နေပါတယ်။ ကျွန်တော်တို့လိုလားချက်က ရှမ်းပြည်၊ ဂျိန်းဖော၊ ချင်းတောင်များကို ဘုရင်ခံက တာဝန်မယူဘဲ တောင်တန်းနယ်များဆိုင်ရာ ရှမ်း၊ ဂျိန်းဖော၊ ချင်းအမျိုးသားများအား တာဝန်ပေးကာ ဆောင်ရွက်စေရန်ပင်ဖြစ်ပါတယ်။ ဒီကိစ္စအတွက်လည်း အင်္ဂလိပ်အစိုးရထံမှာ တောင်းဆိုထားဆဲရှိပါတယ်။ ယခုလို ဆောင်ရွက်တာဟာပင် ကျွန်တော်တို့က ဂျိန်းဖောစတဲ့တိုင်းရင်းသားတွေအပေါ်မှာ စေတနာကောင်းထားကြောင်း၊ ချစ်ခင်ရင်းနှီးတဲ့ စိတ်ထားရှိကြောင်း သက်သေများပင်ဖြစ်ပါတယ်။**

**ဂျိန်းဖောလူကြီးများကို အထူးမှာလိုတာက အရေးအကြောင်းရှိ၍ အလိုရှိသောကိစ္စများရှိပါက ကျွန်တော်တို့အစိုးရက အစွမ်းကုန်ဆောင်ရွက်ပေးပါမယ်။ မဆောင်ရွက်နိုင်တဲ့ကိစ္စများကိုတော့ မတတ်နိုင်ပါ။ ဂျိန်းဖောခေါင်းဆောင်လူကြီးများ ရန်ကုန်သို့လာရောက်နိုင်အောင် ကြိုးစားစေချင်ပါတယ်။ အခြေအနေအကျိုးအကြောင်းကို ကောင်းကောင်းသိနိုင်ကြပါလိမ့်မယ်။ ဆောင်ရွက်ပေးစရာရှိလျှင် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးနိုင်ပါတယ်။**

**အထူးသတိပြုစေလိုတဲ့အချက်တစ်ခုမှာ ကမ္ဘာပေါ်တွင် အရေးပါ အရာရောက်နေတဲ့ နိုင်ငံကြီးများပင်လျှင် တစ်ဦးတည်းအပေါင်းအသင်းမရှိဘဲ မနေနိုင် မတည်တံ့နိုင်။ နီးစပ်ရာနိုင်ငံများနှင့်ပူးပေါင်းရေးအတွက် ဆောင်ရွက်ကြိုးစားနေရတယ်။ ဗမာပြည်လည်း နီးစပ်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရပါမယ်။ အားရှိအောင် ဖန်တီးရမယ်။ ဗမာတိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရန်လည်း အထူးအရေးကြီးပါတယ်။ ဂျိန်းဖော တခြား၊ ချင်းကတစ်ဖုံ၊ ရှမ်းကတစ်မျိုးဆိုသလို အကွဲကွဲအပြားပြား ဖြစ်နေလျှင် ဘယ်သူမှ အားရှိမှာ မဟုတ်ဘူး။**

**ဒါကြောင့် တသီးတခြားနေလျှင် ဘေးအန္တရာယ်နှင့်မကင်းသည်ကို သတိပြုကြပြီးလျှင် တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှုကို အထူးလိုလားကြစေလိုပါတယ်။ ။**

**အထူးသတိပြုစေလိုတဲ့အချက်တစ်ခုမှာ ကမ္ဘာပေါ်တွင် အရေးပါ အရာရောက်နေတဲ့ နိုင်ငံကြီးများပင်လျှင် တစ်ဦးတည်းအပေါင်းအသင်းမရှိဘဲ မနေနိုင် မတည်တံ့နိုင်။ နီးစပ်ရာ နိုင်ငံများနှင့်ပူးပေါင်းရေးအတွက် ဆောင်ရွက်ကြိုးစားနေရတယ်။ ဗမာပြည်လည်း နီးစပ်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရပါမယ်။ အားရှိအောင် ဖန်တီးရမယ်။ ဗမာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရန်လည်း အထူးအရေးကြီးပါတယ်။ ဂျိန်းဖော တခြား၊ ချင်းက တစ်ဖုံ၊ ရှမ်းက တစ်မျိုးဆိုသလို အကွဲကွဲအပြားပြား ဖြစ်နေလျှင် ဘယ်သူမှ အားရှိမှာ မဟုတ်ဘူး။**

# ဗိုလ်ချုပ်အောင်ဆန်း ဘဝ လှုပ်ရှားမှုမှတ်တမ်းပုံများ

ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ သခင်အောင်ဆန်း






၁၉၃၆ ခုနှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဖွဲ့။




ဗိုလ်ချုပ်အောင်ဆန်းတို့ဇနီးမောင်နှံနှင့် မိခင်ကြီး ဒေါ်စုတို့ကို အတူတွေ့ရစဉ်။



လက်ထပ်ပြီးစ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်



၁၉၃၆ ခုနှစ် အိုးဝေ မဂ္ဂဇင်း အယ်ဒီတာ အဖွဲ့။



ဂျပန်နိုင်ငံရောက် သခင်လှဖေ၊ သခင်အောင်သန်းနှင့် သခင်အောင်ဆန်းတို့ကို တွေ့ရစဉ်။ (ဝဲ မှ ယာ သို့)



တိုင်းပြုပြည်ပြုလွှတ်တော်သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖ-ဆ-ပ-လအဖွဲ့ဝင်များ ချီတက်လာစဉ်။(၉-၆-၁၉၄၇)

## မွေးနေ့မင်္ဂလာ

* ဗိုလ်ချုပ်ကို လေးစားလို့
အမေ့သားအတုယူ
စံပြုထိုက်သူ။
ကောင်းခြင်းဂုဏ်ဒြပ် မွှေးမွှေးကြူ
သူ့လိုလူ ရှာမှရှား။
ခန့်ခန့်တည် ဂုဏ်ရည်မပျောက်တယ်
နတ်မောက်မြို့သား။

* အကြွားမပိုမြတ်စိတ်ထားနဲ့
ရိုးသားကြိုးစား ကိုယ်ကျိုးမပါ
တိုင်းပြည်အတွက်တာ။
လွတ်လပ်ရေးရဲ့ဗိသုကာ
ကမ္ဘာတည် တို့မမေ့။
မင်္ဂလာမည် မညှိုးဂုဏ်ပုဒ်နဲ့
ဗိုလ်ချုပ် မွေးနေ့။ ။

အောင်မြင့်စိုး(ရေစကြို)

## နေမင်း လမင်း ဂုဏ်သတင်း

* ဇမ္ဗူတစ်လူ ဆိုနိုင်သူ
ရှားပါး သူ့လိုလူ။
ပြည်သူတွေအတွက် သူမွေးဖွား
ထူးခြား စနေသား။

* စကားအရာ တည်ကြည်စွာ
ပြောဆိုတတ်သူပါ။
အလိမ်အညာ ဟန်မထုတ်
ဂိုက်ဆိုက် ဘယ်မလုပ်။

* ဗိုလ်ချုပ်အောင်ဆန်း မွေးဖခင်
ဦးဖာဟုခေါ်တွင်။
မိခင် ဒေါ်စု အထင်အရှား
နတ်မောက်မြို့မှာဖွား။

* တစ်ထောင့်ကိုးရာ ဆယ့်ငါးသည်
တစ်ရာ့လေးနှစ် ဝေးခဲ့ပြီ။
ဝေးသည်ဆိုလည်း ဘယ်မမေ့
ဗိုလ်ချုပ်ရဲ့မွေးနေ့။

* မွေးနေ့ပိုင်ရှင် ဗိုလ်ချုပ်ကို
ပြည်သူအများ လွမ်းစိတ်ပို။
သူလိုလူဟာ ကမ္ဘာအဆုံး
မမေ့တစ်ပြည်လုံး။

* တစ်ဆယ့်သုံးရက် ဖေဖော်ဝါရီ
ခိုင်မြဲကမ္ဘာတည်။
ပြည်သူ့ရင်တွင်း ထာဝရလင်း
နေမင်းလမင်း ဂုဏ်သတင်း။
ငယ်မည် မောင်ထိန်လင်း။ ။

(ဗိုလ်ချုပ်အောင်ဆန်း ၁၀၄ နှစ်ပြည့် မွေးနေ့ကို ဂုဏ်ပြုလျက်-)

မြင်းမူမောင်နိုင်မိုး

# ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့နှင့် မြန်မာကလေးများနေ့ကို ဂုဏ်ပြုကြိုဆို တက္ကသိုလ်ကင်းထောက်လူငယ်များ သွေးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ကြီးမှူး၍ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့နှင့် မြန်မာ့ကလေးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသားသွေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်နွယ်နွယ်ဦးတို့က အမှာစကားပြောကြားပြီး ကင်းထောက် အစီအစဉ်မှူးချုပ် ဦးအေးကြိုင်က သွေးလှူဒါန်းမည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ သွေးလှူဒါန်းမည့် တက္ကသိုလ်ကင်းထောက်လူငယ်များအား တွေ့ရစဉ်။

ထို့နောက် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာသင် တက္ကသိုလ်တို့မှ တက္ကသိုလ်ကင်းထောက်လူငယ်များနှင့် စေတနာရှင်များက စုပေါင်းသွေးလှူဒါန်းကြသည်။

**သတင်းစဉ်**

# လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့၌ စည်ကားစွာကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ဖေဖော်ဝါရီ ၁၃ ရက် **(ယနေ့)**သည် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ဖြစ်သည်။ ထို့အတွက် ယင်းနေ့တွင် ရန်ကုန်လေးခရိုင်အတွင်း၌ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သတ်မှတ်ထားသော မြို့နယ်အတွင်းရှိ ပန်းခြံများ၊ ကျောင်းများ၌ ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အရှေ့ပိုင်းခရိုင်တွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာပန်းခြံအတွင်း၌ လည်းကောင်း၊ အနောက်ပိုင်းခရိုင်တွင် အလုံမြို့နယ် သခင်မြပန်းခြံအတွင်း၌ လည်းကောင်း၊ မြောက်ပိုင်းခရိုင်တွင် အင်းစိန်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ပန်းခြံ၌ လည်းကောင်း၊ တောင်ပိုင်းခရိုင်တွင် သန်လျင်မြို့နယ် အ.ထ.က (၁) ကျောင်း ရတနာရှင်းသန့်ခန်းမ၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားများတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော လေးစားအားကျဖွယ်၊ အတုယူဖွယ် ဂုဏ်ဒြပ်များ ဖော်ညွှန်း၍ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ဗိုလ်ချုပ်မိန့်ခွန်းမှ ကောက်နုတ်ချက်များ ရွတ်ဆိုပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်စဉ်ဘဝ၊ ကျောင်းသားဘဝ၊ မိသားစုဘဝ၊ တပ်မတော်တွင် ပါဝင်မှု၊ နိုင်ငံရေးနှင့် လွတ်လပ်ရေး ကြိုးပမ်းမှု၊ စည်းရုံးရေးခရီးစဉ်၊ နိုင်ငံခြားခရီးစဉ်၊ ဗိုလ်ချုပ်၏ အဆိုအမိန့်၊ လက်ရေးမူနှင့် စာအုပ်စာတမ်းများကို စုံလင်စွာ ပြသထားမည်ဖြစ်သည်။

သခင်မြပန်းခြံအတွင်း၌ မွန်းတည့် ၁၂ နာရီ အခမ်းအနားစတင်မည်ဖြစ်ပြီး စင်မြင့်ပေါ်၌ ကျောင်းသား ကျောင်းသူလေးများ၏ ကဗျာနှင့် အဆိုအမိန့်ကောက်နုတ်ရွတ်ဆိုပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ဖျော်ဖြေမှုများပါ ထည့်သွင်းသွားမည်ဟု သိရသည်။

ညနေ ၄ နာရီတွင် ဖွင့်ပွဲအခမ်းအနားကျင်းပပြီး ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက လေးစားအားကျဖွယ် ဗိုလ်ချုပ်၏ ဂုဏ်ဒြပ်များကို ဖော်ညွှန်း၍ စာတမ်းများ ဖတ်ကြမည်ဟု သိရသည်။

ပန်းခြံအတွင်း၌ ဗိုလ်ချုပ်၏ လှုပ်ရှားမှုမှတ်တမ်းများကို ပြခန်းများဖြင့် ပြသထားမည့်အပြင် ကျောင်းသား ကျောင်းသူလေးများ၏ ဖျော်ဖြေမှုများဖြင့် ညနေ ၆ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



သခင်မြပန်းခြံ၌ ဗိုလ်ချုပ်မွေးနေ့ အခမ်းအနားကျင်းပရန် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**စေတုတ္တရာ ဖေဖော်ဝါရီ ၁၂**

ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ကျရောက်မည့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ညိုညိုဝင်းက ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် ပြိုင်ပွဲပြုလုပ်ရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် စေတုတ္တရာမြို့နယ် အမှတ်(၁) အ.လ.က(ခွဲ)မှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူလေးများက အောင်ဆန်းဇာနည်ကဗျာဖြင့် ရွတ်ဆိုယှဉ်ပြိုင်ခဲ့ကြသည်။ ဆက်လက်၍ ပြိုင်ပွဲတွင် ဆုရရှိသူများအား အ.လ.က (ခွဲ)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျန်က ဆုချီးမြှင့်ပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား မြို့နယ်ဦးစီးမှူး ဒေါ်ညိုညိုဝင်းနှင့် ဝန်ထမ်းများက စာရေးကိရိယာနှင့် အာဟာရမုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

**စည်သူလွင်(ပြန်/ဆက်)**

# ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ပြပွဲ ပြိုင်ပွဲများ မြို့နယ်များ၌ ကျင်းပ

**တွံတေး**

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် စာစီစာကုံးနှင့် ဗိုလ်ချုပ်ပုံတူရေးဆွဲခြင်း၊ ပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦးက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပန်းချီဆရာဦးခင်ညိုက ပြိုင်ပွဲစည်းမျဉ်းများကို ရှင်းပြသည်။ ပြိုင်ပွဲတွင် အ.ထ.က (ခွဲ) ကျွန်းတောမှ ကျောင်းသား ကျောင်းသူ ၃၀ ပါဝင်ယှဉ်ပြိုင်ကြကာ ဆုရရှိသူများကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

**သဲကုန်း**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူး၍ ပြည်ထောင်စုနေ့နှင့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်ပြပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အမှတ်(၁)ရပ်ကွက် အောင်ဆန်းစာကြည့်တိုက်တွင် ကျင်းပရာ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးနှင့် တာဝန်ရှိသူများက ပြပွဲပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြပွဲကို ဖေဖော်ဝါရီ ၁၃ ရက်အထိ ပြသပေးသွားမည်ဖြစ်သည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းများကိုလည်း ပရိုဂျက်တာဖြင့် ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

**ယင်းမာပင်**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄)နှစ်ပြည့် မွေးနေ့အကြို အခြေခံပညာ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပုံတူပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခြေခံပညာမူလတန်းအဆင့် ကဗျာရွတ် ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၄ ဦး၊ အလယ်တန်းအဆင့် ပုံတူပန်းချီပြိုင်ပွဲတွင် ၃၅ ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့ ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် ဆုပေးပွဲအခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်းများ၌ ကျင်းပသည်။

နံနက် ၇ နာရီခွဲမှစတင်၍ အမျိုးသား၊ အမျိုးသမီး ခေါင်းအုံးရိုက်၊ ဂုန်နီအိတ်စွပ်၊ သုံးချောင်းထောက်၊ လွန်ဆွဲနှင့်မီတာ(၁၀၀၊ ၂၀၀၊ ၄၀၀)အပြေးပြိုင်ပွဲများ၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲများ၏ ဗိုလ်လုပွဲစဉ်များကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဒေါက်တာဦးပွားနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအလိုက် ဆုရရှိသည့်အသင်းများကို ဆုများပေးအပ်ကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးရေးအတွက် တစ်နိုင်ငံလုံးရှိ အားကစားကွင်းနှင့် ရုံးများတွင် ပြည်သူများ လွတ်လပ်စွာအားကစား ပြုလုပ်ခွင့် ခွင့်ပြုထားသည့်အပြင် နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်ရေးအတွက် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အတွင်းရှိ အားကစားရုံများ၊ အားကစားကွင်းများနှင့် GYM Fitness အားကစားခန်းမတို့၌ ဌာနအလိုက် သို့မဟုတ် တစ်ဦးချင်းအနေဖြင့် ဝန်ထမ်းကတ်ပြ၍ အခမဲ့ဝင်ရောက် လေ့ကျင့်နိုင်ရန် စီစဉ်ထားရှိပြီး အားကစား ပြိုင်ပွဲများကို ယခုထက် ပိုမိုအရှိန်မြှင့်တင် ကျင်းပသွားမည့်အပြင် ဆုကြေးများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရှိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



စစ်တွေမြို့၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပစဉ်။

# စစ်တွေ၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၂**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် စစ်တွေမြို့ရှိ ဓညဝတီအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးဆောင်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်ထောင်စုနေ့ အထိမ်းအမှတ် Myanmar Union Day Peace Run ၅ ကီလိုမီတာ အမျိုးသားအပြေးပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော အားကစားသမားများကို ဆုများပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြသန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းကြည်နှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများတွင် ဆုရရှိသော အားကစားသမားများကို ဆုများပေးအပ်ကြသည်။

အလားတူ ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းတွင် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ပဒေသာကပွဲနှင့် ဇွဲ အငြိမ့်ဖျော်ဖြေပွဲကို စစ်တွေမြို့ရှိ ဓညဝတီအားကစားကွင်း၌ ကျင်းပသည်။

ဖျော်ဖြေပွဲ၌ မြေပုံမြို့နယ် စုမ်းတူချင်းတိုင်းရင်းသားအဖွဲ့မှ ကောက်သစ်စားပွဲ အက၊ မြောက်ဦးမြို့နယ် ခမီတိုင်းရင်းသားအဖွဲ့မှ စုပေါင်းယိမ်းအက၊ ပုဏ္ဏားကျွန်းမြို့နယ် မြို တိုင်းရင်းသားအဖွဲ့မှ ဝိုင်းဝိုင်းပတ်အက၊ မောင်တောမြို့နယ် သက်တိုင်းရင်းသားအဖွဲ့မှ လူကြီးမင်းကို ဖိတ်ခေါ်ခြင်းအက၊ မင်းပြားမြို့နယ် ဒိုင်းနက်(သက္ကမ)တိုင်းရင်းသားအဖွဲ့မှ တစ်ပင်တိုင်အက၊ မင်းပြားမြို့နယ် မာရမာကြီး တိုင်းရင်းသားအဖွဲ့မှ ဗုဒ္ဓပူဇာအက၊ အမ်းမြို့နယ် အရှိုချင်းတိုင်းရင်းသားအဖွဲ့မှ ဝါးညှပ်အက၊ မင်းပြားမြို့နယ် လေးတူချင်းတိုင်းရင်းသားအဖွဲ့မှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအကနှင့် စစ်တွေတက္ကသိုလ်မှ ရခိုင်တိုင်းရင်းသားအဖွဲ့က ဆီမီးခွက်အကများဖြင့် ကပြဖျော်ဖြေကြပြီး ဟာသလူရွှင်တော် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ပန်းသီး ပါဝင်သည့် ဇွဲ အငြိမ့်အဖွဲ့က ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကပြဖျော်ဖြေကြသော တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် ဇွဲ အငြိမ့်အဖွဲ့တို့အား ဂုဏ်ပြုဆုငွေနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား တောင်ငူ၌ ကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၁၂**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက တောင်ငူမြို့ ခရိုင်အားကစားကွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့စင်မြင့်ထက်၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဦးဆောင်၍ တိုင်းရင်းသားပေါင်းစုံ အပါအဝင် ပြည်သူ ၃၀၀၀ ကျော် တက်ရောက်အလေးပြုခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး (ခေတ္တ) ဒေါ်ညွန့်သူဇာမြင့်က ဖတ်ကြားပြီး တက်ရောက်လာကြသည့် ပြည်သူများက အားကစားကွင်း၌ ဖွင့်လှစ်ပြသထားသည့် ဌာနဆိုင်ရာ ပြခန်းနှင့် တိုင်းရင်းသားများ အပါအဝင် လူမှုရေးအသင်းအဖွဲ့ ပြခန်းပေါင်း ၃၈ ခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ဆက်လက်၍ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ်ကျင်းပသည့် ချောတိုင်တက်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲများ ကျင်းပခဲ့ကြသည်။ ပြခန်းများတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြိုင်ပွဲများ ပါဝင်ပြီး ပြခန်းများကို ဖေဖော်ဝါရီ ၁၅ ရက်အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝ၄၈**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲ ဒုတိယဝန်ကြီးဒေါက်တာမြလေးစိန် ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် Myanmar Union Day Peace Run (၅)ကီလိုမီတာ မီနီမာရသွန်ပြိုင်ပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိ ဘုရားဝင်းရှေ့၌ ကျင်းပသည်။

မီနီမာရသွန်ပြိုင်ပွဲကို အမျိုးသား၊ အမျိုးသမီး နှစ်သုတ်ခွဲ၍ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက သေနတ်ပစ်ဖောက် တာလွှတ်ပေးပြီး ပြိုင်ပွဲဝင်များက ဥပ္ပါတသန္တိဘုရားဝင်း အရှေ့မှ ရာဇဌာနီလမ်းအတိုင်း နေပြည်တော်ကောင်စီ လမ်းလယ်ကျွန်းမှ ဥပ္ပါတသန္တိဘုရားဝင်းအရှေ့သို့ ပြန်လည်ပန်းဝင်ကြသည်။

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ၌ ဆုရရှိသူများကို ဆုများပေးအပ်ကြသည်။

**သတင်းစဉ်**

**ဓာတ်ပုံ - ကျော်ဇင်ထိုက်**



ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် တာဝန်ရှိသူများ မီနီမာရသွန်ပြိုင်ပွဲတွင် ဆုရသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အင်းစိန်၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ဧရာဝတီခန်းမဆောင်ကြီး၌ ကျင်းပရာ(**အောက်ပုံ**) မြန်မာနိုင်ငံရဲတပ်ဖွဲ့(အင်းစိန်)မှ ဦးဆောင်၍ ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်လာကြသော ပရိသတ်များက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို အင်းစိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ဖတ်ကြားပြီး ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာကြည့်တိုက်များ၊ ရေရှည်တည်တံ့ခိုင်မြဲအောင် အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သည့် စာကြည့်တိုက်များကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ညဏ်လင်း**






## ဖန်းမောက်မြို့၌ ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

**ဖန်းမောက် ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မြို့နယ်ကျောက်တိုင်ကွင်း ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများက ချီတက်အလေးပြုကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက ဖတ်ကြားသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်ထောင်စုနေ့ အထိမ်းအမှတ် နံရံကပ်ဓာတ်ပုံများ ပြသခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူဟန်နှင့် ဝန်ထမ်းများက ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဖန်းမောက်)**

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၌ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) ၌ ကျင်းပသည်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူးအဖွဲ့ဝင် ဦးညဏ်ဝင်း အမှာစကားပြောကြားစဉ်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုပြီး ကျဆုံးလေပြီးသော လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဒီမိုကရေစီအရေးတော်ပုံ အဆင့်ဆင့်တွင် ကျဆုံးခဲ့ကြသော ရဟန်းရှင်လူ ကျောင်းသားပြည်သူ အပေါင်းအား ဝမ်းနည်းခြင်း အထိမ်းအမှတ်ဖြင့် ရှစ်စက္ကန့်ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

ထို့နောက် သဘာပတိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူးအဖွဲ့ဝင် ဦးညဏ်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် "ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေဟာ အမျိုးသားရေးဝါဒနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို သဟဇာတဖြစ်စေပြီး ပင်လုံစိတ်ဓာတ်ကို မွေးဖွားပေးခဲ့ကြသလို ကျွန်ုပ်တို့ဟာ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ သမိုင်းဆိုင်ရာ ပကတိအခြေအနေများကို ဆန္ဒစွဲ၊ လူမျိုးစွဲကင်းစွာ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်၊ လက်တွေ့ကျကျ တည်ဆောက်ကြဖို့ လိုပါတယ်။ လူမျိုးကြီးဝါဒနဲ့ အမြင်ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒကို လည်း ဆန့်ကျင်ကြရပါမယ် "ဟု ပြောကြားသည်။

ဆက်လက်၍ ၎င်းက "အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နိုင်ငံရေးမူဝါဒနဲ့ သဘောထားများဟာ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကို အခြေခံထားတဲ့ ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရရှိရေး ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး လွှတ်တော်များမှအစ အစိုးရအဖွဲ့ဖွဲ့စည်းရေးပါမကျန် တိုင်းရင်းသား၊ ယှဉ်ပြိုင်ဖက် အဖွဲ့အစည်းများနဲ့ တပ်မတော်သားများ၊ အခြား အရည်အချင်းပြည့်ဝသူများ၊ ပညာရှင်များ အားလုံးပူးပေါင်းပါဝင်နိုင်ရေးကို အဓိကမူတစ်ခုအဖြစ် ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

ထို့နောက် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ထုတ်ပြန်သောကြေညာချက်ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသိန်းဦးက ဖတ်ကြားပြီး နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များက ပေးပို့သော သဝဏ်လွှာများအား မှတ်တမ်းတင်သည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း နှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇော်ကြီး**

# တောင်နဝင်းပင်မတမံနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

**၂၀၁၈ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၉ခုနှစ် ဇန်နဝါရီလများအတွင်း ပေါက်ခေါင်းမြို့အနီးဝန်းကျင်တွင် အင်အားအနည်းငယ်နှင့် အင်အားအသင့်အတင့်ရှိသည့်ငလျင်များ လှုပ်ခတ်ခဲ့ခြင်းကြောင့် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်နဝင်းပင်မတမံ၏ ထိပ်မျက်နှာပြင်တွင် အလျားလိုက်နှင့် အပေါ်အောက်အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။**

ညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် နီးနီးကပ်ကပ်ပူးပေါင်း၍ တောင်နဝင်း ပင်မတမံ၏အခြေအနေ စဉ်ဆက်မပြတ်သတင်းရယူနိုင်ရေး၊ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများ၊ တမံအခြေအနေနှင့် ပတ်သက်ပြီး ပြည်သူလူထုသို့ အသိပေးဆောင်ရွက်ရန်နည်းလမ်းများ၊အကူအညီတောင်းခံနိုင်မည့် ဖုန်းနံပါတ်များ၊ အရေးပေါ်ခိုလှုံရန် နေရာများနှင့် သွားရောက်ရန်လမ်းကြောင်းများ၊ ရေကြီးရေလျှံမှုဖြစ်ပေါ်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအစီအမံများနှင့် ခိုလှုံရန်နေရာများတွင် အမိုးအကာနှင့် စားနပ်ရိက္ခာများပံ့ပိုးပေးနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်သည့်အားလျော်စွာ မြေပြင်တွင် လုပ်ငန်းများညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းအဖွဲ့ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပေါက်ခေါင်းမြို့နယ်သို့ စေလွှတ်ခဲ့သည်။ အဆိုပါ ကွင်းဆင်းအဖွဲ့အနေဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လတ်တလောဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် တောင်နဝင်း ရေလှောင်တမံနှင့် စပ်လျဉ်းသည့် သတင်းမှန်များကို အချိန်နှင့်တစ်ပြေးညီ ပြည်သူထံသို့ အရောက်ပေးပို့နိုင်ရန် ဆောင်ရွက်ခြင်း၊ ဘေးကင်းရာသို့ အချိန်မီ ရွှေ့ပြောင်းနိုင်ရန် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း၊ ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်၊ မသန်စွမ်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများကို အရေးပေါ်ရွှေ့ပြောင်းနိုင်ရေးအတွက် လိုအပ်သည့် ဖိုက်ဘာစက်တပ်ယာဉ်များ အဆင်သင့်ထားပေးခြင်း၊ အခြားသော အသက်ကယ် ပစ္စည်းများဖြစ်သည့် ကြိုးခွေများ၊ သက်ကယ်အင်္ကျီများ အရန်သင့်ထားရှိစေခြင်း၊ အရေးပေါ်အခြေအနေတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြမည့် တာဝန်ရှိသူများအား တရုတ်နိုင်ငံအခြေစိုက် Blue Sky Emergency Rescue Team နှင့်ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးသင်တန်းများ ပို့ချပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်နဝင်းပင်မတမံ မျက်နှာပြင်အက်ကွဲကြောင်း ဖြစ်ပေါ်ခြင်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လိုအပ်သည့်နည်းပညာဆိုင်ရာ စစ်ဆေးမှုများ၊ ပြင်ဆင်မွမ်းမံမှုများနှင့် နေ့ညမပြတ် စောင့်ကြည့်လေ့လာမှုများကို ဆောင်ရွက်လျက်ရှိသည်။


ကွင်းဆင်းစစ်ဆေးသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ တောင်နဝင်းတမံအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ထိုနည်းတူစွာ အဆိုပါတမံနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်လျော့ပါးစေရေး အတွက် ကြိုတင်ပြင်ဆင် ကာကွယ်ရေးလုပ်ငန်းများကိုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တာမွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များအား ဂုဏ်ပြုလွှာပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

၂၀၁၈ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ(ကြားဖြတ်)ကို အောင်မြင်စွာ ကျင်းပခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များအား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဂုဏ်ပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်မောင်၊ ခရိုင်ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာ ကျော်စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်မောင်က တာမွေမြို့နယ် ရွေးကောက်ပွဲကျင်းပရေး ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းတင်၊ ဦးဝင်းအောင်၊ ဦးအောင်စိုးနှင့် ဒေါ်ဥမ္မာမြင့်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။




ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ကျော်စိုးဝင်းနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက တာမွေ မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်မှ ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှချီးမြှင့်သည့် ဂုဏ်ပြုလွှာများကို ပေးအပ်ခဲ့သည်။(ဝဲပုံ)

**ဇော်မိုးသောက်**

# လွိုင်ကော်မြို့၌ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဆန္ဒပြအဖွဲ့မှ ခေါင်းဆောင်အချို့တို့ တွေ့ဆုံညှိနှိုင်းပြီး နှစ်ဖက်သဘောတူညီချက်များ ရရှိ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၂**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ယနေ့ မွန်းလွဲ ၁ နာရီခန့်မှစ၍ ကယားပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဆန္ဒပြအဖွဲ့မှ ခေါင်းဆောင်အချို့တို့ တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

နံနက်ပိုင်းက ဆန္ဒပြသူများသည်အဖွဲ့လေးဖွဲ့ခွဲ၍ ဗိုလ်ချုပ်ကြေးရုပ် စိုက်ထူထားရာ ကန္ဒာဟောဝန်ပန်းခြံသို့ ချီတက်လာကြရာ လွိုင်ကော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့်အဖွဲ့က ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပနေခြင်းကြောင့် စုဝေးခြင်း မပြုကြရန်၊ ငြိမ်းစုစီဥပဒေအရ ခွင့်ပြုထားခြင်း မရှိသောကြောင့် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် စသည်ဖြင့် ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း လက်မခံဘဲ ရဲတပ်ဖွဲ့၏ အတားအဆီးများကို ထိုးဖောက်တိုးဝင်ကြသဖြင့် ရဲတပ်ဖွဲ့က ရော်ဘာကျည်ဖြင့် ပစ်ခတ်ခြင်း၊ ရေပိုက်ဖြင့် လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

ထို့နောက် ဆန္ဒပြသူများသည် ကန္ဒာဟောဝန်ပန်းခြံရှေ့ စာတိုက်အဝိုင်းအနီးတွင် ထိုင်သပိတ်ဆောင်ရွက်ကြပြီး ကယားပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းလိုကြောင်း တောင်းဆိုမှုကြောင့် ယခုကဲ့သို့ တွေ့ဆုံညှိနှိုင်းမှု ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ညနေပိုင်းတွင် နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်များ ရရှိခဲ့ပြီး ဆန္ဒပြသူလူငယ်များအားလုံး တရားစွဲဆိုထားသည့် အမှုများအား ရုပ်သိမ်းရန်နှင့် ရှေ့ဆက်ဆန္ဒပြမှုများကို ရပ်ဆိုင်းထားရန်၊ ဗိုလ်ချုပ်ကြေးရုပ်နှင့် ပတ်သက်၍ ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီနှင့် ကန့်ကွက်သူ ကော်မတီအဖွဲ့တို့မှ မျှတသော ဦးရေဖြင့် တစ်လအတွင်း သီးခြားတိုင်ပင်ညှိနှိုင်းရန်၊ ညှိနှိုင်းသည့် နှစ်ဖွဲ့ အပြန်အလှန်ရရှိသည့် သဘောတူညီချက်များကိုသာ အစိုးရမှအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရန်၊ နှစ်ဖက်ရရှိသည့် သဘောတူညီချက်များတွင် ဗိုလ်ချုပ်မိန့်ခွန်း၊ ဗိုလ်ချုပ်ကတိကဝတ်၊ ပင်လုံစာချုပ်များသည် အထောက်အထား ပြည့်စုံမှန်ကန်ပါက အစိုးရမှကမွည်းရေးထိုးပေးရေး အကောင်အထည်ဖော်ပေးရန်၊ ယနေ့ညမှစ၍ ညှိနှိုင်းနေစဉ်တစ်လအတွင်း ပြည်နယ်ခန်းမမှအပ ကန္ဒာဟောဝန်ပန်းခြံ၌ ထောက်ခံပွဲနှင့် ကန့်ကွက်ပွဲများကျင်းပခွင့်မပြုရန်၊ ၎င်းတို့ရရှိထားသော သဘောတူညီချက်များကို အစိုးရမှတစ်လအတွင်း စတင်အကောင်အထည်ဖော်ပေးရန်၊ ပျက်ကွက်ပါက ဗိုလ်ချုပ်ကြေးရုပ်ကို အစိုးရမှတာဝန်ယူ၍ သက်ဆိုင်ရာပရဟိတရုံး သို့မဟုတ် သက်ဆိုင်ရာရုံးသို့ ပြန်လည်ရွှေ့ပြောင်းပေးရန်စသည်ဖြင့် ညှိနှိုင်းသဘောတူညီခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများ ကျင်းပ

**လွိုင်ကော်**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား သဝဏ်လွှာအား ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို က ဖတ်ကြားသည်။

ထို့နောက် ကန္ဒာဟောဝန်ပန်းခြံတွင် ကျင်းပသော ပြည်ထောင်စုနေ့ အထိမ်းအမှတ် လွန်ဆွဲ၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်၊ တာယာဂိုးသွင်း၊ ဘတ်စကက်ဘောဂိုးသွင်း၊ ဒိုက်ထိုး၊ အိပ်ထမတင်၊ ရပ်လျက်အလျားခုန်၊ ကြိုးခုန်နှင့် သံပုံးရိုက်ပြိုင်ပွဲ စသောအားကစားပြိုင်ပွဲ ပျော်ပွဲရွှင်ပွဲများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ရီရယ်(ဒီးမေ့ဆို)**

**မြဝတီ**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မြစန္ဒီကျောက်တိုင်ကွင်း၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုက ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုနေ့အကြို စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**ကောလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ဗိုလ်ချုပ်ပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သော ပြည်ထောင်စုနေ့ အထိမ်းအမှတ်သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက ဖတ်ကြားသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗိုလ်ချုပ် အောင်ဆန်း (၁၀၄)နှစ်မြောက်မွေးနေ့အထိမ်းအမှတ်ဓာတ်ပုံပြပွဲ၊ ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ်သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပူတာအို**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးဆောင်၍ အခမ်းအနားတက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့လာသော (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

**ဖုန်ကန်(ပူတာအို)**

## မြန်မာ့ရုပ်မြင်သံကြား

၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၄၅ - ပညာရေးစကားဝိုင်း "အင်္ဂလိပ်စာ သင်ကြားသင်ယူမှု မြှင့်တင်ရေးစကားဝိုင်း ဆွေးနွေးပွဲ"
- ၉း၄၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင်- အေးမြတ်သူ)
- ၁၀း၃၀ - "ညီငယ်မင်းသားလေးနှင့် ကျွန်တော်"
- ၁၅း၃၀ - "နတ်မောက်မြေမှ ထာဝရမညှိုးပန်း"

**ညပိုင်း**

- ၁၆း၃၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဝမ်းဝမ်းလေး"
- ၁၇း၀၅ - ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၉း၁၅ - "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း- ၁၉)
  "ပွေလီပြန်ပေး"(ပထမပိုင်း) (ထိုက်တန်လင်း၊ မိုးပြည့်ပြည့်မောင်၊ သဲနော်ဇာ) (ဒါရိုက်တာ-ဟိန်းဇော်)
- ၂၀း၀၀ - ပြည်တွင်းသတင်း
- ၂၀း၃၅ - "မြန်မာနိုင်ငံကလေးများနေ့ အသိပညာပေးအစီအစဉ်"
  - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၄၇) (ဇာတ်သိမ်း)
  - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်အငြိမ့်အစီအစဉ် "ကုမုဒြာအငြိမ့်" (မင်းသမီး-ဇင်မာခိုင်) (လူရွှင်တော်-မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အမျိုးသားဝန်ထမ်းများ)

# မန္တလေး- လားရှိုးအတက် ကားလမ်း၊ ဖောင်းတောကျေးရွာအနီး၌ တရားမဝင် ပိတောက်သစ်ခွဲသားများ ဖမ်းဆီးရမိ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၂**

ပြင်ဦးလွင်ခရိုင်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစိုးဝင်းနှင့်အဖွဲ့သည် ခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ပြင်စာ၏မြောက်ဘက် ၁၀ မိုင်ခန့်အကွာ ပြင်ဦးလွင်မြို့နယ် မြို့ရှောင်လမ်း၊ ဖောင်းတောကျေးရွာအနီး မိုင်တိုင်အမှတ်(၂/၀) အနီးတွင် တရားမဝင်သစ်ရှာဖွေဖမ်းဆီးခြင်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် မန္တလေး-လားရှိုးအတက်ကားလမ်း၊ ဖောင်းတောကျေးရွာအနီး၌ စဉ့်ကိုင်မြို့ကန်သာ အေးရပ်ကွက်နေ စိုးသူမောင်းနှင်လာသော ယာဉ်အမှတ် YGN-7E/ ----- ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် ပိတောက်သစ်ခွဲသားဆိုက်စုံ (၂၆) ချောင်း၊ (၀ ဒသမ ၇၄၇)တန်၊ ကာလတန်ဖိုး ကိုးသိန်းခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စိုးသူ၏ ထွက်ဆိုချက်အရယာဉ်နှင့် တရားမဝင်သစ်ပိုင်ရှင်မှာ အမရပူရမြို့နယ် စစ်ကိုင်းတံတားအနီးနေ ဦးကျော်ကြီးဖြစ်ကြောင်းနှင့်အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဖမ်းဆီးရမိသစ်များအား တိုင်းတာနေစဉ်။

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းလောင်းအခြေခံ(အထူး) သင်တန်းအမှတ်စဉ်(၉)၏ သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးခြင်းနှင့် ကုသခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ဖွင့်လှစ်လျက်ရှိသည့် အရာထမ်းလောင်း အခြေခံ(အထူး)သင်တန်းအမှတ်စဉ်(၉)တွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများအနက် ဦးစီးအရာရှိ (သွားကျန်းမာရေး) သင်တန်းသား၊ သင်တန်းသူ ၅၂ ဦးတို့သည် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ အပါအဝင် သင်တန်းတက်ရောက်လျက်ရှိသော သင်တန်းသား၊ သင်တန်းသူများ၊ တက္ကသိုလ်ပတ်ဝန်းကျင်ရှိ ကျေးရွာများဖြစ်သည့် ဖောင်ကြီးကျေးရွာ၊စံပြကျေးရွာနှင့် မင်းကုန်းကျေးရွာများရှိ သွားရောဂါကုသမည့်သူများအား သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးခြင်းနှင့် ကုသခြင်း အခမ်းအနားကို ယနေ့ (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗဟိုဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုးက အမှာစကားပြောကြားပြီး သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာရွှေတိုးနှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်စန္ဒာအောင်တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် သွားနှင့်ခံတွင်းကျန်းမာရေးပညာပေးဟောပြောခြင်းကို အရာထမ်းလောင်းအခြေခံ(အထူး)သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားဒေါက်တာ စောမင်းထိုက်ဦးနှင့် သင်တန်းသား ဒေါက်တာကျော်ဇင်သိန်းက ဟောပြောပြီး သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ မေးမြန်းမှုများကို ဖြေကြားကာ သွားနှင့်ခံတွင်းရောဂါ ကုသခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ သွားနှင့်ခံတွင်းကုသမှုခံယူသူ အရာထမ်း၊ အမှုထမ်းနှင့်မိသားစု ၁၃၄ ဦးနှင့် သင်တန်းသား၊ သင်တန်းသူ ၁၅၉ ဦး၊ သွားနှင့်ခံတွင်းကုသမှုခံယူသူ စုစုပေါင်း ၂၉၃ ဦး ရှိသည်။

အခမ်းအနားသို့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ ပါမောက္ခများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ သူနာပြုများ၊ သွားရောဂါကုသကြမည့် သင်တန်းသား၊ သင်တန်းသူများ၊ သန္ဓေမိသားစုဝင်များ တက်ရောက်ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

## နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း၏ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း (T T T I) ၏ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ( 1st Joint Workshop) ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လစဉ်ဆောင်ရွက်လျက်ရှိသည့် သတင်းထုတ်ပြန်ခြင်း အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လစဉ်ဆောင်ရွက်လျက်ရှိသည့် သတင်းထုတ်ပြန်ခြင်း (၂/ ၂၀၁၉) အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၇)၊ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ ပြပွဲဗဟိုကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်သို့ သွားရောက်လေ့လာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့များ၏ နေပြည်တော် လေ့လာရေးခရီးစဉ် (ပထမအကြိမ်)အဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)စာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့များမှ အဖွဲ့ဝင် ၅၀ နှင့် ရခိုင်ပြည်နယ် စာပေနှင့်ယဉ်ကျေးမှု အသင်း/အဖွဲ့များမှ အဖွဲ့ဝင် ၅၀ စုစုပေါင်း လူဦးရေ ၁၀၀ ပါဝင်မည့် လေ့လာရေးအဖွဲ့များသည် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၇ ရက် အထိ သွားရောက်မည်ဖြစ်သည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် နေပြည်တော်ရေပန်းဥယျာဉ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဗုဒ္ဓဂယာ၊ ကျောက်တော်ကြီးဘုရား၊ ဥပ္ပါတသန္တိစေတီတော်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(တပ်ကုန်း)၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားပြတိုက် (နေပြည်တော်)၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၊ ငလိုက်ဆည် ဆင်စခန်းနှင့် Junction Center တို့သို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

## ငပလီ၌ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် ရခိုင်ပြည်နယ် ငပလီကမ်းခြေရှိ Jusmine Ngapali Resort ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ရခိုင်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ဂျပန်ပြည်ပ ကုန်သွယ်မှုအဖွဲ့တို့ပူးပေါင်း၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်လူမော် စုစည်းသည်**

## ဂျပန်နိုင်ငံတက္ကသိုလ်ကျောင်းမှ ဂျူဒိုအားကစားသမားများ ပူးတွဲလေ့ကျင့်ရန်ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**




၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရန်နှင့် မြန်မာနိုင်ငံ ဂျူဒိုအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံချစ်ကြည်ရေးကို မြှင့်တင်ပေးရန်ရည်ရွယ်ကာ ဂျပန်နိုင်ငံ ဟိုခူရှင်းအဲစု တက္ကသိုလ်မှ ဂျူဒိုအားကစားသမားအဖွဲ့နှင့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများ ပူးတွဲလေ့ကျင့်ရန် ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အမှုဆောင်များ၊ မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများက ကြိုဆိုခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အသင်းအဖွဲ့ခေါင်းဆောင်နှင့် ဂျူဒိုကစားသမား စုစုပေါင်း ၁၄ ဦးတို့သည် ဖေဖော်ဝါရီ ၁၁ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက်ကလော့ အားကစားကွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ပူးတွဲလေ့ကျင့် သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - အေကေလင်း**

## အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ဒုတိယအဆင့်တွင် ရန်ကုန်အသင်း အဝေးကွင်း၌ ရှုံးနိမ့်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**၂၀၁၉ ရာသီ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို ယနေ့ညနေပိုင်းကကျင်းပရာ မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် ထိုင်းကလပ် ချင်းရိုင်ယူနိုက်တက်အသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ခြေစစ်ပွဲမအောင်ခဲ့ကြောင်း သိရသည်။**

ရန်ကုန်အသင်းသည် အဝေးကွင်းဆက်တိုက်ကစားရသည့်အပြင် ချင်းရိုင်ယူနိုက်တက်အသင်းမှာလည်း ခြေစွမ်းမြင့်မားသည့်အသင်းဖြစ်သောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်အသင်းသည် Play-off အဆင့်သို့ ပထမဆုံးတက်ရောက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အကြိုခြေစစ်ပွဲ ဒုတိယအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ရန်ကုန်အသင်းသည် အကြိုခြေစစ်ပွဲ ပထမအဆင့်တွင် ဆီရက်စ်ကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းမှ ကျော်ဇင်ဦးနေရာတွင် ကောင်းထက်စိုး တစ်ဦးတည်းကိုသာ ပြောင်းလဲခဲ့ပြီး ရန်အောင်ကျော်၊ ကျော်ဇင်ထက်၊ မောင်မောင်လွင်၊ ဆယ်လာတို့ဖြင့် လူစုံခဲ့သည်။ ပထမပိုင်းတွင် ချင်းရိုင်ယူနိုက်တက်အသင်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ရန်ကုန်အသင်းမှာလည်း ခံစစ်မကစားဘဲ အပြန်အလှန်တိုက်စစ်ဆင် ကစားခဲ့သည်။ ၁၂ မိနစ်တွင် လီယောင်ယဲက ချင်းရိုင်ယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုး စတင်သွင်းယူပြီး ၃၆ မိနစ်တွင် ပြည့်ဖြိုးဇော်က ထောင့်ကန်ဘောကို ခေါင်းတိုက်သွင်းပြီး ရန်ကုန်အသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ ရန်ကုန်အသင်းသည် ချေပဂိုးပြန်ရသော်လည်း ဂိုးချက်ချင်းပြန်ပေးလိုက်ရသောကြောင့် အခက်တွေ့ခဲ့ရခြင်းဖြစ်သည်။ ချင်းရိုင်ယူနိုက်တက်အတွက် ဒုတိယဂိုးကို ၃၉ မိနစ်တွင် ဆူရီရာက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း ဂိုးသွင်းခွင့်များ အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ ချင်းရိုင်ယူနိုက်တက်အတွက် တတိယဂိုးကို ၈၆ မိနစ်တွင် ဘောလ်က သွင်းယူခဲ့သည်။

ရန်ကုန်အသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစစ်ပွဲမအောင်ခဲ့သော်လည်း 2019 AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

◆ *ကျောဖုံးမှ*

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အမာခံကစားသမားအများစုကို အခြေခံကာ အရန်ကစားသမားအချို့နှင့် တွဲဖက်ပွဲထုတ်ခဲ့ပြီး ခြေအသာဖြင့်ကစားကာ ဂိုးဒါဇင်ဝက် သွင်းယူနိုင်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်း၏ ခြေစွမ်းမှာ အကောင်းဆုံးအနေအထားရှိနေပြီး တိုက်စစ်မှူး မြတ်နိုးခင်၏ ဟက်ထရစ်အပါအဝင် ဂိုးပြတ်အနိုင်ရခြင်းလည်း ဖြစ်သည်။

ယင်းခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကျင်းပပြီး တတိယပိုင်းတွင် ဂိုးသွင်းနိုင်ခြင်းမရှိသော်လည်း ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုး သွင်းယူခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို မြတ်နိုးခင်က သုံးဂိုး၊ ရွှေဇင်မင်း၊ ဂျူလိုင်ချာနှင့် ဆုပြည့်ပြည့်ကျော်တို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။ ယင်းခြေစမ်းပွဲကို မူလက ဘရစ္စဘိန်းရှိအာ စီနီယာအသင်းယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း လူငယ်အသင်းနှင့် ပြောင်းလဲကစားခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဒုတိယပွဲအဖြစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် မက်တီဒက်စ်လူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

✪ *ကျောဖုံးမှ*

MNL ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ရန်ကုန်၊ ရှမ်းယူနိုက်တက်၊ ဟံသာဝတီ၊ ဇွဲကပင်၊ ရတနာပုံ၊ မကွေး၊ ရခိုင်၊ Southern၊ ရေဝတီ၊ စစ်ကိုင်း၊ ဒဂုံနှင့် Chinland အသင်း၊ MNL-2 ပြိုင်ပွဲယှဉ်ပြိုင်နေသည့် ချင်းယူနိုက်တက်၊ မြဝတီ၊ အား/ကာ သိပ္ပံ၊ ကချင်ယူနိုက်တက်၊ မောရဝတီ၊ ရှိုင်ရယ်သန်လျင်၊ တက္ကသိုလ်နှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအဆင့်ပွဲစဉ်များကို မတ် ၁၂၊ ၁၃၊ ၁၄ ရက်၊ ဒုတိယအဆင့်ပွဲစဉ်များကို မေ ၁၊ ၈ ရက်၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၁၈၊ ၁၉ ရက်၊ ဆီမီးဖိုင်နယ်ပထမအကျော့ကို မေ ၂၅၊ ၂၆ ရက်၊ ဆီမီးဖိုင်နယ် ဒုတိယအကျော့ကို ဇွန် ၁၊ ၂ ရက်၊ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၅ ရာသီမှစတင်ကာ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့သည်။ ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်မှလွဲ၍ ကျန်နှစ်များတွင် နှစ်စဉ်ကျင်းပခဲ့ပြီး ၂၀၁၀ ရာသီတွင် ဉာဏ်ယူနိုက်တက် (ယခု ဟံသာဝတီ)၊ ၂၀၁၁ ရာသီတွင် ရန်ကုန်၊ ၂၀၁၂၊ ၂၀၁၄၊ ၂၀၁၅ ရာသီတွင် ရေဝတီ၊ ၂၀၁၆ ရာသီတွင် မကွေး၊ ၂၀၁၇ ရာသီတွင် ရှမ်းယူနိုက်တက်၊ ၂၀၁၈ ရာသီတွင် ရန်ကုန်အသင်းတို့ ဗိုလ်စွဲထားသည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ဂျူဗင်တပ်စ်အသင်းသည် လီဗာပူးအသင်းမှ အီဂျစ်တိုက်စစ်မှူး ဆာလာ (၂၆နှစ်) ကို ပေါင် ၁၇၅ သန်းဖြင့် ကမ်းလှမ်းရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- မန်ယူအသင်းသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဂျီ ကွင်းလယ်ကစားသမား ရာဘီရော့ (၂၃နှစ်) အား ခေါ်ယူရေးတွင် လီဗာပူး၊ အာဆင်နယ်၊ တော့တင်ဟမ်၊ ဘာစီလိုနာအသင်းတို့နှင့် အပြိုင်ပါဝင်လာခဲ့ကြောင်း မေရာတွင် ဖော်ပြထားသည်။
- ချယ်လ်ဆီးအသင်း၌ နည်းပြဆာရီ၏ ကံကြမ္မာအား လာမည့် ရက်သတ္တနှစ်ပတ်အတွင်း ဆုံးဖြတ်သွားဖွယ်ရှိကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။
- ဘာစီလိုနာအသင်းသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ဖရန့်ဖတ်အသင်းမှ ဆားဘီးယားတိုက်စစ်ကစားသမား လူကာဂျိုဗစ် (၂၁နှစ်) အား ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း စပိန်အခြေစိုက် သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- ဂျူဗင်တပ်စ်အသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား ဒိုင်ဘာလာ (၂၅နှစ်) သည် လာမည့် နွေရာသီတွင် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်လာပြီဖြစ်ကြောင်း စပိန်အခြေစိုက် သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- တော့တင်ဟမ်တိုက်စစ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဒါရင်ဘန့်သည် တော့တင်ဟမ်အသင်း၏ တောင်ကိုရီးယား တိုက်စစ်ကစားသမား ဆွန်ဟောင်မင် (၂၆ နှစ်) အနေဖြင့် လာမည့်အပြောင်းအရွှေ့ကာလတွင် အခြားသောအသင်းများ၏ ပစ်မှတ်တစ်ခုဖြစ်လာမည်ဟု ယုံကြည်နေကြောင်း ဗြိတိန်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- ဘာစီလိုနာအသင်းသည် ဖီနာဘာချီဗဟိုခံစစ်ကစားသမား မာတင်စကာတယ် (၃၄ နှစ်) ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူချင်ခဲ့ကြောင်း၊ လီဗာပူးကစားသမားဟောင်းက ပယ်ချခဲ့ကြောင်း စပိန်အခြေစိုက် သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- အာဆင်နယ်ကွင်းလယ်ကစားသမား ရမ်ဆေးသည် နွေရာသီတွင် ဂျူဗင်တပ်စ်အသင်းသို့ပြောင်းရွှေ့ရန် ဂျူဗင်တပ်စ်နှင့် အကြိုသဘောတူ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် (၂၈ နှစ်)အရွယ် အဆိုပါ ကစားသမား၏ စာချုပ်တွင် တစ်ပတ် ပေါင် လေးသိန်း ရရှိမည်ဖြစ်ပြီး ဂျူဗင်တပ်စ်အသင်းနှင့် လေးနှစ်စာချုပ်ရန် သဘောတူညီခဲ့တာဖြစ်ကြောင်းလည်း သိရသည်။
- ယမန်နေ့ညပိုင်းက ပရီမီယာလိဂ် ပွဲစဉ် ၂၆ ၏ လက်ကျန်ပွဲစဉ်အဖြစ် ဝုဖ်နှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့ကြောင်း သိရသည်။ ဘင်နီတက်ဇ်ကိုင်တွယ်လျက်ရှိနေသာ နယူးကာဆယ်သည် ၂၆ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၂၅ မှတ်ဖြင့် တန်းစီဇယား အဆင့် ၁၆ နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

**အောင်ဇော်**

# နောင်ချိုမြို့နယ်တွင် 9mm Thai Arms ကျည် အတောင့် ၅၀၀ နှင့် ပွိုင့် ၂၂ ကျည် အတောင့် ၁၄၅၀ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နောင်ချိုမြို့နယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက သက်သေများနှင့်အတူ အိုရီယမ်တယ်တိုးဂိတ်၌ ပိတ်ဆို့ရှာဖွေစစ်ဆေးနေစဉ် နောင်ချိုမြို့မှ သီပေါမြို့ဘက်သို့ ကရင်ပြည်နယ် ကော့ကရိတ်မြို့ (၁)ရပ်ကွက်နေ ဇေယျာမင်း(ခ) သားကြီး မောင်းနှင်လာသော မတ်တူးယာဉ်ကိုရှာဖွေစစ်ဆေးရာ 9mm Thai Arms ကျည် အတောင့် ၅၀၀ နှင့် စက္ကူဘူးဖြင့် ထည့်ထားသော ပွိုင့် ၂၂ ကျည် အတောင့် ၁၄၅၀ တို့ကို ရှာဖွေသိမ်းဆည်းရမိသည်။ **(ယာပုံ)**

**အမှုဖွင့်အရေးယူ**

၎င်းအားစစ်မေးရာ အဆိုပါကျည်များနှင့် ယာဉ်ကို ယောက်ဖဖြစ်သူ တစ်ရပ်ကွက်တည်းနေ လှိုင်ဦးက ရှမ်းပြည်နယ် မူဆယ်မြို့နယ် တုံခန်(အထက်) ကျေးရွာနေ လှမိုး(ခ)စိုင်းလှမိုးထံ ပို့ဆောင်ခ ငွေကျပ် ၂၂၀၀၀၀ ဖြင့် သီပေါမြို့အထိ ပို့ဆောင်ခိုင်း၍ မောင်းနှင်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် ဇေယျာမင်း(ခ)သားကြီးကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

**စစ်ဆေးလျက်ရှိ**

အဆိုပါအမှုမှ ပြစ်မှုကျူးလွန်သူ လှမိုး(ခ)စိုင်းလှမိုးနှင့် ကောင်းမှုလွယ်ရပ်ကွက်နေ စိုင်းဆိုင်ဖတို့နှစ်ဦးကို သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက သီပေါမြို့ အုတ်ကျင်းရပ်ကွက် မဟာမြတ်မုနိဘုရားကြီးဝင်းအတွင်းရှိ ငါးကန်အနီး၌ ဖမ်းဆီးရမိသဖြင့် နောင်ချိုမြို့မရဲစခန်းသို့ လွှဲပြောင်းအပ်နှံပြီး ၎င်းတို့နှစ်ဦးကို အမှုဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



# နယူးဒေလီမြို့ရှိ ဟိုတယ်မီးလောင်မှုတွင် မြန်မာလူမျိုးနှစ်ဦး သေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Karol Bangh အရပ်ရှိ Arpit Hotel တွင် ယနေ့ နံနက် ဒေသစံတော်ချိန် ၄ နာရီခွဲက မီးလောင်မှုဖြစ်ပွားစဉ်တွင် သေဆုံးသွားသည့် မြန်မာလူမျိုးနှစ်ဦး၏ ရုပ်အလောင်းအား မိသားစုဝင်များ၏ဆန္ဒအရ ပြန်လည်သယ်ယူခွင့်ရရှိရန် ကြိုးပမ်းနေကြောင်း သိရသည်။**




မီးလောင်မှုဖြစ်ပွားသည့် ဟိုတယ်ကို တွေ့ရစဉ်။

သေဆုံးသူများမှာ တိုက်ကြီးမြို့မှ ဒေါ်လှမေ (၆၆ နှစ်)နှင့် ဒေါ်မြမြထွေး (၄၄ နှစ်) တို့ဖြစ်ကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ အတည်ပြုပေးခဲ့ပြီး ယခုအခါ ကျန်ရစ်သူမိသားစုနှင့် ဆွေမျိုးများကို အကြောင်းကြားထားကြောင်း ယနေ့ သတင်းထုတ်ပြန်ထားသည်။

**မီးခိုးမွန်ပြီးသေဆုံး**

"ကျွန်မတို့အားလုံးလည်း စိတ်မကောင်းဖြစ်ရပါတယ်။ အိန္ဒိယက မြန်မာသံရုံးက အတည်ပြုပြီးပြီးချင်း တိုက်ကြီးမြို့ကိုသွားပြီး သေဆုံးသွားသူတွေရဲ့ မိသားစုတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒေလီမှာရှိတဲ့ ကျွန်မတို့အဖွဲ့တွေနဲ့ မိတ်ဆွေတွေရဲ့ ပြောကြားချက်အရ သူတို့နှစ်ဦးဟာ မီးခိုးတွေမွန်ပြီး သေဆုံးသွားရတယ်လို့ သိရပါတယ်။ အခုလို မတော်တဆမှုမှာ ပါသွားရတဲ့အတွက်လည်း ကျွန်မတို့ တတ်နိုင်သလောက် ကူညီပေးသွားဖို့ ရှိပါတယ်။ ထိခိုက်ဒဏ်ရာရရှိတဲ့ နောက်အမျိုးသမီးတစ်ဦးကိုလည်း တယ်လီဖုန်းနဲ့ ဆက်သွယ်အားပေးထားပါတယ်။ သူကတော့ ခုန်ချတဲ့အရှိန်နဲ့ လက်ကို ထိခိုက်သွားပါတယ်။ မြန်မာသံရုံးကလည်း ကျွန်မတို့အဖွဲ့တွေကို အားပေးပြီး အစစအရာရာ အကူအညီတွေ ပေးနေပါတယ်" ဟု ရွှေမိုဗုဒ္ဓဂယာ မြန်မာဘုရားဖူးအဖွဲ့ ခေါင်းဆောင် ဒေါ်နီနီဝင်းက ပြောသည်။

အဆိုပါဟိုတယ်သည် နယူးဒေလီမြို့တွင် နာမည်ရဟိုတယ်တစ်ခုဖြစ်ကြောင်း၊ အထပ်ငါးထပ်ရှိပြီး အပေါ်ဆုံးထပ်မှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကာ နံနက် ၇နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ တည်းခိုသူ ၆၀ ကျော်မှာ အခန်းပေါင်း ၃၅ ခန်းအတွင်း ရှိနေကြပြီး မီးငြိမ်းသွားချိန်တွင် သေဆုံးသူ ၁၇ ဦးရှိကာ လူ ၃၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူများတွင် အပေါ်ထပ်မှခုန်ချခဲ့သူနှစ်ဦး ပါဝင်ကြောင်း Newsindia ရုပ်သံလိုင်းတွင် ဖော်ပြထားသည်။

"သေဆုံးသူရဲ့ မိသားစုဝင်တွေ ဆန္ဒအရ အလောင်းကိုပြန်လည်သယ်ဆောင်ဖို့တော့ အကျိုးဆောင်ပေးနေပါတယ်" ဟု ဒေါ်နီနီဝင်းက ဆက်လက်ပြောကြားသည်။

**အကူအညီများ ပေးခဲ့**

အခင်းဖြစ်ပွားရာသို့ နယူးဒေလီမြို့ မြန်မာသံရုံး၊ ကောင်စစ်ရေးရာဌာနတာဝန်ခံ ပထမအတွင်းဝန် ဒေါ်မို့၊ ပထမအတွင်းဝန် ဒေါ်ခင်မာသီ၊ ဒုတိယအတွင်းဝန် ဦးကောင်းဖြိုးဝင့်နှင့် သံရုံးဝန်ထမ်းများ သွားရောက်၍ ဆေးရုံတက်လူနာနှင့် သေဆုံးသူဘုရားဖူးခရီးသည်များအတွက် လိုအပ်သည့်အကူအညီများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**အာမခံထားရှိခြင်းမရှိ**

အဆိုပါ ခရီးသွားအဖွဲ့သည် ခုနစ်ဦးပါဝင်ပြီး ကျန်ရှိသည့် မြန်မာနိုင်ငံသားလေးဦးမှာ Hotel Metro View တွင် တည်းခိုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသားများအတွက် သံရုံးဝန်ထမ်းများ၊ မြန်မာဘုန်းကြီးကျောင်းများက အကူအညီများပေးအပ်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် မီးလောင်မှုကြောင့် သေဆုံးသွားသူများမှာ နိုင်ငံတကာခရီးသွား အာမခံထားရှိခြင်း မရှိကြောင်းလည်း သိရသည်။

**ခင်ရတနာ**

**ဓာတ်ပုံ - Newsindia channel**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးလောင်မှုဖြစ်

**မင်္ဂလာတောင်ညွန့် ဖေဖော်ဝါရီ ၁၂**

မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၆ လမ်း အမှတ်၃၃/၃လွှာ/ယာနေ ဒေါ်ခင်စောငြိမ်းအခန်း၌ ယနေ့မွန်းတည့် ၁၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဲကွန်းမီးဖြတ်စက် အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ခြင်းဖြစ်ပြီး မီးလောင်ရာသို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမိုးညီညီနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်များက အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးသတ်ယာဉ် ၁၀ စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်က မီးငြိမ်းသွားကြောင်း မြို့မရဲစခန်းမှ သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ညောင်ရွှေ၌ ဆေးလိပ်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၂**

ညောင်ရွှေမြို့နန္ဒဝန်ရပ်(၆)ကွက် စိုက်ဘဏ်လမ်းနှင့် ခရေ(၁)လမ်းထောင့်ရှိ ဦးမျိုးသိန်း ပိုင်ဆိုင်ပြီး ဒေါ်မြင့်မြင့်အေးနှင့် ဦးစိုးမိုးတို့ ငှားရမ်းနေထိုင်သည့် နေအိမ်တွင် ဖေဖော်ဝါရီ ၁၂ ရက်က ဆေးလိပ်မှတစ်ဆင့် မီးလောင်မှုဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါအိမ်၌ငှားရမ်းနေထိုင်ကြသော ဒေါ်မြင့်မြင့်အေးနှင့် အတူနေထိုင်သည့် ဖခင်ဖြစ်သူ ဦးမြင့်ဦး အသက်(၈၁ နှစ်) စိတ်ကျန်းမာရေးချို့တဲ့နေသူက ဆေးလိပ်သောက်ရာမှတစ်ဆင့် အိပ်ရာပေါ်ရှိ မွေ့ရာပေါ်သို့ မီးပွားကျရောက်ကာ စတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သန်းဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဖြိုးမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံများ စုစုပေါင်း ၁၅၀ ခန့်တို့နှင့် ညောင်ရွှေ၊ ရွှေညောင်၊ အေးသာယာ၊ တောင်ကြီးမြို့တို့မှရောက်ရှိလာသော မီးသတ်ယာဉ် ခုနစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် အလျား ၂၅ ပေ၊ အနံ ၉ပေ ၃၀ အုပ်ညှပ်သွပ်မိုး ပျဉ်ခင်းနှစ်ထပ် နေအိမ်နှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ(ညောင်ရွှေ)**

# ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံး လက်အောက်ရှိ EMS စာတိုက်လုပ်ငန်းစုနှင့် မြန်မာ့စာတိုက်လုပ်ငန်းစုတို့တွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး စာတိုက်လုပ်ငန်းစု၌ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ်သန်းပေါင်း တစ်ထောင်ခန့်ကို ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁၁ ရက်က မြန်မာ့စာတိုက်လုပ်ငန်းစု၌ ဂျာမနီနိုင်ငံမှပေးပို့လာသော ပါဆယ် အမှတ် ARP-252 ကို ပစ္စည်းပိုင်ရှင် ကျော်ဇေယျက လာရောက်ထုတ်ယူရာ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ကျ အကောက်ခွန်အရာရှိနှင့်အတူ စာတိုက်ဝန်ထမ်းတို့က မျက်မြင်ဖွင့်ဖောက်စစ်ဆေးစဉ် ပါဆယ်ထုပ်အတွင်းမှ မသင်္ကာဖွယ်ရာ ဆေးထုပ်ငါးထုပ်ကို တာဝန်ကျအကောက်ခွန်အရာရှိက တွေ့ရှိခဲ့သဖြင့် စက်ဖြင့်စစ်ဆေးရာ "MDMA" ဟု စစ်ဆေး တွေ့ရှိရသည်။ ယင်းနောက် ကျောက်တံတားရဲစခန်းနှင့် မူးယစ်တပ်စု-၄၂ သို့ အကြောင်းကြား၍ ထပ်မံစစ်ဆေးခဲ့ရာ "MDMA" (Ecstasy)ဟု ယူဆရသော ပန်းရောင်ဆေးပြားများဖြစ်ကြောင်း အတည်ပြု၍ တာဝန်ကျအကောက်ခွန်အရာရှိက အမှုတွဲဖွင့်လှစ်ခဲ့သည်။ အဆိုပါ "MDMA" (Ecstasy) ဟု ယူဆရသော ပန်းရောင်ဆေးပြား ငါးထုပ် အလေးချိန် (8.75) kg ၊ ခန့်မှန်းတန်ဖိုးငွေကျပ် သန်းပေါင်းတစ်ထောင်ခန့်နှင့် ပစ္စည်းပိုင်ရှင် ကျော်ဇေယျတို့ကို မူးယစ်တပ်စု-၄၂ နှင့် ကျောက်တံတားရဲစခန်းသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**အကောက်ခွန်ဦးစီး**

# မင်းလှမြို့နယ်၌ တရားမဝင်လာရောက်သူ ၁၂ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

မင်းလှမြို့နယ် ပရဆိုင်ကျေးရွာ အနောက်မြောက်ဘက် ငါးမိုင်ခန့်အကွာတွင် ယမန်နေ့က တရားမဝင် ဝင်ရောက်လာသည့် မသင်္ကာဖွယ်ရာလူ ၁၂ ဦးကို ဖမ်းဆီးရမိပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မင်းလှမြို့နယ်အတွင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ယမန်နေ့ညနေ ၆ နာရီ ခွဲခန့်က ပရဆိုင်ကျေးရွာ အနောက်မြောက်ဘက် ငါးမိုင်ခန့်အကွာ ဝါးရုံတောအတွင်း၌ မသင်္ကာဖွယ် လူစိမ်းများ ရောက်ရှိနေကြောင်း သတင်းအရရှာဖွေရာ နိုဘီဟူဆွန်း(၃၅ နှစ်) (ဖ)ဂူလာဟူ ဆွန်းတောင်ထောင်ဟာယာကျေးရွာ ကျောက်တော်မြို့နယ် နေသူပါ အမျိုးသား ၁၂ ဦးကို ဖမ်းဆီးရမိပြီး တရားမဝင် ဝင်ရောက်လာသူ ၁၂ ဦးကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ စစ်ဆေး၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

**သတင်းစဉ်**

# ထိုင်းတော်ဝင်မင်းသမီး၏ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မှု ပယ်ချခံရ

**ဗန်ကောက် ဖေဖော်ဝါရီ ၁၂**

လာမည့်ထိုင်းဝန်ကြီးချုပ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ထိုင်းတော်ဝင်မင်းသမီး အူဘိုလ်ရာတာနာမဟီဒေါ၏ အမည်စာရင်းကို ထိုင်းရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ချက်နှင့် မကိုက်ညီဟုဆိုကာ ပယ်ချလိုက်သည်။

ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ အစ်မတော်ဖြစ်သူ အူဘိုလ်ရာတာနာသည် ရာထူးမှ ဖယ်ရှားခံခဲ့ရသည့် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်တရာနှင့် မဟာမိတ်ပြုလုပ်ထားသည့် နိုင်ငံရေးပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ရန် ထိုင်းရွေးကောက်ပွဲကော်မရှင်ကို အမည်စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။

ထိုင်းတော်ဝင်မိသားစုသည် ထိုင်းနိုင်ငံရေးတွင် အထက်စီးမှ ရှိနေသောကြောင့် ထိုင်းရာခ်ကာချာ့တ်ပါတီက တင်သွင်းခဲ့သည့် တော်ဝင်မင်းသမီး အူဘိုလ်ရာတာနာ၏ ကိုယ်စားလှယ်လောင်းလျှောက်လွှာကို ပယ်ချခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

အသက် ၆၇ နှစ်အရွယ် မင်းသမီး အူဘိုလ်ရာတာနာသည် လာမည့် မတ်လ ၂၄ ရက်နေ့တွင်ပြုလုပ်မည့် ရွေးကောက်ပွဲတွင် ထိုင်းရာခ်ကာချာ့တ်ပါတီ၏ ဝန်ကြီးချုပ် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခဲ့ပြီးနောက် အဆိုပါလုပ်ရပ်သည် မသင့်လျော်ဟုဆိုကာ ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ ကြေညာချက်ထွက်ပေါ်လာခဲ့ပြီး ရွေးကောက်ပွဲကော်မရှင်က ယခုလို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

မင်းသမီး၏ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ချက်သည် ထိုင်းအစဉ်အလာကို ဆန့်ကျင်နေပြီး မသင့်လျော်ကြောင်း ထိုင်းဘုရင်၏ ကြေညာချက်ထွက်လာပြီးနောက် မင်းသမီး အူဘိုလ်ရာတာနာ၏ နိုင်ငံရေးမျှော်လင့်ချက် မှေးမှိန်သွားခဲ့ခြင်းဖြစ်သည်။

ထိုင်းရာခ်ကာချာ့တ်ပါတီကလည်း ဘုရင့်သစ္စာခံကြောင်း စနေနေ့က ထုတ်ပြန်လိုက်ပြီး တော်ဝင်အမိန့်ကို လိုက်နာသွားမည်ဟု တုံ့ပြန်ပြောကြားလိုက်သည်။

ထိုင်းဘုရင်အကြောင်းနှင့် နိုင်ငံရေးအစီအစဉ်များကို ထည့်သွင်းပြောကြားခြင်းမပြုဘဲ ၎င်းကိုထောက်ခံသူများအား ကျေးဇူးတင်ကြောင်း လွန်ခဲ့သော ရက်အနည်းငယ်က သူ၏ အင်စတာဂရမ်တွင် ရေးသားဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

# ဆီးရီးယားအရှေ့ခြမ်းရှိ အိုင်အက်စ်စစ်သွေးကြွများကို ထိန်းချုပ်ရန် အက်စ်ဒီအက်ဖ်အဖွဲ့များ စစ်ဆင်နွှဲ

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၂**

ဆီးရီးယားနိုင်ငံအရှေ့ခြမ်းရှိ အိုင်အက်စ်စစ်သွေးကြွများ ထိန်းချုပ်ထားသည့် နောက်ဆုံးခြေကုပ်နေရာကို ရှင်းလင်းရေးကြိုးစားရာတွင် အမေရိကန်ထောက်ခံပေးထားသည့် ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့ (အက်စ်ဒီအက်ဖ်) သည် အိုင်အက်စ်စစ်သွေးကြွများနှင့် အပြင်းအထန်တိုက်ပွဲဖြစ်ပွားနေကြောင်း သိရသည်။

အက်စ်ဒီအက်ဖ် တပ်ဖွဲ့များသည် အိုင်အက်စ်စစ်သွေးကြွများ နောက်ဆုံးထိန်းချုပ်ထားသည့် ကျေးရွာကို ရှင်းလင်းရန် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း အဆိုပါတပ်ဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ် မူစတာဖာဘာလီက လူမှုကွန်ရက်မှတစ်ဆင့် ပြောကြားလိုက်သည်။

အက်စ်ဒီအက်ဖ်တပ်ဖွဲ့များဘက်က စတင်တိုက်ခိုက်နေပြီး တိုက်ပွဲကြီးကြီးမားမားရှိနေကြောင်း အက်စ်ဒီအက်ဖ်တပ်ဖွဲ့တပ်မှူးတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။ လတ်တလောတွင် အီရတ်နယ်စပ်နှင့် ကပ်နေသည့် ဘာဂုဇ်ဒေသတွင် တိုက်ပွဲဖြစ်နေကြောင်း သိရသည်။

အဆိုပါဒေသတွင် တိုက်ပွဲအတွေ့အကြုံ ကောင်းကောင်းရှိသည့် အိုင်အက်စ် တိုက်ခိုက်ရေးသမား သုံးထောင်ခန့်ရှိမည်ဟု အက်စ်ဒီအက်ဖ်တာဝန်ရှိသူများနှင့် ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ခန့်မှန်းထားကြောင်း သိရသည်။ အများစုမှာ နိုင်ငံခြားသားများဖြစ်ကြောင်း သိရသည်။

ဆီးရီးယားအရှေ့ခြမ်းရှိ အိုင်အက်စ်တို့ကို ထိန်းချုပ်နိုင်ရေးအတွက် ကာ့ဒ်တပ်ဖွဲ့ ပြည်သူ့စစ်တွေနှင့်အတူ အက်စ်ဒီအက်ဖ်တပ်ဖွဲ့က စစ်ပြင်နေသောကြောင့် ဆီးရီးယားအရပ်သားနှင့် နိုင်ငံခြားသား နှစ်သောင်းကျော်သည် အဆိုပါဒေသမှ လွန်ခဲ့သည့် သီတင်းပတ်တွင် ထွက်ပြေးခဲ့ရကြောင်း ဒေသတွင်း သတင်းရင်းမြစ်များအရ သိရသည်။

**အေအက်ဖ်ပီ**



အဲလိဇဘက်ဘုရင်မကြီးနှင့် ကြင်ယာတော်မင်းသားကြီး ဖိလစ်

# မင်းသားဖိလစ် ယာဉ်မောင်းလိုင်စင်စွန့်လွှတ်ကာ မီဒီယာကိုတောင်းပန်

လန်ဒန် ဖေဖော်ဝါရီ ၁၂

**ဒုတိယ အဲလိဇဘက်ဘုရင်မကြီး၏ ကြင်ယာတော် မင်းသားကြီးဖိလစ်ကားတိုက်မှုဖြစ်ပွားပြီးနောက် မီဒီယာများက ၎င်းကို ပြင်းပြင်းထန်ထန် ဝေဖန်မှုများပြုလုပ်ခဲ့သည့်အပေါ် ချက်ချင်းတောင်းပန်မှုများ ပြုလုပ်လိုက်သလို နောက်နောင်မည်သည့်အခါမှ ကားမမောင်းတော့ဟုဆိုကာ ယာဉ်မောင်းလိုင်စင်ပါ စွန့်လွှတ်လိုက်ကြောင်း သိရသည်။**

ဖိလစ်သည် ကားတိုက်မှုဖြစ်ပြီးနောက် လွန်ခဲ့သည့် နှစ်ရက်က ယာဉ်မောင်းလိုင်စင်ကို စွန့်လွှတ်လိုက်ခြင်း ဖြစ်သည်။

အသက် ၉၇ နှစ်ရှိပြီဖြစ်သည့် ဖိလစ်သည် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပြီးနောက် သတင်းမီဒီယာများ၏ အာရုံစိုက်ခြင်းကို ခံခဲ့ရကြောင်းလည်း သိရသည်။

လွန်ခဲ့သည့်လက ၎င်း၏ လင့်ဒ်ရိုဗာ ကားမှောက်ပြီးနောက် ၎င်း၏ လိုင်စင်ကို စွန့်လွှတ်ရန် မင်းသားဖိလစ်ကိုယ်တိုင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဘက်ကင်ဟမ်နန်းတော်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

မင်းသားဖိလစ်၏ကားသည် လွန်ခဲ့သည့်လက ကီယာကားသေးလေးတစ်စီးနှင့် မတော်တဆတိုက်မိသွားပြီးနောက် ၎င်းသည် ထိတ်လန့်တကြားဖြစ်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ကြောင်း မျက်မြင်သက်သေတစ်ယောက်က ပြောကြားသည်။

သို့သော် ကီယာကားသေးထဲတွင် လိုက်ပါမောင်းနှင်လာသူအမျိုးသမီးမှာ လက်ကောက်ဝတ်ကျိုးသွားကြောင်းနှင့် နောက်တစ်ဦးမှာ အနည်းငယ်ပွန်းပဲ့ဒဏ်ရာရရှိခဲ့ ကြောင်း၊ သို့သော်လည်း ကီယာကားနောက်ခန်းရှိ ကိုးလသား ကလေးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အတွက် မင်းသားဖိလစ်ကို အာရုံစိုက်အပြစ်တင်နေသော မီဒီယာအသိုင်းအဝိုင်းကိုလည်း ၎င်းက တောင်းပန်လိုက်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ရေလွှမ်းမိုးမှုကြောင့် နစ်နာဆုံးရှုံးနိုင်မှုများ ရှိနိုင်ကြောင်း ဩစတြေးလျ ကျွဲနွားမွေးမြူရေးကုမ္ပဏီ သတိပေး

**ဘရစ္စဘိန်း ဖေဖော်ဝါရီ ၁၂**

ဩစတြေးလျ၌ စံချိန်တင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီးနောက် ဩစတြေးလျ၏ အကြီးဆုံးကျွဲနွားမွေးမြူရေးကုမ္ပဏီက အကြီးအကျယ် နစ်နာဆုံးရှုံးမှုများရှိနိုင်ကြောင်း သတိပေးခဲ့သည်။

မွေးမြူထုတ်လုပ်သူများ၏ ပြောပြချက်အရ ကျယ်ပြောသည့် ဩစတြေးလျအရှေ့မြောက်ဒေသ၌ ကျွဲနွားကောင်ရေ ၃၀၀၀၀၀ ကျော် ရေနစ်သေဆုံးမှုနှင့် ပျောက်ဆုံးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ငါးနှစ်ကြာအောင် မိုးခေါင်ရေရှားမှုဖြစ်ပွားခဲ့ပြီးနောက်တွင် ရက်သတ္တပတ်နှစ်ပတ်နီးပါးကြာအောင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုက ဖုန်ထူ၍ အလွန်ပူပြင်းခြောက်သွေ့သည့် ကွင်းစလန်းဒေသကို ရွံ့နွံများ ထူထပ်သွားစေခဲ့ရာ နွံထဲ၌ ရုန်းကန်ရသည့် ကျွဲနွားများကို ချည့်နဲ့စေခဲ့သည်။

ဒေသအတွင်း၌ စံချိန်တင်မိုးရွာသွန်းခဲ့ပြီးနောက် ကုမ္ပဏီက ပိုင်ဆိုင်သည့် မွေးမြူရေးခြံများအနက် လေးခုတို့တွင် ဆိုးဆိုးရွားရွား ထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ခဲ့ရကြောင်း ဩစတြေးလျ မွေးမြူရေးကုမ္ပဏီ (AACo)က ပြောကြားခဲ့သည်။ ကျွဲနွားများ ဆုံးရှုံးရမှုကြောင့် ကုမ္ပဏီ၏ဝင်ငွေကို ထိခိုက်လာနိုင်ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

ဩစတြေးလျမိုးလေဝသ ဗျူရိုအဖွဲ့က ကွင်းစလန်း၏ အရှည်ဆုံးမြစ်၌ နှစ် ၅၀ အတွင်း အသိသာဆုံးရေလွှမ်းမိုးမှု ဖြစ်ပွားနေကြောင်း အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဆီးရီးယားအရှေ့ပိုင်း၌ အမေရိကန်ဦးဆောင်သည့် တိုက်ခိုက်မှုကြောင့် အရပ်သား ၇၀သေဆုံး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၂**

ဆီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် အင်္ဂါနေ့က အမေရိကန်ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၇၀ သေဆုံးခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်။

### ဒုက္ခသည်စခန်းကို ပစ်မှတ်ထား

လေကြောင်းတိုက်ခိုက်မှုသည် ဒါအယ်လ်ဇွာ အရှေ့ပိုင်းအစွန်အဖျားရှိ အိုးအိမ်မဲ့ပြည်သူများအတွက် ပြုလုပ်ထားသည့် ဒုက္ခသည်စခန်းတစ်ခုကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မကြာသေးမီက ယူဖရေးမြစ်အရှေ့ပိုင်းဒေသရှိ အိုင်အက်စ်စစ်သွေးကြွများ ထိန်းချုပ်ထားသည့် ဧရိယာများတွင် လေကြောင်းတိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။

### ထိုးစစ်ဆင်

ဒါအယ်လ်ဇွာ အရှေ့ပိုင်းအစွန်အဖျားရှိ Baghouz မြို့မှ အရပ်သားပြည်သူ ၂၀၀၀၀ ကျော်ကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ပြီးနောက်တွင် ဆီးရီးယားကာကွယ်ရေးတပ်ဖွဲ့က လက်ကျန်အိုင်အက်စ်ထိန်းချုပ်နေရာများကို စနေနေ့ညက ထိုးစစ်ဆင်မှုများ စတင်ခဲ့သည်။

**ဆင်ဟွာ**

# သင်းခွေချပ်တန်ချိန် ၃၀ ဖမ်းဆီးရရှိကာ မလေးရှားစံချိန်တင်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၂

**တရုတ်နိုင်ငံနှင့် ဗီယက်နမ်အပါအဝင် နိုင်ငံအများအပြားတို့တွင် သင်းခွေချပ်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို တိုင်းရင်းဆေးဝါးများ ဖော်စပ်ထုတ်လုပ်ရန်အတွက် စျေးကြီးပေး၍ ဝယ်နေယူမှုများရှိနေချိန်တွင် မလေးရှားအာဏာပိုင်များသည် သင်းခွေချပ်များနှင့် အမေရိကန်ဒေါ်လာ နှစ်သန်းခန့်တန်ဖိုးရှိသည့် သင်းခွေချပ်အကြေးခွံ စုစုပေါင်း တန်ချိန် ၃၀ ခန့်ကို စီးနင်းရှာဖွေမှုများအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း မလေးရှားရဲတပ်ဖွဲ့နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူများက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။**

ရဲတပ်ဖွဲ့၏ပြောပြချက်အရ ရှာဖွေဖမ်းဆီးမှုတွင် အအေးခန်းသုံးခုအတွင်း သင်းခွေချပ်များ အပြည့်ထည့်ထားသည့် သေတ္တာပေါင်း ၁၈၀၀ ခန့်၊ အအေးခန်းခြောက်ခုအတွင်း၌ ထည့်ထားသည့် သေဆုံးပြီးသင်းခွေချပ် ၅၇၂ ကောင်၊ လှောင်အိမ်အတွင်း၌ သင်းခွေချပ်အရှင် ၆၁ ကောင်နှင့် သင်းခွေချပ်အကြေးခွံ ၃၆၁ ကီလိုဂရမ်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံများသည် ပိုင်နက်ကျူးကျော်ကာ သားရဲတိရစ္ဆာန်များအား ခိုးဖမ်းမှုနှင့် သင်းခွေချပ်များအား မှောင်ခိုရောင်းဝယ်မှုကို တိုက်ဖျက်မှုများ လုပ်ဆောင်လျက်ရှိသည်။ သင်းခွေချပ်များသည် ကမ္ဘာပေါ်၌ တရားမဝင်ဖမ်းဆီးရောင်းချမှု အများဆုံး နို့တိုက်သတ္တဝါဖြစ်လျက်ရှိသည်။ ဆာဘာပြည်နယ်ရှိ တောရိုင်းတိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး အာဏာပိုင်များသည် ပြီးခဲ့သည့် ကြာသပတေးနေ့က ကုန်လှောင်ရုံ တစ်ခုနှင့် စက်ရုံတစ်ရုံကို စီးနင်းရှာဖွေမှုပြုလုပ်ခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့အကြီးအကဲ အိုမာ မာမတ်ကပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့က စက်ရုံကိုကြီးကြပ်နေသည့် သံသယရှိသူ အမျိုးသားတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်းသိရသည်။

**အေအက်ဖ်ပီ**



သင်းခွေချပ်တစ်ကောင်ကို တွေ့ရစဉ်။

**နိုင်ငံတကာ သတင်းတိုထွာ**

## ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး မြောက်ကိုရီးယားသွားမည်

**ဟနွိုင်း ဖေဖော်ဝါရီ ၁၂**
ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးမှု မပြုမီ မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူလည်းဖြစ် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်နေသူလည်း ဖြစ်သည့် ဖန်ဘင်မင်သည် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သော်လည်း အသေးစိတ်အချက်များကို ထုတ်ပြန်ဖော်ပြခြင်း မရှိသေးကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တွင် စီစဉ်ထားရှိသော အစည်းအဝေးအတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ လုံခြုံရေးနှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်နိုင်ခြေရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ ဆယ်စုနှစ်ပေါင်းများစွာ ရင်းနှီးကျွမ်းဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့အပြင် မြောက်ကိုရီးယားတပ်ဖွဲ့များသည် ဗီယက်နမ်စစ်ပွဲကာလအတွင်း ဆိုရှယ်လစ်တပ်ဖွဲ့များအနေဖြင့် ပါဝင်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် လက်ရှိတွင် ဆိုရှယ်လစ်ဝါဒကို ကိုင်စွဲထားသလို တစ်ဖက်ကလည်း စီးပွားရေးဈေးကွက်များတွင် လမ်းဖွင့်ပေးထားသည်။

**အင်န်အိတ်ချ်ကေ**

## အီးယူမှ ဗြိတိန်ထွက်ခွာရေးအတွက် အချိန်ပိုပေးရန် လွှတ်တော်အဖွဲ့ဝင်များကို ဝန်ကြီးချုပ် ထရီဆာမေ တောင်းဆို

**လန်ဒန် ဖေဖော်ဝါရီ ၁၂**
ဝန်ကြီးချုပ် ထရီဆာမေသည် အီးယူမှ ဗြိတိန်ထွက်ခွာရေးအတွက် အချိန်ပိုပေးရန် လွှတ်တော်အဖွဲ့ဝင်များကို တောင်းဆိုလိုက်ကြောင်း သိရသည်။ အတိုက်အခံဘက်က ထရီဆာမေ၏ အီးယူမှ ဗြိတိန်ထွက်ခွာရေးသည် လမ်းဆုံးနေပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

အီးယူခေါင်းဆောင်များက အီးယူမှ ဗြိတိန် ထွက်ခွာရေးနှင့်ပတ်သက်ပြီး ပြန်လည်ဆွေးနွေးမှု မလုပ်လိုကြောင်း ပြောကြားခဲ့သည်။

အီးယူမှ ဗြိတိန်ထွက်ခွာရေး သဘောတူညီသည်ဖြစ်စေ မတူညီသည်ဖြစ်စေ ဗြိတိန်သည် အီးယူမှ မတ်လ ၂၉ ရက်နေ့တွင် ထွက်ခွာရမည်ဖြစ်ပြီး သဘောတူညှိနှိုင်း၍မရပါက ဗြိတိန်၏ အခြေအနေသည် ကစဉ့်ကလျားဖြစ်နိုင်ကြောင်း သိရသည်။

အီးယူမှ ဗြိတိန်ထွက်ခွာရေး ဆွေးနွေးညှိနှိုင်းမှုသည် အရေးကြီးသော အဆင့်သို့ ရောက်နေပြီဖြစ်ကြောင်းနှင့် မိမိတို့အားလုံး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းကြဖို့လိုကြောင်း ထရီဆာမေက ရှေ့နေများကို တိုက်တွန်းထားသည်။ ထို့အတူ အီးယူနှင့် နောက်ထပ်ဆွေးနွေးမှုလုပ်ရန် သဘောတူညီမှုရရှိခဲ့ပြီဆိုပါက မိမိတို့သည် ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်ကို အကောင်းဆုံး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထရီဆာမေက ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# နိုင်ငံရေးမှာ အားပြိုင်မှုတွေ ပြင်းထန်နေတဲ့ ဗင်နီဇွဲလား

**● ထွန်းသစ်စ ●**

**ဆူပူအုံကြွမှုတွေနဲ့အတူ ဘေးဒုက္ခအကျပ်အတည်းခံစားနေရတဲ့ နိုင်ငံထဲကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများ ဝင်ရောက်မလာအောင် တားမြစ်ထားတဲ့ တပ်ဖွဲ့ဝင်တွေကို သတိပေးတဲ့အနေနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများအရေးပေါ်လိုအပ်နေတဲ့လူတွေအတွက် စုဆောင်းထောက်ပံ့ရေးစင်တာတစ်ခု ပြုလုပ်ပေးဖို့ရှိနေတယ်လို့ ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ဖေဖော်ဝါရီ ၁၁ ရက်မှာ ကြေညာလိုက်ပါတယ်။ လတ်တလောမှာ ဗင်နီဇွဲလားနိုင်ငံရေးဟာ မတည်ငြိမ်သေးသလို ဘယ်အချိန်ပေါက်ကွဲထွက်သွားမလဲဆိုတာ စောင့်ကြည့်နေရတဲ့ ချိန်ကိုက်ဗုံးကြီးတစ်လုံးလိုပါပဲ။**



လူသားချင်းဆိုင်ရာ စာနာထောက်ပံ့မှုများ ဗင်နီဇွဲလားပြည်သူတွေရရှိရေး ဆက်လက်တိုက်ပွဲဝင်နေတဲ့ ကြားဖြတ်သမ္မတ ဂျူအန်ဂွိုက်ဒို

### ဆက်လက်တောင်းဆိုမယ်

အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို အခုတော့ ဗင်နီဇွဲလားကြားဖြတ်သမ္မတအဖြစ် နိုင်ငံပေါင်း ၅၀ ကျော်က အသိအမှတ်ပြုထားပါတယ်။ ပြည်သူကို ဦးဆောင်နေတဲ့ ဂျူအန်ဂွိုက်ဒိုဟာ ဖေဖော်ဝါရီ ၁၂ ရက်မှာ လက်ရှိ သမ္မတမာဒူရိုကို ဖိအားပေးပြီး အထောက်အပံ့ပစ္စည်းတွေကို ပိတ်ဆို့ထားတဲ့ တပ်ဖွဲ့ဝင်တွေကို ခွင့်ပြုပေးဖို့လည်း ဆက်လက်တောင်းဆိုမယ်လို့ သိရပါတယ်။

ဗင်နီဇွဲလားနိုင်ငံဟာ စီးပွားရေးဆိုင်ရာ ယိုယွင်းပျက်စီးနေတဲ့ အခြေအနေရှိပြီးတော့ ငွေကြေးဖောင်းပွခြင်း၊ စီးပွားရေးကျဆင်းခြင်း၊ အခြေခံ လိုအပ်ချက်တွေဖြစ်တဲ့ အစားအစာနဲ့ ဆေးဝါးတွေ ပြတ်လပ်ခြင်းစတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကုလသမဂ္ဂကတော့ စီးပွားရေးကပ်ဆိုက်နေတဲ့ ဗင်နီဇွဲလားနိုင်ငံက ထွက်ပြေးလာတဲ့ လူဦးရေဟာ ၂၀၁၅ ခုနှစ်ကစပြီး အခုအချိန်အထိ ၂ ဒသမ ၃ သန်းရှိတယ်လို့ သိရပါတယ်။

### ရင်ဆိုင်နေရတယ်

အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ဗင်နီဇွဲလားနိုင်ငံမှာရှိတဲ့ လူဦးရေ သုံးသိန်းလောက်ဟာ ငတ်မွတ်ပြီး သေဆုံးမယ့် အခြေအနေရှိတယ်လို့ ပြောပါတယ်။ သူတို့ဟာ အမေရိကန်ပြည်ထောင်စုနဲ့ အခြားအလှူရှင်များက ပေးလှူထားတဲ့ အကူအညီတွေ ကိုလံဘီယာနဲ့ ထိစပ်နေတဲ့ ဗင်နီဇွဲလားနယ်စပ်မှာ စုပုံနေပြီး ဗင်နီဇွဲလားနိုင်ငံအတွင်း ရောက်မလာခဲ့ဘူး၊ အဲဒီအကူအညီတွေ အချိန်မီ မရရှိဘူးဆိုရင် သူတို့ဟာ အသက်အန္တရာယ်စိုးရိမ်ရတဲ့ အခြေအနေနဲ့ ရင်ဆိုင်သွားရမယ်လို့လည်း ဆိုပါတယ်။

"တစ်နိုင်ငံလုံးအလိုရှိနေတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ ရရှိဖို့ ကျွန်တော်တို့တွေ တစ်နိုင်ငံလုံးမှာ လှုပ်ရှားမှုတွေ လုပ်ဆောင်ရမယ်"လို့ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ပြောလိုက်ပါတယ်။ ပိတ်ဆို့ထားမှုနဲ့ ပတ်သက်ပြီး လူသားချင်းစာနာမှုကို ဖောက်ဖျက်နေတဲ့ ပြစ်မှုတွေပဲလို့တောင် သူကပြောလိုက်ပါတယ်။ အခုချိန်ထိ စစ်ဘက်ဆိုင်ရာ ထိပ်တန်းခေါင်းဆောင်တွေဟာ သမ္မတ မာဒူရိုကိုပဲ ထောက်ခံနေတယ်လို့လည်း သူက ပြောလိုက်ပါတယ်။

### သိုင်းသိုင်းဝိုင်းဝိုင်းလုပ်ဆောင်မယ်

အကူအညီပေးရေးပစ္စည်းတွေ ရရှိရေးနဲ့ ဝေငှရေးအတွက် ဗင်နီဇွဲလားပြည်သူ တစ်သိန်းလောက် စေတနာရှင် ဝန်ထမ်းတွေလုပ်ဖို့ အမည်စာရင်းပေးထားတယ်လို့လည်း ဂျူအန်ဂွိုက်ဒိုက ပြောပါတယ်။

### ကြွက်မနိုင် ကျီမီးနဲ့ရှို့နေတာလား

ဗင်နီဇွဲလားနိုင်ငံရဲ့အခြေအနေကို ပြန်ပြောင်းသုံးသပ်မယ်ဆိုရင် ဥရောပနိုင်ငံအချို့ရဲ့တောင်းဆိုမှုကို ငြင်းဆန်ထားတဲ့ မာဒူရို က စပိန်ရုပ်မြင်သံကြားတစ်ခုရဲ့ အင်တာဗျူးမှာ ဘာပြောခဲ့သလဲဆိုရင် သူ့ကိုနုတ်ထွက်ဖို့ တောင်းဆိုနေတဲ့သူတွေအပေါ် အလျှော့ပေးသွားမှာ မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။

"ဘာကြောင့်များ ဥရောပသမဂ္ဂက ရွေးကောက်ပွဲ ကျင်းပပြီးတဲ့ ကမ္ဘာ့နိုင်ငံတစ်နိုင်ငံကို ထပ်ပြီး ရွေးကောက်ပွဲပြုလုပ်ဖို့ ပြောနေတာပါလိမ့်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့မဟာမိတ်တွေ မနိုင်လို့ထင်တယ်"ဟု မာဒူရိုက ပြောခဲ့ပါတယ်။

"သူတို့တွေက မိမိတို့ကို ရာဇသံတွေပေးပြီး ထိပ်တိုက်တွေ့ဆုံမှုတွေဖြစ်အောင် လုပ်နေတာလား"ဟု မာဒူရိုက ထပ်မံပြောလိုက်ပါတယ်။

ပြီးတော့လည်း မာဒူရိုက သူ့ကိုယ်သူ ဗင်နီဇွဲလားသမ္မတအဖြစ် ကြေညာထားသူ ဂွိုက်ဒိုကို မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးဖို့ တိုက်တွန်းလိုက်ပါတယ်။ သို့သော်လည်း ဂွိုက်ဒိုက သူ့ရဲ့ ကမ်းလှမ်းချက်ကို ငြင်းဆန်ခဲ့ပါတယ်။

ဂွိုက်ဒိုက မာဒူရိုရဲ့သမ္မတဖြစ်မှုဟာ တရားမဝင်ဘူးလို့ ပြောလိုက်ပါတယ်။ ပြစ်ချက်တွေနဲ့ ပြည့်နေတဲ့ ရွေးကောက်ပွဲကြောင့်လို့ ဆိုပါတယ်။ ပြီးတော့ ဂွိုက်ဒိုက အစိုးရတစ်ရပ်ပြောင်းလဲဖို့နဲ့ ရွေးကောက်ပွဲသစ်လုပ်ပေးဖို့ တောင်းဆိုထားတဲ့အခြေအနေကို တွေ့မြင်နိုင်ပါတယ်။

### တိုက်တွန်းပြောကြား

အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျနဲ့ များစွာသော လက်တင်အမေရိကနိုင်ငံများကပါ နိုင်ငံ့ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားတဲ့ ဂွိုက်ဒိုဟာ တပ်မတော်ကိုလည်း စီးပွားရေးကြောင့် နာလန်မထူနိုင်တဲ့ နိုင်ငံကို ကူညီဖို့ တိုက်တွန်းပြောကြားလိုက်ပါတယ်။

"မိမိတို့ရဲ့အာဏာကို ပဋိပက္ခအကျပ်အတည်းတွေ ဖြေရှင်းတဲ့နေရာမှာ ကျင့်သုံးဖို့လိုပါတယ်။ ဒီမိုကရေစီကို ပြန်လည်ထိန်းသိမ်းရမှာဖြစ်ပြီး လွတ်လပ်ရေးရအောင် စွမ်းဆောင်ရပါမယ်"လို့ ဂွိုက်ဒိုက ဖေဖော်ဝါရီ ၃ ရက်နေ့တွင် တွစ်တာမှာ အတိအလင်းပြောကြားခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မှာကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရေနံနဲ့ ချမ်းသာတဲ့နိုင်ငံတွေအနက် ဆင်းရဲတွင်းနက်နေတဲ့ ဗင်နီဇွဲလားနိုင်ငံရဲ့ အကျပ်အတည်းတွေနဲ့ ပတ်သက်ပြီး စစ်ဘက်ဆိုင်ရာကြားဝင်မှုတွေ ဆောင်ရွက်မယ့်သဘောရှိပါတယ်။

အမေရိကန် ဒုသမ္မတ မိုက်ပန့်စ်ကလည်း ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ဗင်နီဇွဲလားသမ္မတအဖြစ် ကမ္ဘာ့နိုင်ငံအားလုံးက အသိအမှတ်ပြုပေးရန်နှင့် လွတ်မြောက်ရေးဘက်တွင် ရပ်တည်ကြရန် အမေရိကန်ပြည်ထောင်စုက တိုက်တွန်းကြောင်း ပြောကြားလိုက်ပါသေးတယ်။

### အာဏာယှဉ်ပြိုင်မှု တစ်နေ့တခြား ကြီးမားလာ

"ဗင်နီဇွဲလားနိုင်ငံဟာ စီးပွားရေးဆိုင်ရာ ယိုယွင်းပျက်စီးနေတဲ့ အခြေအနေရှိပြီးတော့ ငွေကြေးဖောင်းပွခြင်း၊ စီးပွားရေးကျဆင်းခြင်း၊ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ အစားအစာနဲ့ ဆေးဝါးတွေ ပြတ်လပ်ခြင်းစတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကုလသမဂ္ဂကတော့ စီးပွားရေးကပ်ဆိုက်နေတဲ့ ဗင်နီဇွဲလားနိုင်ငံက ထွက်ပြေးလာတဲ့ လူဦးရေဟာ ၂၀၁၅ ခုနှစ်ကစပြီး အခု အချိန်အထိ ၂ ဒသမ ၃ သန်းရှိတယ်လို့ သိရ"

နိုင်ငံရေးတင်းမာမှုတွေ တစ်နေ့တခြား မြင့်မားလာတဲ့ ဗင်နီဇွဲလားနိုင်ငံမှာ လက်ရှိသမ္မတ နီကိုလပ်မာဒူရိုနဲ့ ကြားဖြတ်သမ္မတအဖြစ် ကြေညာခဲ့သူ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုတို့ရဲ့ အာဏာယှဉ်ပြိုင်မှုဟာ တစ်နေ့တခြား ကြီးမားလာနေတယ်ဆိုတာ ငြင်းမရပါဘူး။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင်ဘက်မှာ ရပ်တည်နေကြောင်း အမေရိကန်ဒုသမ္မတ မိုက်ပန့်စ်က ထပ်လောင်းပြောကြားခဲ့ပါသေးတယ်။ ထို့အတူ ဗင်နီဇွဲလားနိုင်ငံမှာ လွတ်လပ်မှု ပြန်လည်ရရှိလာတဲ့အထိ အမေရိကန်အစိုးရအနေနဲ့ ဗင်နီဇွဲလားပြည်သူတွေနဲ့ အတူ ရပ်တည်သွားမှာဖြစ်ကြောင်း ဒုသမ္မတ မိုက်ပန့်စ်က ဆိုပါတယ်။

ထိပ်တန်းလေတပ်ဗိုလ်ချုပ်ကြီးတစ်ဦးက ဂွိုက်ဒိုဘက်မှာ ရပ်တည်ကြောင်း လူသိရှင်ကြားကြေညာပြီးနောက် ဖေဖော်ဝါရီ ၃ ရက် အစောပိုင်းမှာ မာဒူရိုက စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်တွေကို နိုင်ငံရဲ့ကမ်းရိုးတန်းအရှေ့မြောက်မှာ စစ်ရေးလေ့ကျင့်မှုလုပ်ဖို့ မိန့်ခွန်းပြောကြားခဲ့ပါတယ်။ "အတိုက်အခံအုပ်စုက နိုင်ငံကို နိုင်ငံခြားသားလွှမ်းမိုးမှုနဲ့ ပြိုကွဲအောင်လုပ်နေတယ်"လို့ မာဒူရိုက တပ်ဖွဲ့ဝင်တွေကို ပြောခဲ့ပါတယ်။

ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနဲ့ စပိန်နိုင်ငံစသည်တို့ပါဝင်တဲ့ ဥရောပခုနစ်နိုင်ငံက မာဒူရိုကို ရွေးကောက်ပွဲပြုလုပ်ပေးရန် ရှစ်ရက်တာ အချိန်ပေးခဲ့ပါတယ်။ ရှစ်ရက်အတွင်းမှာ ရွေးကောက်ပွဲ မပြုလုပ်ပေးဘူးဆိုရင် ဂျူအန်ဂွိုက်ဒိုကို မာဒူရိုနေရာမှာ အစားထိုးမယ်လို့ ပြင်သစ်နိုင်ငံ၏ ဥရောပရေးရာဝန်ကြီး နာတာလီလွိုက်ဆီက ပြင်သစ်မီဒီယာကို ပြောခဲ့တာတွေလည်း ရှိပါတယ်။

### ထောက်ခံသွားမလား

ဘယ်လိုပဲဆိုဆို နှစ်ဖက်အားပြိုင်တဲ့နေရာမှာ လူသားချင်းဆိုင်ရာ အကူအညီပစ္စည်းတွေဟာ အရေးပါလာပါတယ်။ ဒီအခြေအနေကို သုံးသပ်ကြည့်မယ်ဆိုရင် မာဒူရိုကလည်း အကူအညီတွေကို ပိတ်ဆို့ထားသလို ဂျူအန်ဂွိုက်ဒိုကလည်း အကူအညီရရှိရေး ကြိုးစားဆောင်ရွက်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ နှစ်ဖက်ထောက်ခံတဲ့ပြည်သူတွေအနေနဲ့လည်း စဉ်းစားစရာ ကောင်းလာပါပြီ။ အကယ်၍သာ လူသားချင်းစာနာထောက်ထားမှု အကူအညီသာ ရရှိခဲ့မယ်ဆိုရင် တကယ်လိုအပ်နေတဲ့ ဗင်နီဇွဲလားပြည်သူတွေဟာ ဂျူအန်ဂွိုက်ဒိုကို ထောက်ခံသွားမလားဆိုတာပါပဲ။

အခုဆိုရင်နိုင်ငံပေါင်း ၅၀ ကလည်း ဂျူအန်ဂွိုက်ဒိုကို ကြားဖြတ်သမ္မတအဖြစ်အသိအမှတ်ပြုထားသလို ဂျူအန်ဂွိုက်ဒိုကို ပြည်သူတွေကပါ ဝန်းရံလိုက်မယ်ဆိုရင် ရှေ့လာမယ့် ဗင်နီဇွဲလားနိုင်ငံရေးမှာဘယ်လိုဆက်ဖြစ်လာမလဲဆိုတာ အကဲခတ်သွားရမှာပဲ ဖြစ်ပါတယ်။

**ကိုးကား-အေအက်ဖ်ပီ**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် လူသစ်တန်းအမျိုးသား အမျိုးသမီးအပြေးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် Myanmar Union Day Peace Run ၅ ကီလိုမီတာ အမျိုးသား အမျိုးသမီး အသက် ၁၈ နှစ်အောက် လူသစ်တန်းအပြေးပြိုင်ပွဲကို ယနေ့နံနက်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့ စုရပ်နေရာ၌ ကျင်းပရာ ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့က အပြေးသမားမောင်မယ် ၃၀၀၀ ကျော်တို့သည် သတ်မှတ်စုရပ်နေရာတွင် ရောက်ရှိနေရာယူကြသည်။




ပြိုင်ပွဲအပြီး ဆုရအားကစားသမားများကို ဆုချီးမြှင့်ပေးစဉ်။

ထို့နောက် အချက်ပြစင်မြင့်ထက်မှ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အချက်ပြသေနတ် ပစ်ဖောက်၍ စတင်တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် အပြေးသမားများက စုရပ်မှကျုံးတောင်ဘက် ၂၆လမ်းအတိုင်း အနောက်ဘက်လမ်း ၈၀ မှ ကျုံးမြောက်ဘက် ၁၂လမ်းသို့ ထိုမှ အပြေးလမ်းကြောင်းအတိုင်း ပြေး၍ ရတနာပုံတိရစ္ဆာန်ဥယျာဉ် ရှေ့နေရာအထိ ယှဉ်ပြိုင်ပန်းဝင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့မှ ပထမ၊ ဒုတိယ၊ တတိယဆုရ အားကစားသမားများကို ဆုများချီးမြှင့်ခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ရွှေဘိုမြို့၌ သီရိမင်္ဂလာ ဘိုးဘွားရိပ်သာ ဓမ္မာရုံဖွင့်ပွဲ ကျင်းပ



သီရိမင်္ဂလာဘိုးဘွားရိပ်သာ ဓမ္မာရုံဖွင့်ပွဲ ကျင်းပစဉ်။

**ရွှေဘို ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ သီရိမင်္ဂလာဘိုးဘွားရိပ်သာ ဓမ္မာရုံဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်ဇနီး ဒေါ်တင့်တင့်၊ အလှူရှင် မန်နေဂျင်းဒါရိုက်တာနှင့် ဇနီးတို့က ဓမ္မာရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူအား ရတနာရွှေမိုးငွေမိုးများ ရွာသွန်း ဖြိုးပေးခဲ့ကြပြီး ကြက်ဆီထမင်း စတုဒိသာဖြင့် တည်ခင်း ကျွေးမွေးခဲ့ကြသည်။

အဆိုပါ ရွှေဘိုမြို့ သီရိမင်္ဂလာဘိုးဘွားရိပ်သာတွင် အသက် ၆၅ နှစ်မှစပြီး အထက်အဘိုး ၁၅ ဦးနှင့် အဘွား ၁၅ ဦး စုစုပေါင်း ၃၀ ကို လက်ရှိလက်ခံပြီး စားဝတ်နေရေးတို့အပြင် ကျန်းမာရေးတို့ ပါမကျန် စောင့်ရှောက်ပေးလျက်ရှိသည်။ ဓမ္မာရုံသည် အလျား ပေ ၆၀၊ အနံ ပေ ၄၀၊ အမြင့် ၂၄ ပေရှိသော အာစီနှစ်ထပ် အဆောက်အအုံဖြစ်ပြီး အလှူရှင် မန်နေဂျင်းဒါရိုက်တာနှင့် ဇနီး၊ သား မောင်အာကာကြယ်စင်၊ သမီး မမှုံနံ့သာခိုင် မိသားစုတို့က စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၂၀၀၀ အကုန်အကျခံ တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများ တွေ့ဆုံ

**မယ်စဲ့ ဖေဖော်ဝါရီ ၁၂**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ဖေဖော်ဝါရီ ၁၀ ရက်က မယ်စဲ့မြို့နယ် ဟိုဂျစ်ကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာနေပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြသည့်လိုအပ်ချက်များကိုလည်း မူဝါဒများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း ဒေသအတွက် အမှန်တကယ်လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြတောင်းဆိုနိုင်ကြောင်း ပြောကြားပြီး ဒေသခံပြည်သူများက ကျေးရွာ၏ လိုအပ်ချက်များကိုတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရက လုပ်ဆောင်ပေးနိုင်သည့် လုပ်ငန်းများကို အလှူရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဟိုဂျစ်ကျေးရွာ ရေစင်ဆောက်လုပ်ရန် ငွေကျပ် ၁၀ သိန်း၊ အမက(ဟိုဖ)ကျောင်းတွင် လက်တော့နှင့် ပရင်တာတစ်စုံဝယ်ယူရန် ငွေကျပ် ခုနစ်သိန်း၊ ဟိုဂျစ်ကျေးရွာ သာရေးနာရေးတွင် အသုံးပြုမည့် ထမင်းပေါင်းအိုး(ကြီး)ဝယ်ယူရန် ငွေကျပ် ခုနစ်သိန်းခွဲ၊ နှစ်ခြင်းဘုရားရှိခိုးကျောင်းတွင် မီတာတပ်ဆင်ရန် ငွေကျပ်လေးသောင်းခွဲနှင့် ဟိုဂျစ်မူလတန်းလွန်ကျောင်းတွင် မီးကြိုးနှင့် မီတာများတပ်ဆင်ရန် ငွေကျပ်ငါးသိန်းကို ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကာ ကျောက်စုကျေးရွာ၌ အဝီစိတွင်းနက် တူးဖော်ပြီးစီးနေမှုများကိုလည်း သွားရောက်စစ်ဆေးခဲ့သည်။

**ဝတ်ရည် (ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများ ရင်းရင်းနှီးနှီး တွေ့ဆုံနေစဉ်။

# ဓာတုလျှော့စိုက်ပျိုးရေးတောင်သူများ၏ သီးနှံထွက်ကုန်ပြပွဲ မကွေးမြို့၌ ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဓာတုလျှော့ စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများပိုမိုသိရှိစေရန် ရည်ရွယ်၍ ဓာတုလျှော့စိုက်ပျိုးရေးတောင်သူများ၏ သီးနှံထွက်ကုန်ပြပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ပြပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက သီးနှံထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဓာတုလျှော့ (အော်ဂဲနစ်) စိုက်ပျိုးနည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးရေးကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက ကျန်းမာရေးနှင့် ညီညွတ်သော သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အကျိုးကျေးဇူးများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက သီးနှံအရည်အသွေးကောင်းမွန်သော အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်များ၊ ပွင့်ဖြူမြို့နယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးခင်မောင်ဇော်က သီးနှံထွက်ကုန် ပြပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် ပြပွဲတွင် ပညာပေးပြသသည့် အစီအစဉ်များ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးပညာရှင်များ၊ သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် တောင်သူများက အရည်အသွေး ကောင်းမွန်သော ဓာတုလျှော့ စိုက်ပျိုးနည်းစနစ်များနှင့် စပါးအထွက်တိုး စိုက်ပျိုးနည်းစနစ်များ အကြောင်းကို အုပ်စုများခွဲ၍ ဆွေးနွေးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တောင်သူများက ပညာပေး ပြခန်းတွင် ပြသထားသော ဓာတုလျှော့ (အော်ဂဲနစ်)စိုက်ပျိုးနည်းဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံထွက်ကုန်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် စိုက်ပျိုးနည်းပညာ နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ သီးနှံထွက်ကုန်ပြပွဲကို ပွင့်ဖြူမြို့နယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး တောင်သူများက ဓာတုလျှော့ သီးနှံများစိုက်ပျိုးသည့် နည်းစနစ်များကို တွင်ကျယ်စွာ အသုံးပြုလာနိုင်ရန်အတွက် လည်းကောင်း၊ စပါးအထွက်တိုး စိုက်ပျိုးခြင်းနှင့် ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ခြင်း စီမံကိန်း၏ လုပ်ငန်းတစ်ရပ်အနေဖြင့်လည်းကောင်း ကျင်းပခြင်းဖြစ်ကြောင်း အသင်းဥက္ကဋ္ဌထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ရေဘေးကြောင့် ရွှေ့ပြောင်းရမည့် ကျွန်းတောစုကျေးရွာမြေနေရာကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု

**ရေတာရှည် ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ဆွာချောင်းတမံ ရေပိုလွှဲကျိုးပေါက်မှုကြောင့် ပျက်စီးခဲ့သော သိုင်းဝကျေးရွာအုပ်စု ကျွန်းတောစုကျေးရွာကို ပြောင်းရွှေ့နေရာချထားပေးမည့် သိုင်းဝကျေးရွာနှင့် တုံးကြီးကျေးရွာအကြား၌ မြေဧက ၅၀ ကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး)တောင်ငူနှင့် စက်မှုတိုင်း (၂)တောင်ငူတို့မှ စက်ယန္တရားများဖြင့် မြေနေရာများ ရှင်းလင်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါကျေးရွာတွင် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘုန်းတော်ကြီးကျောင်း၊ နယ်မြေရဲကင်း၊ မီးသတ်စခန်း၊ ဈေးငယ်နှင့် လူနေအိမ်ခြေ ၂၂၈ အိမ်ကို အိမ်တိုင်ရာရောက် ရေတိုက်ရိုက်စနစ်၊ လျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆောက်အအုံများကို မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းက အခမဲ့ လှူဒါန်းဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ မြေနေရာရှင်းလင်းမှုများကို ကွင်းဆင်းကြည့်ရှုစဉ်။



# နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့ နံနက် ၈ နာရီက ပုဗ္ဗသီရိဈေးအနီး ဇဝနဒီပရပ်ကွက် သံလွင်လမ်းမကြီးဘေးရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုရှေ့တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အမှာစကား ပြောကြားပြီး ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်က ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုပြုလုပ်ရခြင်း အထိမ်းအမှတ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုသဘာပတိအဖွဲ့ဝင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းထိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မေဝင်းမြင့်တို့က ဗိုလ်ချုပ်ကြေးရုပ်တုနှင့် ပန်းခြံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ အထိမ်းအမှတ်အဖြစ် ဥတ္တရခရိုင်နှင့် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးနှင့် ပျဉ်းမနားမြို့နယ် ပန်းချီဆရာများအသင်းတို့မှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ပန်းချီပြပွဲ၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# လက်ဖက်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**နမ့်ဆန် ဖေဖော်ဝါရီ ၁၂**

ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းတို့ ပူးပေါင်း၍ လက်ဖက်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဒေသဦးစီးအဖွဲ့ ခန်းမဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မိုင်းဝင်းထူးက ဈေးကွက်စီးပွားရေးစနစ်အရ ယှဉ်ပြိုင်နေရချိန်တွင် လက်ဖက်ထုတ်ကုန်ကို မိရိုးဖလာထုတ်လုပ်မှုမှ အရည်အသွေးမြင့် ထုတ်ကုန်ဖြစ်ရန် လိုအပ်ကြောင်း၊ ထို့အပြင် လက်ဖက်တောင်သူများ အပိုဝင်ငွေရရှိရန် ကြားညှပ်သီးနှံများစိုက်ပျိုးရန် လိုအပ်ကြောင်းပြောကြားပြီး မြန်မာနိုင်ငံ သစ်သီးဝလံအသင်းဥက္ကဋ္ဌ ဦးသန်းမင်းဒင်က မြန်မာနိုင်ငံသစ်သီးဝလံအသင်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ သစ်သီးဝလံအသင်းမှ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချသည့် သစ်သီးအမျိုးအစား တစ်နှစ်လျှင် တင်ပို့နိုင်သည့် သစ်သီးတန်ချိန်များကို ရှင်းပြသည်။

လက်ဖက်သည် စားသောက်ကုန်ဖြစ်သည်နှင့်အညီ သန့်ရှင်းသပ်ရပ်သည့် ထုတ်လုပ်မှုစနစ်၊ လက်ဖက်ခြောက်လှန်းရာတွင် စင်ဖြင့်လှန်းနိုင်သည့်စနစ်ကျင့်သုံးပြီး စားသုံးသူ စိတ်ချလက်ချ စားသုံးနိုင်အောင် ပြုလုပ်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် လက်ဖက်စားသုံးသူ ၉၀ ရာခိုင်နှုန်းခန့်ရှိပြီး လက်ဖက်ကို ကုန်ကြမ်းထုတ်လုပ်မှုအဆင့်မှစ၍ သန့်ရှင်းသပ်ရပ်ပြီး FDA ထောက်ခံချက်ရအောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် လက်ဖက်နှင့် ပတ်သက်သည့် စားသောက်ကုန်များကို တီထွင်ဆန်းသစ်သည့် စားသောက်ကုန်များဖြစ်အောင် ပြုလုပ်စေလိုကြောင်း တက်ရောက်လာသူများက ဆွေးနွေးခဲ့ကြသည်။

လက်ဖက်ထုတ်ကုန် ဖွံ့ဖြိုးစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲအပြင် ပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း၏ ၆ နှစ်ပြည့်နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဇယန်းကြီး ဘုန်းတော်ကြီးကျောင်းတိုက်၌ လက်ဖက်နှင့်ပတ်သက်သည့် ထုတ်ကုန်ပြခန်းများ၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ GIZ အဖွဲ့နှင့်ပူးပေါင်း၍ လက်ဖက်တောင်သူများကို ပညာပေးပြခန်းများ ခင်းကျင်းပြသထားပြီး ညပိုင်းဖျော်ဖြေရေးအစီအစဉ်များပါ ထည့်သွင်းပြီး သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မိုး( ပြန်/ဆက်)**

# ဥက္ကလာဂေါက်ကွင်း၌ တတိယကော်နာ(၉)ကျင်း ထပ်မံဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသည့်အနေဖြင့် ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်းရှိ တတိယကော်နာ (၉)ကျင်းကို ယနေ့ထပ်မံဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့် အနီးစပ်ဆုံးနေရာတွင် တည်ရှိကာ နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ထားရှိပြီး ကောင်းမွန်သော ဝန်ဆောင်မှုများကြောင့် ပြည်တွင်းမှသာမက နိုင်ငံခြားသား ဂေါက်သီးရိုက် အားကစားသမား အများအပြားပါ လာရောက်ကစားလျက်ရှိသည်။ ထို့ပြင် ညပိုင်းအချိန်များတွင် ဂေါက်သီးရိုက်ကစားနိုင်ရန် Night Golf အား ဖွင့်လှစ်ပေးခဲ့ပြီး ရန်ကုန်မြို့၏ လိုအပ်ချက်နှင့် နိုင်ငံတကာမှ ဂေါက်သီးရိုက်အားကစားသမားများ လာရောက်ကစားနိုင်ရန်အတွက် အကောင်းဆုံးကွင်းပြင်ဆင်မှု၊ ဝန်ဆောင်မှုများဖြင့် နိုင်ငံတကာအဆင့်မီ တတိယကော်နာ (၉)ကျင်းအား (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ယနေ့တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။



ယခုဖွင့်လှစ်လိုက်သော တတိယကော်နာ(၉)ကျင်း၏ T ခုံ၊ Green နှင့် Fairway အားလုံးသည် Metrella မြက်အမျိုးအစားဖြင့် အဆင့်မီ တည်ဆောက်ထားပြီး အဆိုပါတတိယကော်နာတွင် တစ်ချက်တည်းကျင်းဝင်ဆုအဖြစ် ဂျာမနီနိုင်ငံထုတ် Borgward BX5 Model Brand New အသစ်စက်စက် ကားတစ်စီး ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၂-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၁၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ | ကျပ် | ၉၀၀/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ | ကျပ် | ၉၁၅/၉၂၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၅ | ကျပ် | ၇၄၅/၇၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၈ ・ ၆ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၀ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၃ ・ ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၇ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၇ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၀ ・ ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ ・ ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၆၁၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ ・ ၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၇ ・ ၇၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၉၆၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**
**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# လိပ်ပြာစံအိမ်တွင် ဒေါင်းအနေဖြင့် ဇာတ်ကောင်စရိုက်နှစ်မျိုးကြောင့် သရုပ်ဆောင်မှုအခက်အခဲများရှိခဲ့




ရုံတင်ပြသနေပြီဖြစ်သည့် လိပ်ပြာစံအိမ်ရုပ်ရှင်တွင် သရုပ်ဆောင် ဒေါင်းကို မိန်းမစိတ်နှင့်တစ်ကိုယ်၊ ယောကျ်ားစိတ်နှင့်တစ်ကိုယ် ဇာတ်ကောင်စရိုက်နှစ်မျိုးဖြင့် ပရိသတ်များ တွေ့မြင်ရမည်ဖြစ်သည်။

ထိုသို့ ဇာတ်ရုပ်နှစ်မျိုးသရုပ်ဆောင်ခဲ့မှုနှင့်ပတ်သက်၍ ဒေါင်းက "ကျွန်တော့်အတွက် စိန်ခေါ်မှုရှိတဲ့ ကာရိုက်တာပါ၊ ဒီကာရိုက်တာကို စလုပ်မယ်ဆိုကတည်းက mood ကို အပြီးတိုင် ထည့်ထားပြီးသားပါ၊ အဓိက သရုပ်ဆောင်ရတာခက်ခဲတဲ့အပိုင်းက အမေ အခန်းပါ၊ အမေနေရာကနေ သရုပ်ဆောင်ရတာ တော်တော်ခက်ခဲတယ်၊ ဒါပေမယ့် ဒါရိုက်တာပြောတဲ့အတိုင်း သေချာကြိုးစားပြီးတော့ သရုပ်ဆောင်ထားပါတယ်"ဟု ပြောသည်။

ဇာတ်ကားကို သွားရောက်ရိုက်ကူးခဲ့သည့်အိမ်ကြီးနှင့် ပတ်သက်၍လည်း "အဲဒီ အိမ်ကြီးက နှစ်ပေါင်းတစ်ရာကျော်နေပြီဆိုတဲ့ အငွေ့အသက်ကြီးက ကျွန်တော်တို့ကို ရိုက်နေရင်းနဲ့ စိတ်လှုပ်ရှားစေတယ်၊ အိမ်ကြီးက အပြင်မှာလည်း တကယ် ကြောက်စရာကောင်းတယ်၊ ကျွန်တော်တို့ တစ်ညလုံးရိုက်ကူးရတဲ့အခန်းတွေရှိတယ်၊ ရိုက်ရင်းနဲ့ကို ကြောက်ဖို့ကောင်းနေတယ်၊ အခု ရိုက်ထားတဲ့ဇာတ်ကားကို ကိုယ်တိုင်ပြန်ကြည့်တဲ့ အချိန်မှာ ကြောက်လည်း ကြောက်တယ်၊ ရင်လည်းခုန်တယ်၊ အမှတ်တရတွေလည်း ရှိပါတယ်၊ ရိုက်ပြီး နားနေတဲ့အချိန်မှာ ကျွန်တော်တို့ အပေါ်ထပ်ကို မတက်ရဲကြဘူး၊ နားဖို့ပေးထားတဲ့အခန်းထဲမှာပဲ နေကြတယ်၊ ဘယ်မှမသွားကြဘူး၊ ရိုက်နေရင်းနဲ့ကို စိတ်လှုပ်ရှား ချောက်ချားနေတာပေါ့နော်၊ ဒီဇာတ်ကားထဲမှာ ကစ်ကို တကယ့်အမေတစ်ယောက်ရဲ့ ခံစားချက်မျိုးနဲ့ တွေ့ရတာ လေးစားပါတယ်၊ အပြင်ကာရိုက်တာ ပျောက်ပြီး အမေဆိုတဲ့ကာရိုက်တာ ၁၀၀ ရာနှုန်းဝင်နေတာကို မြင်ရတာပါ၊ ကျွန်တော့် အပြောမဟုတ်ပါဘူး၊ ကြည့်ကြည့်ပါ၊ ပရိသတ်ကြီးလာကြည့်ရင်လည်း တကယ်ကို သဘောကျမယ့် ဇာတ်ကားကောင်းတစ်ကား ဖြစ်ပါတယ်"ဟု ဒေါင်းက ဆက်ပြောပြသည်။

**ကိုလင်း**

# ထူးအယ်လင်းက ဆိုင်ကယ်ချစ်သူများ ပရဟိတအသင်းနှင့်အတူ ရန်ပုံငွေဂီတပွဲ ပြုလုပ်မည်



အဆိုတော် ထူးအယ်လင်း၊ သာဒီးလူ၊ သရုပ်ဆောင် မြင့်မြတ်၊ ယုန်လေး၊ ဝန၊ အစိုင်း၊ ဖိုးပြည့် (ကိုယ်စောင့်နတ်)၊ ဆုပန်ထွာ၊ ဝတ်ရည်နှင့် လိမ္မော်သီးတို့ ပါဝင်သည့် ပရဟိတ ရန်ပုံငွေဂီတဖျော်ဖြေပွဲတစ်ခုကို အဆိုတော်များနှင့် ဆိုင်ကယ်ချစ်သူများ ပရဟိတအသင်းတို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ ဘုရားကြီးအနောက်ဘက် ဘောလုံးကွင်း၌ မတ် ၂၉ ရက်နှင့် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုတော် ထူးအယ်လင်းက "ကျွန်တော်က ဒီဆိုင်ကယ်ချစ်သူများ ညီအစ်ကိုတွေနဲ့ အရင်ကလည်း သွားလှူတာမျိုးလေးတွေ ရှိခဲ့ဖူးပါတယ်၊ အမှန်တကယ် လိုအပ်ပြီး ခက်ခဲတဲ့နေရာမျိုးတွေကို ရှာဖွေပြီး လှူကြတာမျိုးပါ၊ အခု ဒီပွဲကလည်း အဲလိုမျိုး ခက်ခဲပြီး လိုအပ်တဲ့သူတွေကိုသွားလှူဖို့ ပြုလုပ်တဲ့ ဂီတပွဲပါ၊ ဒီပွဲရဲ့ ထူးခြားမှုအနေနဲ့ဆို အနယ်နယ်အရပ်ရပ်က ဆိုင်ကယ်ချစ်တဲ့သူတွေလည်း ဆုံစည်းကြတဲ့ ပွဲလေးပါပဲ၊ မြင့်မြတ်တို့၊ ယုန်လေးတို့ကလည်း သူတို့အားတဲ့အချိန် လာရောက်ကူညီပြီး ဆိုပေးကြမယ်ပြောတော့ ပိုအားရှိတာပေါ့ဗျာ၊ ကျွန်တော်တို့ ပရိသတ်တွေကို ကိုယ်တတ်စွမ်းတဲ့ အနုပညာနဲ့ ပြန်ကျေးဇူးဆပ်တဲ့ပွဲလေးဆိုလည်း မမှားပါဘူး"ဟု ပြောသည်။

ပွဲအတွက် လက်မှတ်များကို တစ်စောင်လျှင် ရိုးရိုးတန်း ကျပ် ၅၀၀၀ မှစကာ ကျပ်တစ်သောင်းနှင့် ကျပ်တစ်သောင်းခွဲ ဈေးနှုန်းများဖြင့် ရောင်းချသွားမည်ဖြစ်ပြီး လက်မှတ်ရောင်းရငွေများကို လိုအပ်သည့်နေရာများသို့ လှူဒါန်းသွားမည်ဟု သိရသည်။

**ကိုလင်း**

# ချစ်သူများနေ့တွင် ချစ်သုဝေ၏ ကတိ စီးရီးသစ် ထွက်ရှိမည်




တိမ်တွေနေတဲ့အရပ်ဆီ တေးစီးရီး ထွက်ရှိခဲ့ပြီးနောက် ရှစ်နှစ်ကျော်ကြာအောင် တေးစီးရီးသစ်ထွက်ရှိမှုနှင့် ဝေးကွာနေသည့် ချစ်သုဝေအနေဖြင့် တတိယမြောက် အခွေသစ်ဖြစ်သည့် ကတိဟု အမည်ပေးထားသော တေးစီးရီးကို ယခု ဖေဖော်ဝါရီ ၁၄ ရက်တွင် စတင်ဖြန့်ချိသွားတော့မည်ဟု သိရသည်။

"သိပ်ချစ်ရတဲ့ ပရိသတ်ကြီးရယ်၊ ပြီးတော့ လက်ရှိဘဝလေးရယ်ကို ချစ်လွန်းလို့ လာမယ့် ဖေဖော်ဝါရီ ၁၄ ချစ်သူများနေ့မှာ ဒီအခွေလေးထွက်ဖို့ လုပ်ရတာပါ၊ ပရိသတ်ကြီးအနေနဲ့လည်း ထရီဇာ့ကိုချစ်ရင် အချိန်လေး ၄၅ မိနစ်လောက်ပေးပြီး နားထောင်ပေးပါလို့၊ ဒီအခွေလေး စပြီး တည်ခဲ့တာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်၊ ခြောက်နှစ်ကတည်းကပါ၊ အဲဒီအချိန်မှာ ကိုယ်ဝန်ရှိလာတော့ ဒီအခွေကို ဖြည်းဖြည်းချင်းပဲ ဖန်တီးနိုင်တော့တယ်၊ ဒီ ကတိစီးရီးလေးက အမှတ်တရတွေအများကြီး ပြည့်နေတဲ့၊ ဘဝရဲ့ အချိုးအကွေ့တွေကြားက မဖြစ်ဖြစ်အောင် လုပ်ခဲ့ရတဲ့ စီးရီးလေးပါ၊ ဒီအခွေကို လုပ်နေခဲ့တဲ့အတွက် သမီးလေးတွေကို သေချာဂရုမစိုက်နိုင်အောင် ဖြစ်ခဲ့တာတွေလည်း ရှိပါတယ်"ဟု ကတိစီးရီးအတွက် လုပ်ကိုင်ခဲ့ရပုံများကို ချစ်သုဝေက ပြောပြသည်။

မိသားစုဘဝနှင့် အနုပညာအလုပ်အကြား အခက်အခဲများ ဖြစ်ခဲ့ရပုံကိုလည်း "ဘဝမှာ ဝါသနာပါတဲ့ အလုပ်ကို တစိုက်မတ်မတ်လုပ်ခဲ့တယ်၊ မိသားစုဘဝလေးကို တည်ထောင်တဲ့အချိန်မှာ ကိုယ့်ဝါသနာကို ဦးစားမပေးနိုင်ခဲ့ဘူး၊ ပြီးတော့ ဒီအလုပ်နဲ့ ဝေးကွာသွားခဲ့တာလည်း ရှစ်နှစ်ကျော်လောက် ရှိနေပြီ၊ ဒါကြောင့်မို့ ကိုယ်လုပ်ချင်တာလေးကို ပြန်လုပ်ခွင့်ရတုန်းလေး လုပ်ရတာပါ၊ ကိုယ့်မှာက သမီးလေးတွေအတွက်လည်း အချိန်ပေးရတယ်လေ၊ သမီးလေးတွေကို မျက်စိရှေ့ကနေ အပျောက်ခံချင်တာမဟုတ်ဘူး၊ အဲဒီတော့ ကိုယ့်ဝါသနာကို ဦးစားမပေးနိုင်ခဲ့ဘူး"ဟု ချစ်သုဝေက ဆက်ပြောပြသည်။


ကတိ တေးစီးရီးတွင် သီချင်း ၁၀ ပုဒ် ပါဝင်ပြီး သီချင်းများကို တေးရေးအဖြစ် လင်းလင်း၊ စံပီး၊ ဇဝါနှင့် နေဝါတို့က ရေးသားပေးထားကာ သီချင်းများမှာ ယခင် ချစ်သုဝေ၏ ဆိုနေကျပုံစံများအတိုင်း ဖြစ်ကြောင်းနှင့် ချစ်သုဝေအနေဖြင့် မိသားစုနှင့် အနုပညာ မောင်နှမများ၊ ပရိသတ်များ၏ အားပေးမှုအရ နောက်ပိုင်းတွင် အနုပညာအလုပ်များကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# သရုပ်ဆောင် အလင်းရောင်က ဗီလိန်ဇာတ်ရုပ်ကို ပိုအားသန်ကြောင်း ပြောကြား

လတ်တလော အနုပညာလှုပ်ရှားမှုအနေဖြင့် ဒါရိုက်တာ ဝိုင်း ရိုက်ကူးသည့် 'ပပဝတီ စီရင်ခန်း' နှင့် ဒါရိုက်တာ စတီး၏ 'စာအုပ်ကြီးရဲ့စီရင်ခန်း' ရုပ်ရှင်ကားကြီးများတွင် ပါဝင်သရုပ်ဆောင်ထားသလို ကြော်ငြာနှင့် သီချင်းများလည်း ရိုက်ကူးနေသည့် သရုပ်ဆောင် အလင်းရောင်က ဗီလိန်ဇာတ်ရုပ်များကို သရုပ်ဆောင်ရန် အားသန်ကြောင်း ပြောကြားသည်။

"လတ်တလောမှာ ကျွန်တော် ဇာတ်ကားတွေရိုက်ဖြစ်တယ်၊ ကြော်ငြာတွေလည်း ရိုက်နေတဲ့အပြင် ဗယ်လင်တိုင်းဒေးမှာ သီချင်းတစ်ပုဒ် ထွက်ဖို့ရှိပါတယ်၊ ပပဝတီ စီရင်ခန်းက ဇာတ်သိမ်းရိုက်ပြီးသွားပါပြီ၊ နောက်ထပ် ဒါရိုက်တာစတီးရဲ့ စာအုပ်ကြီးရဲ့ စီရင်ခန်း ရုပ်ရှင်ကားကြီးကို ရိုက်ကူးနေပါတယ်၊ ၂၀၁၉ အစကို ဒါရိုက်တာ ကိုဝိုင်းနဲ့ ကိုစတီးတို့ရဲ့ ဇာတ်ကားတွေနဲ့ စဖြစ်တာပေါ့၊ ဒီကားတွေမှာတော့ ကျွန်တော်က ဗီလိန်မဟုတ်ဘူး၊ ကျွန်တော်ကိုယ်တိုင်ကတော့ ဗီလိန်ဇာတ်ရုပ်လုပ်ရတာကို ပိုပြီး အားသန်တယ်၊ ဗီလိန်အိုက်တင်လုပ်ရတာက စိတ်ကိုဖွင့်ပြီး လုပ်နိုင်သလို လွတ်လွတ်လပ်လပ်နဲ့ ပိုပြီးလုပ်လို့ရတယ်လို့လည်း မြင်တယ်၊ ကျွန်တော်ကိုယ်တိုင် ကြိုက်တာပါ၊ နောက်ပိုင်းတော့ ပရိသတ်တွေကြည့်ရတာ ရိုးမသွားအောင် အတတ်နိုင်ဆုံး စိစစ်ရွေးချယ်ပြီး အနုပညာအလုပ်တွေကို ကြိုးစားလုပ်သွားမှာပါ"ဟု ပြောသည်။



ချစ်သူများနေ့အတွက် သီချင်းဖန်တီးနေမှုနှင့်ပတ်သက်၍လည်း အလင်းရောင်က "ကျွန်တော် ကားရိုက်တွေနဲ့ မအားလို့ သီချင်းမလုပ်ဖြစ်တာ ကြာပါပြီ၊ Oh My Crush ထွက်ပြီးကတည်းက မလုပ်ဖြစ်တာပေါ့၊ အခုတော့ သီချင်းလုပ်ချင်နေတာနဲ့ လောလောဆယ် ဖေဖော်ဝါရီ ၁၄ ရက်မှာ ဆရာ ရွှေဂျော်ဂျော်ရေးပေးထားတဲ့ သီချင်းလေး ထွက်ဖြစ်မယ်၊ အင်္ဂလိပ်လို ဆိုတာပါ၊ အင်္ဂလိပ်သီချင်းကို ငါးပိသံနဲ့ ဆိုထားတာပေါ့၊ ချစ်သူများနေ့မှာ သီချင်းထွက်တာက တခြားဘာအစီအစဉ်မှ မရှိပါဘူး၊ အမှတ်တရအနေနဲ့လည်း ဘာလက်ဆောင်မှ မရထားသလို ပေးစရာလည်း မရှိပါဘူး၊ ဒါပေမယ့် ကျွန်တော့်ဖန်တွေက ချစ်ပေးကြလို့ အားမငယ်ပါဘူး"ဟု ဆက်ပြောသည်။

**ကိုလင်း**

# ဂျင်းကောင်ဇာတ်ကားရိုက်စဉ် စိုးမြတ်သူဇာ မတော်တဆထိခိုက်မှု ကြုံတွေ့ခဲ့

သရုပ်ဆောင် မြင့်မြတ် အဓိက ပါဝင်သရုပ်ဆောင်ထားကာ ယခု ရုံတင်ပြသနေပြီဖြစ်သည့် ဂျင်းကောင် ရုပ်ရှင်ဇာတ်ကားတွင် ဟာသသရုပ်ဆောင် Kညီ၏ မိခင်အဖြစ် ညှော်သည်သရုပ်ဆောင်နေရာမှ ကူညီရိုက်ကူးခဲ့သူ ထပ်ဆင့်အကယ်ဒမီ စိုးမြတ်သူဇာက ယင်းဇာတ်ကားရိုက်ကူးစဉ်က မတော်တဆမှုကြုံတွေ့ခဲ့ရကြောင်း ပြန်ပြောပြခဲ့သည်။

"ဒီကားမှာ မကြီးက ကားနဲ့ ကြံရည်ရောင်းတဲ့နေရာက သရုပ်ဆောင်ထားပါတယ်၊ အဲဒီမှာ သူတို့က ကားပေါ်မှာ ကြံရည်စက်ကို တင်ထားတယ်၊ ကြံရည်စက်က နည်းနည်းကြီးတယ်၊ ကားပေါ်မှာ မူလီနဲ့တော့ မစုပ်ထားဘူး၊ မကြီးက ကားရဲ့ခေါင်းခန်းမှာ ထိုင်နေတာလေ၊ ကားဘရိတ်အုပ်လိုက်တော့ ကြံရည်စက်ကြီးက အရှိန်နဲ့ပြေးဆောင့်တာ၊ ခေါင်းခန်းက ကာထားတဲ့မှန်ကြီး ကွာသွားတယ်၊ ကံကောင်းလို့ ခေါင်းပေါ်ကို မှန်တွေ မစိုက်ကုန်တာ၊ လက်တွေတော့ ထိသွားတာပေါ့၊ နည်းနည်း သွေးတွေထွက်တယ်၊ မသေကောင်း မပျောက်ကောင်း အမှတ်တရပါပဲ"ဟု စိုးမြတ်သူဇာက ပြောသည်။

ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ထားမှုနှင့်ပတ်သက်၍လည်း စိုးမြတ်သူဇာက "မကြီးက Kညီရဲ့အမေပေါ့၊ ကိုယ်ရောင်းတဲ့ကြံရည်ကို မသောက်မှာစိုးလို့ ကိုယ့်ကိုယ်ကိုယ် အပျိုလို့ပြောပြီး ကြံရည်ရောင်းတာ၊ Kညီနဲ့ သားအမိနှစ်ယောက်ပေါင်းပြီး ဂျင်းထည့်တာ၊ ရယ်စရာတွေတော့ လုပ်ထားတာပေါ့၊ ဒါပေမယ့် မကြီးက ဒီကားထဲမှာ အခန်းအများကြီးတော့ မပါပါဘူး၊ ဒီကားရဲ့ ထုတ်လုပ်သူတွေက မကြီးနဲ့ ဟိုးအရင်ကတည်းက ခင်နေကြတာဆိုတော့ ဒီကားမှာ ဝင်ရိုက်ပေးဖို့ပြောတာနဲ့ တစ်ရက်စာပဲ ကူပေးထားတာ"ဟု ပြောသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ


### ဘယ်အရာက ဂျိုလီအတွက် အံ့အားသင့်ဖွယ်ဖြစ်ခဲ့သလဲ

ဘရက်ပစ်ဟာ အင်ဂျလီနာဂျိုလီအရင် သူ့ရဲ့ ဇနီးဟောင်းတစ်ဦးဖြစ်တဲ့ ဂျနီဖာ အင်နစ္စတန်ရဲ့ အသက် ၅၀ ပြည့်မွေးနေ့ပွဲကို တက်ရောက်ခဲ့ပါတယ်။ ဒီသတင်းဟာ ဂျိုလီအတွက် အံ့အားသင့်ဖွယ်သတင်းတစ်ပုဒ်ဖြစ်လာခဲ့တယ်လို့ ဂျိုလီနဲ့ ရင်းနှီးသူတစ်ဦးက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။

အင်ဂျလီနာဂျိုလီဟာ သူနဲ့ ဘရက်ပစ်တို့ ကွာရှင်းမှု အပြီးမသတ်ရသေးခင် ဘရက်ပစ်ဟာ သူ့ရဲ့ ဇနီးဟောင်းတစ်ဦးဖြစ်ခဲ့သူ ဂျနီဖာအင်နစ္စတန်ရဲ့ မွေးနေ့ပွဲကို သွားခဲ့ပြီး တစ်ဖန်ပြန်ပြီးခင်မင်နေကြတဲ့အပေါ် ဘာပြောရမှန်းမသိအောင် ဖြစ်ခဲ့ပါတယ်။ ဘရက်ပစ်ဟာ ဖေဖော်ဝါရီ ၉ ရက်က ဂျနီဖာအင်နစ္စတန်ရဲ့ အသက် ၅၀ ပြည့်မွေးနေ့ပွဲပါတီကို တက်ရောက်ခဲ့ပါတယ်။ ဘရက်ပစ်နဲ့ ဂျနီဖာအင်နစ္စတန်တို့ ပြန်ပြီး ရင်းနှီးတာကို ဂျိုလီလည်း သိပါတယ်။ ဒါပေမယ့် ဒီလိုပြန်ပြီးနီးစပ်သွားလိမ့်မယ်လို့တော့ မထင်ခဲ့ဘူးလို့ ဂျိုလီနဲ့ နီးစပ်သူတစ်ဦးက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။

ဘရက်ပစ်နဲ့ ဂျနီဖာတို့ အတူအချိန်ဖြုန်းနေတာသိပေမယ့် ဂျိုလီတစ်ယောက် ဘာမှမတတ်နိုင်တာကို သိတဲ့နောက်မှာတော့ ဒီကိစ္စကို အာရုံမစိုက်ဖို့ ဆုံးဖြတ်လိုက်တယ်လို့ အဆိုပါသတင်းအရင်းအမြစ်က ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။ ဘရက်ပစ်နဲ့ ဂျိုလီတို့ ကွာရှင်းဖို့ပြုလုပ်ကြတဲ့ အချိန်နှစ်နှစ်အတွင်းမှာ ဘရက်ပစ်ဟာ ဂျနီဖာနဲ့ ပြန်ပြီးရင်းနှီးလာခဲ့ပါတယ်။ ဂျနီဖာရဲ့ သူငယ်ချင်းတွေကလည်း ဘရက်ပစ်ကို မွေးနေ့ပွဲကို လာမယ်လို့ ထင်မထားကြပါဘူး။ သူငယ်ချင်းတွေအားလုံးလည်း အံ့အားသင့်ကုန်ခဲ့ရပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



### ဝီလ်စမစ်ရဲ့ အာလာဒင်ဇာတ်ရုပ်ကို ပရိသတ်တို့သဘောမကျ

ရုပ်ရှင်သရုပ်ဆောင် ဝီလ်စမစ်က မီးခွက်စောင့်ဘီလူးအာလာဒင်အဖြစ် သရုပ်ဆောင်ထားတဲ့ ဇာတ်ကားနမူနာကို ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ပြသခဲ့ရာမှာတော့ ပရိသတ်တွေရဲ့ တုံ့ပြန်မှုက မကောင်းခဲ့ပါဘူး။ ပရိသတ်တွေဟာ အာလာဒင်နဲ့ပတ်သက်ပြီး သူတို့ရဲ့ စိတ်တိုင်းမကျမှုကို လူမှုမီဒီယာပေါ် တင်ခဲ့ကြပါတယ်။

ပရိသတ်တစ်ဦးက “ကျွန်တော် ဝီလ်စမစ်ကို မီးခွက်စောင့်ဘီလူး အာလာဒင်အဖြစ် မြင်လိုက်ရတဲ့အခါ အိပ်မက်ဆိုးတွေတော့ မက်တော့မှာပဲ” လို့ ပြောခဲ့ပါတယ်။ “ဝီလ်စမစ်ကြောင့် ကျွန်တော် အိပ်လို့ပျော်တော့မှာမဟုတ်ဘူး” လို့ ပရိသတ်တစ်ဦးက ပြောပါတယ်။ ဒါရိုက်တာ ဂိုင်းရစ်ချီရဲ့ အာလာဒင်ဇာတ်ကားနမူနာကို ပြသခဲ့တာဖြစ်ပါတယ်။

ဒစ်စနေးကနေ ပထမဆုံးအကြိမ်အဖြစ် မကြာမီပြသတော့မယ့် အာလာဒင် ဇာတ်ကား ပုံရိပ်တွေပြသခဲ့တာဖြစ်ပြီး ဝီလ်စမစ်ကိုယ်တိုင်လည်း ဒီဟာက သူ့ကို ခြောက်လှန့်တဲ့အရာတစ်ခုလို့ ဝန်ခံခဲ့ပါတယ်။ အခုဆိုရင်တော့ အပြာရောင် အာလာဒင်ကို ပရိသတ်တွေနဲ့ မိတ်ဆက်ပေးခဲ့ပါပြီ။ ဒါပေမယ့် ပရိသတ်တွေရဲ့ တုံ့ပြန်မှုကတော့ မကောင်းခဲ့ဘဲ လှောင်ပြောင်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

**ဘီဘီစီ**



ရုပ်ရှင်သရုပ်ဆောင် ဝီလ်စမစ်ကို မီးခွက်စောင့်ဘီလူးအာလာဒင်အဖြစ် တွေ့ရစဉ်။

ဖြိုး

## ဥပဒေအတွေးရေးပါရစေ အပိုင်း (၁၆၀)

# အရပ်ကတိစာချုပ်



**ဦးဟန်ညွန့် (ဥပဒေ)**

**လမ်းဘေးဈေးဆိုင်**

ဆရာရယ်...။

စာချုပ်တစ်စောင်ချုပ်ချင်လို့ပါ။ ဆရာအနေနဲ့ အသိသက်သေ လက်မှတ်ထိုးပေးပါ။ ဘယ်ရုံး၊ ဘယ် ဌာနကိုမှ မသွားချင်လို့ပါ။ လမ်းဘေး ဈေးဆိုင်က ဝယ်လာတဲ့ ငါးကျပ်တန် တံဆိပ်ခေါင်း ပါလာ ပါတယ်။

အခုချက်ချင်း စာချုပ်ရေးပေးပါ။ ပြီးရင် နှစ်ဖက်သဘောတူပါတယ်။ မြန်မြန်ကလေး လုပ်ပေးပါနော်...ဟု ရင်းနှီးသော မိတ်ဆွေတစ်ဦးက ကျွန်တော်၏ရုံးခန်းသို့လာပြီး အကူ အညီ တောင်းသည်။



**ဖြည်းဖြည်းအေးအေး**

ကျွန်တော်က “ခဏထိုင်ပါဦး၊ စာချုပ်ချုပ်တယ်ဆိုတာ ဖြည်းဖြည်း အေးအေးရေး၍ ချုပ်ရတယ်။ အချက်အလက်စုံ၊ မစုံ သေသေ ချာချာ စိစစ်ရတယ်။ နှစ်ဖက်သဘော တူမှ သက်သေအစုံအလင်နဲ့ သဘော တူညီချက် ရေးရတာ။ ရေးသားချက် ကိုလည်း ပြန်ဖတ်ပြရတယ်။ သတ်မှတ်ထားတဲ့ အချက်အလက်တွေ ရှိတယ်။ စာချုပ်စာတမ်း ဥပဒေရှိတယ်။ အလွယ်လုပ်ဖို့ မသင့်ဘူး။ အရပ်ကတိ စာချုပ် ချုပ်မပေးဘူး။ ဥပဒေနဲ့အညီ ရေးတဲ့စာချုပ်ဖြစ်ရမယ်။ ဒါမှရေရှည် တည်တံ့မယ်။ အသက်ဝင်မယ်။ ဒီလို၊ ဒီလိုရှိပါတယ်” ဟု အစချီကာ ဥပဒေ နှင့်ညီညွတ်သော စာချုပ်အကြောင်း ကျွန်တော် ရှင်းပြသည်။

ကျွန်တော့် မိတ်ဆွေကတော့ စိတ်ရှည်ဟန်မတူပါ။ အရပ်ကတိ စာချုပ်၊ လမ်းဘေးစာချုပ်ကိုသာ ချုပ်ချင်ဟန်ရှိသည်။ သူ့အတွက် ကျွန်တော်အားနာမိသည်။ စိတ် မကောင်းဖြစ်မိသည်။

**ဘာစာချုပ်လဲ**

အမွေစာချုပ်လား၊ အရောင်း အဝယ် စာချုပ်လား၊ အလွှဲအပြောင်း စာချုပ်လား။ ဘာစာချုပ်လဲ။ စာချုပ် အမျိုးအစားအကြောင်း တိတိကျကျ သိဖို့လိုသည်။ တိကျဖို့၊ သေချာဖို့၊ နှောင်ကြိုးကင်းဖို့၊ အရှုပ်အရှင်း ကင်းဖို့လိုသည်။ တန်ဖိုး မည်မျှလဲ။ အမွေဆိုင်တွေက ဘယ်သူတွေလဲ။ ပူးတွဲလား။ သီးခြားလား။ ဘာပစ္စည်း လဲ။ အိမ်လား။ တိုက်လား။ အတွင်း ပစ္စည်းပါသေးလား။

**တံဆိပ်တော်ခွန်**

ပြဿနာ တစ်ခုချင်းအလိုက် တံဆိပ်တော်ခွန်ကပ်ရမည်။ ပြီးလျှင် တရားဝင်စာချုပ်ဖြစ်အောင် မှတ်ပုံတင် ရမည်။ ဘယ်ရုံးမှာ မှတ်ပုံတင်မည်လဲ။ လမ်းဘေးကဝယ်သည့် တံဆိပ်ခေါင်းနှင့် အလုပ်ဖြစ်ပါ့မလား။ ကြုံရာဆုံရာ ဖြစ်သလို အဖိုးနည်းအိုးကွဲလုပ်မည်လား။ လမ်းဘေးမှာ အသင့်ရေးပြီး ကွန်ပျူတာ စီပြီး တံဆိပ်ခေါင်းနှင့် ချုပ်ဆိုမည်လား။ မပြည့်စုံသေး။

**စပ်ဆိုင်သော ဥပဒေများ**

(၁) ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ

(၂) ပဋိညာဉ်အက်ဥပဒေ

(၃) မှတ်ပုံတင်အက်ဥပဒေ

(၄) တံဆိပ်တော်ခွန်အက်ဥပဒေ

စသည့် ဥပဒေများနှင့်အညီ စာချုပ် ချုပ်ရပါမည်။ အခြားစပ်ဆိုင်သော ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ၊ အတွေ့အကြုံများကိုလည်း လေ့လာ မှတ်သားရပါမည်။ ရှုထောင့်အစုံ ဖြစ်သည်။

**အချိန်ပေးပါ**

အချိန်ပေးဖို့လိုပါသည်။ ချုပ်ဆိုပေး မည့်သူ(ရှေ့နေ)လေ့လာပါစေ။ တတ်သိ ပါစေ။ သဘောပေါက်ပါစေ။ ချုပ်ဆို မည့်သူ၊ သက်ဆိုင်မည့်သူများအားလုံး စုံညီပါစေ။ သိပါစေ။ နားလည်ပါစေ။ သူများယောင်၍ အမောင်ယောင်မိခြင်း မလုပ်နှင့်။ အသိဉာဏ်မကင်းမဲ့နှင့်။ သဘောမတူလျှင် မတူဘူးပြောပါ။ စာချုပ်ချုပ်ပြီးမှ စိတ်ပြောင်းသွားခြင်းမျိုး မဖြစ်သင့်ပါ။ “သေချာမှ နေကြာစိုက်ပါ” ဟု ပြောလိုသည်။

စာချုပ် ချုပ်ပေးသူရှေ့မှာဖြင့် အားလုံးသဘောတူသည် ပြောသည်။ အားလုံးပြီးမှ ဒီအချက်ပြင်ပေး၊ ဟိုအချက် ပြင်ပေးဆိုလျှင် နောက်ကျသွားပါပြီ။ စာချုပ်အတိုင်း လက်မှတ်ထိုးပြီးသည့် အတိုင်း ကျေနပ်ရမည်။ သဘောတူရမည်။ အခုစာကလေးကြော်၊ အခုဆီထမင်း မဖြစ်ပါနှင့်။

**ကိုယ်စားလှယ်လွှဲစာ**

အချို့က ကိုယ်တိုင်မလာ။ ကိုယ်တိုင်လက်မှတ်မထိုး။ ကိုယ်စားလှယ် လွှဲစာဖြင့် စာချုပ်လက်မှတ်ထိုးသည်။ အမှားအယွင်းဖြစ်တတ်သည်။ နောင်မှ နောင်တရကြစမြဲ။ ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ အမွေဆက်ခံခြင်း၊ သားသမီးမွေးစားခြင်း စသည်စသည်ဖြင့် စာချုပ်စာတမ်းများ အစုံအလင်ချုပ်ဆိုနိုင်သည်။ ကြိုက်ရာ ရွေးပါ။

**စာချုပ်စာတမ်းအတု**

အချို့က စာချုပ်စာတမ်းအတု ပြုလုပ်ကြသည်။ ဟုတ်သလိုလို ဟန်ဆောင်ကြသည်။ တစ်နေ့ပေါ်မည်။ ဒုက္ခရောက်မည်။ လိမ်ညာမှုဟူသည် ကြာရှည်မခံ။ အပြန်အလှန်စွပ်စွဲတတ်သည်။ အချက်အလက်တွေ မှန်ပြီဆိုသော်ငြား ပြဋ္ဌာန်းဥပဒေနှင့် ညီညွတ်ဦးမှ ဥပဒေနှင့် မညီလျှင် အပြစ်ဖြစ်မည်။ ဥပဒေပညာရှင်ရှေ့နေက ထောက်ပြမည်။ ဝေဖန်မည်။ သုံးသပ်မည်။ ရှေ့နေ ကိုယ်တိုင် အမှုသည်စိတ်ကြိုက် လိုက်စရာ မလို။ အမှန်ကိုအမှန်အတိုင်း၊ အရှိကို အရှိတိုင်း ရှင်းလင်းပြသင့်သည်။ အမှုသည်စိတ်ကြိုက်လိုက်မိ၍ (နောင်တစ်ချိန်ကျမှ) ရှေ့နေပါ အမှုသည် ဖြစ်သွားသည်။ “တရားခံဖြစ်သွားသော ရှေ့နေ” ဟု နာမည်ထွက်တတ်သည်။ သတိပြုဆင်ခြင်ကြရန် မေတ္တာရပ်ခံပါရစေ။

**သေသေချာချာစိစစ်ပါ**

မြေကွက်ကို သေသေချာချာ စိစစ်ပါ။ ဂရန်ကိုစစ်ဆေးပါ။ တကယ် မရှိသော ပစ္စည်းဖြစ်နေတတ်သည်။ မရှိကိုအရှိ လုပ်တတ်ကြသည်။ အတုတွေ ဖန်တီးတတ်သည်။ ပြောမယုံ ကြုံဖူးမှသိမည်။ ပြဿနာတွေအစုံ ကြုံဖူးခဲ့ပါပြီ။ ထို့ကြောင့် သေသေ ချာချာစိစစ်ပါဟု ရေးခြင်းပါ။ စိတ်မရှိပါနှင့်။

**အခွန်တော်**

အခွန်တော်ထမ်းဆောင်ဖို့ မည်သို့ သတ်မှတ်ပါသလဲ။ စာချုပ်စာတမ်းရုံး၏ လုပ်ထုံးလုပ်နည်းများ တိကျစွာ လိုက်နာရန် လိုအပ်သေးသည်။ ကန့်ထရိုက် ကိစ္စများ ရှုပ်ထွေးတတ်သည်။ ခုရှုပ်မှနောင်ရှင်းမည်။ လက်ရှိ အရှုပ်ကို သေချာစွာမေးပါ။ နားလည် အောင်လုပ်ပါ။ မသေမချာနှင့် သိသယောင်ယောင် မလုပ်သင့်ပါ။

**ပျက်ပြယ်သည့် အချက်များ**

ပျက်ပြယ်သည့် စာချုပ်မဖြစ်ဖို့ လိုအပ်သည်။ ဥပဒေနှင့်ညီညွတ်ဖို့ လိုအပ်သည်။ တရားဝင်စာချုပ်ဖြစ် ဖို့လိုအပ်သည်။ ဘယ်ရုံးမှာ ဖြစ်ဖြစ် တရားဝင်သောစာချုပ်ဖြစ်ဖို့ လိုအပ် သည်။ ရေရှည်တည်တံ့ခိုင်မြဲစေချင် သည်။

**အဖိုးနည်းအိုးကွဲ**

လမ်းဘေးစာချုပ်နှင့် အဖိုးနည်း အိုးကွဲမဖြစ်စေလို။ ဥပဒေမဲ့မဖြစ်စေလို။ တန်ရာတန်ဖိုးမပေးလို၍ လမ်းဘေး စာချုပ်ချုပ်မိသည်။ သက်သာသည် ထင်မိသည်။ မသက်သာရုံသာမက မတန်တဆဆုံးရှုံးမှုများနှင့် ကြုံရ ဆုံရတတ်သည်။ သတိပြုစေချင်သည်။

**နိုင်ငံခြားသားကုမ္ပဏီများ**

ယခုအခါ ဈေးကွက်စီးပွားရေး စနစ်အရ နိုင်ငံခြားသားကုမ္ပဏီများ အများအပြားပေါ်လာပြီ။ Law Firm များလည်း ပေါ်လာပြီ။ ဥပဒေ ကျွမ်းကျင်သူများ၏ အကူအညီ အထူး လိုအပ်သည်။ ချုပ်ဆိုသည့် တန်ဖိုးတွေ ကလည်း မနည်းပါ။ ဥပဒေပညာရှင်များ အတွက် ဉာဏ်ပူဇော်ခပေးရန်နှမြောပြီး အဖိုးနည်း အိုးကွဲစာချုပ်များ မချုပ် ဆိုစေချင်ပါ။ ဥပဒေနှင့်အညီ နိုင်ငံ တကာ အသိအမှတ်ပြု ဥပဒေဘောင် ဝင်သော စာချုပ်များဖြစ်မှသာ ရေရှည်အကျိုးစီးပွား တိုးပွားပါလိမ့် မည်။

**အကြံပြုတင်ပြချက်**

အရပ်စကား တရားမဝင်၊ အရပ် စာချုပ် ဘာလုပ်မည်လဲ။ ဥပဒေနှင့် ညီညွတ်သောစာချုပ် ချုပ်ဆိုနိုင်ကြ ပါစေ။ တရားဥပဒေဘောင်အတွင်း တရားဥပဒေနှင့် ညီညွတ်သော အလုပ်များ လုပ်ကိုင်ခြင်းဖြင့် နိုင်ငံ ကြီးသားများ ပီသပါစေကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**စေတနာ**

အရပ်ကတိစာချုပ် မချုပ်ဆိုမိ ဖို့ ဥပဒေအတွေး တွေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေး မျှသာ...။ ။

**လမ်းဘေးစာချုပ်နှင့် အဖိုးနည်း အိုးကွဲမဖြစ်စေလို။ ဥပဒေမဲ့ မဖြစ်စေလို။ တန်ရာတန်ဖိုးမပေးလို၍ လမ်းဘေး စာချုပ်ချုပ်မိသည်။ သက်သာသည် ထင်မိသည်။ မသက်သာရုံသာမက မတန်တဆ ဆုံးရှုံးမှုများနှင့် ကြုံရဆုံရတတ်သည်။ သတိပြုစေချင်သည်**

# ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

**ဒေါက်တာအောင်မြင့်ဦး ပါမောက္ခ (ဌာနမှူး) မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်**

**ယခုပို့ချချက်သည် ၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာ မေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများ ဖြစ်ပါသည်။ စိတ်ကြိုက်မြန်မာစာ ဘာသာရပ်သည် အဆင့်မြင့်မြန်မာစာ ဘာသာရပ်တစ်ခုဖြစ်ပြီး မြန်မာစာပေကို ချစ်မြတ်နိုးသူများအတွက် လွန်စွာသင့်လျော်သည့် ဘာသာရပ်တစ်ခုဖြစ်သည်။ အစဉ်အလာကြီးမားလှသော မြန်မာစာပေ၏ အမွေအနှစ်များကို လေ့လာရသည့်ဘာသာရပ်ဖြစ်သည့်အတွက်လည်း တန်ဖိုးကြီးမားလှပါသည်။ စိတ်ကြိုက်မြန်မာစာကို ထိထိရောက်ရောက် လေ့လာသင်ယူပါက ဘဝတစ်လျှောက်လုံး မြန်မာစာပေဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်မည့် ဘာသာရပ်တစ်ခုလည်း ဖြစ်ပါသည်။ ဘာသာရပ်ကို လေ့လာရာတွင် နှံ့နှံ့စပ်စပ် ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားရန် လိုအပ်သကဲ့သို့ စာမေးပွဲဖြေဆိုရာတွင်လည်း မေးခွန်းနှင့်အံဝင်ခွင်ကျ ဖြေဆိုတင်ပြနိုင်ရန် လိုအပ်ပါသည်။**

တက္ကသိုလ်ဝင်တန်း စိတ်ကြိုက်မြန်မာစာအတွက် ပြဋ္ဌာန်းထားသော စာအုပ် (၄) အုပ်ရှိပါသည်။ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်လက်ရွေးစင်၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနှင့် မြန်မာစာပေသမိုင်းတို့ ဖြစ်ပါသည်။ စာမေးပွဲမေးခွန်းပုံစံတွင်လည်း အဆိုပါ ပြဋ္ဌာန်းထားသောစာအုပ်(၄)အုပ် အတွက် တစ်ပုဒ်စီဖြင့် မေးခွန်းကြီး(၄)ပုဒ် ပါဝင်ပါသည်။ (၃) နာရီမေးခွန်းလွှာဖြစ်ပြီး မေးခွန်းအပုဒ်တိုင်းတွင် ပုဒ်ခွဲများ ပါဝင်ပါသည်။

**မေးခွန်း(၁)** သည် မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်မေးခွန်း ဖြစ်ပါသည်။ မေးခွန်း (၁) တွင် (က)နှင့်(ခ) မေးခွန်းပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ မေးခွန်း (၁) (က) သည် မြန်မာဝတ္ထုတို မေးခွန်း ဖြစ်ပါသည်။ တစ်ပုဒ်ဖြေဆိုရမည်ဖြစ်ပြီး ရွေးချယ်ရန်အတွက် နှစ်ပုဒ်မေးထားပါသည်။ မြန်မာဝတ္ထုတိုတွင် ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ ဆရာ (၁၁) ဦး၏ ဝတ္ထုတို (၁၁)ပုဒ် ကိုရွေးချယ် ပြဋ္ဌာန်းထားပါသည်။ ဝတ္ထုတိုဆိုသည်မှာ လူ့အကြောင်း၊ လောကအကြောင်းကို စာရေးသူ၏ စိတ်ကူးဉာဏ်ဖြင့် ဆင်ခြင်ဖွယ် သင်ခန်းစာယူဖွယ်ဖြစ်အောင် ဇာတ်လမ်းဆင် ဖန်တီးရေးဖွဲ့ထားသည့် ရသစာပေတစ်မျိုးဖြစ်သည့်အလျောက် ဝတ္ထုတိုလေ့လာမှုကို စစ်ဆေးအကဲဖြတ်ရာတွင် လူ့သဘာဝအဖွဲ့များ၊ စာရေးသူတို့၏ ဇာတ်လမ်းဖန်တီးမှုများ၊ ဝတ္ထုကပေးသော ဘဝသင်ခန်းစာများ စသည်တို့ကို မေးလေ့ရှိပါသည်။

ဝတ္ထုတိုတစ်ပုဒ်စီ၏ အလေးပေးချက်များကို ဖော်ထုတ်လေ့လာထားမည်ဆိုပါက ဝတ္ထုတိုနှင့် ပတ်သက်သည့် မေးမြန်းချက်များကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ဝတ္ထုတစ်ပုဒ်စီ၏ အလေးပေးချက်များကို သာဓကအားဖြင့် တင်ပြရလျှင် မောင်ဘစီဝတ္ထုတိုမှ လူငယ်တစ်ယောက်၏ ခံယူချက်နှင့် ကြိုးစားအားထုတ်မှု၊ သော့တွဲနှင့်နတ်ရုပ် ဝတ္ထုတိုမှ ဟန်ဆောင်ကောင်းသူနှစ်ဦး၏ စရိုက် သဘာဝ၊ အမေ ဝတ္ထုတိုမှ သားကိုချစ်သော မိခင်တစ်ယောက်၏ မေတ္တာ၊ ဇာတိနှင့်မရဏ ဝတ္ထုတိုမှ ဆင်ခြင်ဖွယ် သင်ခန်းစာယူဖွယ် အဖြစ်အပျက်များ စသည်တို့သည် ဝတ္ထုတစ်ပုဒ်ချင်းအလိုက် ပေါ်လွင်လျက်ရှိသော အလေးပေးမှုများဖြစ်သည်။ ထိုသို့သော အလေးပေးမှုများကို ဖော်ထုတ်လေ့လာထားရမည် ဖြစ်ပါသည်။

စိတ်ကြိုက်မြန်မာစာ ဘာသာရပ်မေးခွန်း ၁ (ခ) သည် မြန်မာပြဇာတ် မေးခွန်း ဖြစ်သည်။ ပြဇာတ် (၃) ပုဒ်သာ ပြဋ္ဌာန်းထားသည့်အတွက် ထိုပြဇာတ် (၃) ပုဒ်ကိုပင် ရှုထောင့်အမျိုးမျိုးမှ စစ်ဆေး အကဲဖြတ်မည် ဖြစ်ပါသည်။ ပြဇာတ်လေ့လာရာတွင်လည်း ဝတ္ထုတိုကဲ့သို့ပင် ပြဇာတ်၏ အလေးပေးမှု၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ ပြဇာတ်နောက်ခံနှင့် အရေးအဖွဲ့တို့ကို လေ့လာရမည်ဖြစ်သည်။ သို့ရာတွင် ပြဇာတ်နှင့် ဝတ္ထုတိုတို့၏အဓိကကွဲပြားချက်မှာ ပြဇာတ်သည် ဇာတ်ဆောင်တို့၏ အပြန်အလှန်ပြောစကားများကို အဓိကထား၍ ရေးဖွဲ့ထားခြင်းဖြစ်ရာ ပြဇာတ်အလေးကဲမှု၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံ စသည်တို့ကို ဇာတ်ဆောင်တို့၏ အပြန်အလှန် ပြောစကားများမှ ဖော်ထုတ်ရပါသည်။

ပြဋ္ဌာန်းထားသည့် ပြဇာတ် (၃) ပုဒ်တွင် အာဇာနည်မိခင်ပြဇာတ်သည် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွင် အသက်ပေးသွားသည့် အာဇာနည်သားကောင်းတို့၏ မိခင်ဖြစ်ရခြင်းသည် ဂုဏ်ယူဖွယ်ကောင်းသည်ဟု ခံယူထားသော အာဇာနည်မိခင်တစ်ဦး၏ စိတ်ဓာတ်၊ မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ ပြဇာတ်တွင် မိဘအမွေကို လောဘဇောတက်ကာ ခွဲဝေနေကြသည့် သမီးများ၏ စရိုက်သဘာဝ၊ မြန်မာစာပရိုဂရက်(စ်) ဖြစ်ဖို့ ပြဇာတ်တွင် မြန်မာစာတိုးတက်ရေးဆွေးနွေးပွဲ၌ အင်္ဂလိပ်စကားလုံးများကို လွန်လွန်ကဲကဲ ညှပ်ပြောနေကြသော မြန်မာစာဆရာများ၏ အပြောတစ်မျိုး အလုပ်တစ်မျိုး ပြုမူချက်များတို့သည် ပြဇာတ်တစ်ပုဒ်ချင်းစီ၏ အလေးပေး ဖော်ပြချက်များပင် ဖြစ်ပါသည်။

**မေးခွန်း(၂)** သည် သံဝရပျို့မေးခွန်းဖြစ်သည်။ သံဝရပျို့ မေးခွန်းတွင် ပုဒ်ခွဲ (၂) ခု ပါဝင် ပါသည်။ ၂(က)သည် ပျို့စာကိုယ်လာ စာပိုဒ်များကို ရှင်းပြရန်ဖြစ်ပြီး ၂(ခ) သည် ပျို့အကြောင်းအရာ၊ အရေးအဖွဲ့နှင့် သုတရသ သင်ခန်းစာများကို မေးခြင်းဖြစ်သည်။ မေးခွန်း ၂ (က) ကို ကောင်းစွာဖြေဆိုနိုင်ရန်အတွက် ပျို့တွင် ပါရှိသော ဥပမာအလင်္ကာအဖွဲ့များ၊ ရူပကအလင်္ကာအဖွဲ့များ၊ အနက်အဓိပ္ပာယ်ပြည့်ဝပြီး အဖွဲ့အစပ်ကောင်းမွန်သောအဖွဲ့များ၊ အဓိပ္ပာယ်ထူးခြားသောအဖွဲ့များ၊ စကားပုံများ၊ ဆိုရိုးစကားများ စသည်တို့၏ အဓိပ္ပာယ်များကိုလည်း အသေးစိတ်လေ့လာထားရန် လိုအပ်ပါသည်။ ပေးထားသော ပျို့စာသားကို ဆိုလိုရင်းမှန်ကန်စွာဖြင့် ပြေပြေပြစ်ပြစ် ရှင်းလင်းဖြေဆိုရမည် ဖြစ်ပါသည်။

မေးခွန်း (၂) (ခ) ကို ဖြေဆိုနိုင်ရန်အတွက် အဓိကဇာတ်ဆောင်သုံးဦးဖြစ်သည့် ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနှင့် သံဝရမင်းသားတို့၏ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးနှင့် ဂုဏ်ရည်များ၊အနှစ်သက်ဆုံးအခန်း၊ ရသမြောက်အဖွဲ့များ၊ ဖခင်နှင့်သားတို့၏ နှစ်လိုဖွယ်ဆက်ဆံရေး၊ ဆရာကောင်း တပည့် ပန်းကောင်း ပန်သောသဘော စသည်ဖြင့် သံဝရပျို့မှ ထူးခြားလေးနက်သော အနှစ်သာရများကို ထုတ်ဖော်လေ့လာထားရမည် ဖြစ်သည်။ ပျို့စာကိုယ်ကို မူရင်းဇာတ်တော်လာ အကြောင်းအရာနှင့် ယှဉ်တွဲလေ့လာထားပြီး မိမိအရေးအသားဖြင့် ပြန်လည်ရေးသားတင်ပြနိုင်အောင် လေ့ကျင့်ထားမည်ဆိုပါက သံဝရပျို့မေးခွန်း (၂) (ခ) ကို ကောင်းစွာ ဖြေဆိုနိုင်မည် ဖြစ်ပါသည်။

စိတ်ကြိုက်မြန်မာစာ **မေးခွန်းနံပါတ် (၃)** သည် မြန်မာကဗျာဖွဲ့နည်းမေးခွန်း ဖြစ်ပါသည်။ မေးခွန်း နံပါတ် (၃) တွင်လည်း (က) နှင့် (ခ) ပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ (၃) (က) သည် မြန်မာကဗျာဖွဲ့နည်း စာအုပ်ပါ ကဗျာအမျိုးအစား (၈)မျိုးနှင့် ပတ်သက်သည့် ဖွင့်ဆိုချက်များ၊ ရှင်းလင်းချက်များကို မှတ်စုရေးခိုင်းသည့် မေးခွန်းဖြစ်သည်။ (၄) ခုပေးထားပြီး (၂)ခု ဖြေဆိုရပါမည်။ (၃) (က) မေးခွန်းကို ကောင်းစွာ ဖြေဆိုနိုင်ရန်အတွက် မြန်မာကဗျာဖွဲ့နည်းစာအုပ်မှ အချိုးကဗျာများ၊ သံချိုကဗျာ၊ ချေင်းကဗျာများ၊ တေးထပ်ကဗျာ တို့နှင့်ပတ်သက်သည့် ကဗျာအမျိုးအစားတစ်ခုချင်း၏ အဓိပ္ပာယ် ဖွင့်ဆိုချက်၊ သဘောသဘာဝ၊ ကဗျာစပ်နည်းအမျိုးမျိုး စသည်တို့ကို သေချာစွာ လေ့လာထားရမည် ဖြစ်သည်။ ထို့ပြင် ထူးခြားသည့် ကာရန်ယူစနစ်များ ဖြစ်သည့် ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန် အကြောင်း၊ ကဗျာဉာဏ်ကွန့်မြူးနိုင်ရန်အတွက် ဇဝနဉာဏ်၊ လက်တန်းဉာဏ် စသည့် မြန်မာကဗျာဆိုင်ရာသိမှတ်စရာများကိုလည်း လေ့လာမှတ်သားရမည် ဖြစ်သည်။

ကဗျာဖွဲ့နည်းများတွင် ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ် ဟူသော ကဗျာအမျိုးအစား (၈) မျိုးကို ဖော်ပြထားသည်။ ထိုကဗျာ(၈)မျိုး၏ ဖွဲ့နည်းများကို ဖော်ပြရာတွင် သက်ဆိုင်ရာ ကဗျာအမျိုးအစား၏ အခေါ်အဝေါ် အဓိပ္ပာယ်များ၊ စပ်နည်းများ၊ သာဓက ပုံစံများ၊ လေ့ကျင့်ခန်းများ ပြည့်စုံစွာ ဖော်ပြထားသည်။ ကဗျာစပ်နည်း အမျိုးမျိုးအနက် ထူးခြားသည့် ကာရန်ယူစနစ်များ ဖြစ်သည့် ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန် ကာရန်၊ အခံကာရန်၊ အအုပ်ကာရန် အကြောင်း၊ ကဗျာဉာဏ် ကွန့်မြူးနိုင်ရန်အတွက် ဇဝနဉာဏ်၊ လက်တန်းဉာဏ် စသည့် မြန်မာကဗျာဆိုင်ရာ သိမှတ်စရာများကိုလည်း လေ့လာမှတ်သားရမည် ဖြစ်သည်။

မေးခွန်း(၃) ပုဒ်ခွဲ(ခ)သည် ကဗျာကာရန်ယူပုံကို လက်တွေ့ပုံစံပြ ဖြေဆိုရသည့် မေးခွန်းဖြစ်သည်။ ကဗျာတစ်ပုဒ်ပေးထားပြီး ယင်းကဗျာ၏ အမျိုးအမည်ကို ဖြေရမည် ဖြစ်ပြီး ကာရန်စနစ်ကို သင်္ကေတဖြင့် ပြရမည်ဖြစ်သည်။ ကာရန်ယူပုံစနစ်ကို သင်္ကေတ ဖြင့် ရှင်းပြရာတွင် စာသားကို မျဉ်းတို၊ ပိုဒ်တွင်းကာရန်ကို ခရေပွင့်၊ အခံပိုဒ်ဆုံး အချိုးသတ်ကာရန်ကို အပေါင်းလက္ခဏာတို့ဖြင့် သင်္ကေတပြု ဖော်ပြရမည်ဖြစ် သည်။

- ❖ စာသား - -
- ❖ ပိုဒ်တွင်းကာရန် - *
- ❖ အချိုးသတ်ကာရန် - +

**မေးခွန်း(၄)** သည် မြန်မာစာပေသမိုင်းပြဋ္ဌာန်းချက်ကို စစ်မေးသည့် မေးခွန်းဖြစ်သည်။ တက္ကသိုလ်ဝင်တန်း မြန်မာစာပေ သမိုင်းပြဋ္ဌာန်းချက်အနေဖြင့် ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ် ခေတ်နှစ်ခေတ်ကို ပြဋ္ဌာန်းထားသည်။ မေးခွန်း (၄)တွင် (က) နှင့် (ခ) မေးခွန်းပုဒ်ခွဲ နှစ်ခု ပါဝင်ပါသည်။ မေးခွန်း (၄) (က)သည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး (၄)(ခ)သည် ရှင်းလင်းတင်ပြ ဖြေဆိုရသော မေးခွန်း ဖြစ်သည်။ မေးခွန်း (၄) (က) (၈)ခု မေးထားပြီး (၅) ခုဖြေရပါသည်။ ခေတ်နှစ်ခေတ်၏ စာပေဆိုင်ရာ အချက်အလက်များကို မေးပါသည်။ သာဓကအားဖြင့် ဘကြီးတော်လက်ထက် အင်္ဂလိပ်မြန်မာ စစ်ပွဲအပြီး ကာလကတ္တားတွင် ရုံးစိုက်ရသော မင်းကြီးမဟာစည်သူရေးသားသော ခရီးသွားမှတ်တမ်းကား အဘယ်နည်း။ နန်းစဉ်ပုစ္ဆာအဖြေကျမ်းကို မည်သူရေးသနည်း။ ပထမ မြန်မာကာလပေါ် ဝတ္ထုအမည်ကို ဖော်ပြပါ စသည့်မေးခွန်းမျိုးဖြစ်သည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းများ ဖြေဆိုရာတွင် တိတိကျကျ ဖြေဆိုရမည် ဖြစ်သည်။

မေးခွန်း(၄) (ခ) သည် မြန်မာစာပေသမိုင်းမှ ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ် နှစ်ခေတ်၏ ခေတ်အလိုက် စာပေထူးခြားချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးရသည့် မေးခွန်းဖြစ်သည်။ သာဓကအားဖြင့် ကုန်းဘောင်ခေတ် စကားပြေ အခြေအနေကို လေ့လာတင်ပြပါ။ ကုန်းဘောင်ခေတ် ပြဇာတ်များအကြောင်းကို လေ့လာတင်ပြပါ။ ကိုလိုနီခေတ် ကဗျာလမ်းကြောင်းကို ဆွေးနွေးပါ စသည့်မေးခွန်းမျိုးဖြစ်ပါသည်။ ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ် စာပေသမိုင်း တစ်လျှောက် ခေတ်အလိုက် ခေတ်လိုအင်အရ ဦးတည်ချက်များ၊ အလေးပေးပုံများ ပြောင်းလာပုံ၊ အကြောင်းအရာများ ကျယ်ပြန့်လာပုံ၊ စာဆိုများ စာပေပုံသဏ္ဌာန်များ တစ်စတစ်စ တိုးပွားလာပုံတို့ကို လေ့လာထားရမည် ဖြစ်သည်။

စိတ်ကြိုက်မြန်မာစာသည် မေးခွန်း အပုဒ်ကြီး (၄)ပုဒ်သာ မေးမြန်းခြင်းဖြစ်ပြီး ပြဋ္ဌာန်းစာအုပ် (၄) အုပ်တွင် (၁) အုပ်လျှင် အပုဒ်ကြီး (၁) ပုဒ် မေးမြန်းထားခြင်း ဖြစ်သည်။ မေးခွန်းများကို ခြွင်းချန်ဖြေဆိုမည်ဆိုလျှင် အောင်မှတ်ရရှိရန် မလွယ်သဖြင့် ပြဋ္ဌာန်းစာ (၄) အုပ်ကို ခြွင်းချန် ကျက်မှတ်မရနိုင်ပေ။ စိတ်ကြိုက်မြန်မာစာတွင် ပြဋ္ဌာန်းထားသည့် စာအုပ် (၄) အုပ်စလုံးသည် စိတ်ဝင်စားဖွယ်ကောင်းပြီး မြန်မာစာပေ၏ အဆီအနှစ်များဖြစ်သည်။ သို့ဖြစ်ရာ စိတ်ကြိုက်မြန်မာစာယူထားသည့် ကျောင်းသူကျောင်းသားများအနေဖြင့် မိမိတို့ ရွေးချယ်ထားသည့် စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို ကျောင်းသင်စာအနေဖြင့်သာမက အသုံးချဘာသာရပ်တစ်ခုအဖြစ် စိတ်ဝင်စားစွာ လေ့လာဆည်းပူးထားပါက စာမေးပွဲတွင် အခက်အခဲမရှိ ထူးချွန်စွာ ဖြေဆိုနိုင်မည် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်း စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် စာမေးပွဲကြီးကို မိမိရည်မှန်းထားသည့်အတိုင်း ထူးချွန်ပေါက်မြောက် အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေဟု ဆန္ဒပြုရင်း ယခုပို့ချချက်ကို နိဂုံးချုပ်ပါသည်။

## စာမေးပွဲရာသီကာလ ဆူညံသံကင်းဝေးပြီး လျှပ်စစ်မီးမှန်စေလို

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ယခုရက်ပိုင်းမှစ၍ မတ်လအထိ ကျောင်းသူ ကျောင်းသားများ စာမေးပွဲများ စတင်ဖြေဆိုကြရသည့် ကာလဖြစ်ရာ လျှပ်စစ်မီးအချိန်မှန်ရရှိခြင်း၊ အသံချဲ့စက်နှင့် ဆောင်းဘောက် စသည့် ဆူညံသံများ ဖွင့်လှစ်မှုမရှိစေရန် အထူးလိုအပ်နေကြောင်း ကျောင်းသားမိဘများက ပြောသည်။

ရန်ကုန်အပါအဝင် ဒေသအများအပြားတွင် အသံချဲ့စက်နှင့် ဆောင်းဘောက်ဖွင့်လှစ်နေသည့် ဒဏ်ကြောင့် ပြည်သူအများနားမခံနိုင်အောင် ခံစားနေကြရသည်။

အသံချဲ့စက်ဖွင့် အသုံးပြုနေခြင်းကို စည်းကမ်းမဲ့ လုပ်ဆောင်နေခြင်းများ အပေါ် သက်ဆိုင်ရာက အရေးယူခြင်း အားနည်းနေသဖြင့် စီးပွားရေး၊ လူမှုရေး လုပ်ငန်းများအတွက် အသံချဲ့စက်နှင့် ဆောင်းဘောက်များ လူနေရပ်ကွက်အတွင်း နေ့စဉ်နီးပါးဖွင့်လှစ်မှုမှ ထွက်ပေါ်လာသော ဆူညံသံများကို ပြည်သူများ ခံစားနေရဆဲဖြစ်သည်။ စာသင်နှစ်တစ်နှစ်တာ ကုန်ဆုံးချိန် စာမေးပွဲများကို ဖေဖော်ဝါရီနှင့် မတ်လအတွင်းစစ်ဆေးကျင်းပတတ်သည်။ ကျောင်းတွင်း စာမေးပွဲများကို ပထမဆုံးစစ်ဆေးပြီး စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲများ စစ်ဆေးကာ တက္ကသိုလ်ဝင် စာမေးပွဲများ ကျင်းပစစ်ဆေးရန်ရှိသည်။

ဖေဖော်ဝါရီလမှစ၍ စတင်ရောင်းချလာသော ကျပ် ၁၀၀၀ တန်ထီလက်မှတ်များကို ထီဆိုင်အချို့တွင် ဆောင်းဘောက်များဖွင့်၍ ရောင်းချလာသည်ကိုလည်း မြင်တွေ့ရသည်။

အများပြည်သူများအကြား ဆူညံသံဖြစ်စေသည့် အသံချဲ့စက်များ၊ ဆောင်းဘောက်များ စည်းကမ်းမဲ့စွာလူမှုရေး၊ စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုနေသည့်ဖြစ်စဉ်များကိုသက်ဆိုင်ရာမှ အလေးထားအရေးယူပေးရန် လိုအပ်နေသည်။ အထူးသဖြင့် စာမေးပွဲကာလတွင် အထူးဆောင်ရွက် အရေးယူပေးသင့်ကြောင်း ပြောဆိုကြသည်။

လျှပ်စစ်မီးများ မကြာခဏ ပြတ်တောက်တတ်သော်လည်း စာမေးပွဲ ကာလတစ်လတာ ဝန်းကျင်တွင် လျှပ်စစ်မီးပြတ်တောက်ခြင်း နည်းတတ်သည်ကို ယခင်နှစ်စာမေးပွဲကာလတွင် တွေ့ကြုံခဲ့ရသည်။

ထို့အတူ ဆူညံသံဖြစ်ပေါ်စေသည့် အသံချဲ့စက်နှင့် ဆောင်းဘောက်များ အသုံးပြုနေခြင်းများကိုလည်း စည်းကမ်းတကျဖြစ်စေလိုသည်ဟု မြို့တွင်းနေသူများက ပြောဆိုလာသည်။

**ခင်ဆိုင်**

## မူခင်းကျဆင်းရေး အသိပညာပေး

**ပလောက် ဖေဖော်ဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ ကျောက်လုံးကြီးကျေးရွာ၌ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နေ့လည်ပိုင်းက ကျောက်လုံးကြီးကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးဝေက မုဒိမ်းမှု၊ အသက်ငယ်မုဒိမ်းမှုများမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗိုလ်ချုပ်မိန့်ခွန်းကောက်နုတ်ချက်များ၊ မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိများကို နံရံကပ်ဓာတ်ပုံများ၊ စာစောင်များဖြင့်ပြသရာ တက်ရောက်လာကြသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က မုက္ကဒိ-ဖားနွဲ့ကျွန်း လူကူးကြိုးတံတား (အိပ်မက်တံတား)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ပြည်ထောင်စုနေ့ဂုဏ်ပြု မြန်မာ့ကျောက်စိမ်းရတနာ စိုက်ထူပွဲ မြစ်ကြီးနားမြို့၌ ပြုလုပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၂ ရက်က ဆွမ်ပရာဘွမ်လမ်းမကြီး ဆမားလမ်းဆုံ၌ ကျောက်စိမ်းရတနာစိုက်ထူပွဲ ကျင်းပသည်။ ရှေးဦးစွာ သိက္ခာတော်ရဆရာတော်က အခမ်းအနားဖွင့် ဆုတောင်းပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဂုဏ်ပြုအမှာစကား ပြောကြားကာ မြန်မာ့ကျောက်စိမ်းရတနာအား လှူဒါန်းပေးသော အလှူရှင် ဘန်လွန်ဒူဝါ ဒေါက်တာဘွမ်ယွန်က လှူဒါန်းရခြင်း ရှင်းလင်းပြောကြားသည်။ ထို့နောက်အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီ၊ သယံဇာတဝန်ကြီး ဦးလဆိုင်း၊ အလှူရှင် ဘန်လွန်ဒူဝါ ဒေါက်တာဘွမ်ယွန်တို့က ကျောက်စိမ်းရတနာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**လဘန်အောင် (ကချင်မြေ)**

# ရန်ကုန်မြို့နေ ဓနုတိုင်းရင်းသားမိသားစုဝင်များ ပြည်ထောင်စုနေ့ အခါးရည်ဝိုင်းကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်မြို့နေ ဓနုတိုင်းရင်းသားမိသားစုဝင်များ၏ ၂၀၁၉ ခုနှစ် ပြည်ထောင်စုနေ့ အခါးရည်ဝိုင်းကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် မြို့မရပ် ကြားတောရလမ်း ဓနုတိုင်းရင်းသားဓမ္မာရုံတွင် ကျင်းပသည်။ **(အောက်ပုံ)**

ယနေ့ကျင်းပသော အခါးရည်ဝိုင်းသည် ဓနုလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်ပြီး ရန်ကုန်မြို့နေ ဓနုတိုင်းရင်းသားများ တွေ့ဆုံပွဲအနေဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ဓနုတိုင်းရင်းသားမိသားစုအသင်း (ရန်ကုန်)မှ ကျင်းပသော အခါးရည်ဝိုင်းတွင် အသင်းဥက္ကဋ္ဌ ဦးအောင်ကြိုင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အသင်းအတွင်းရေးမှူးက ဓနုတိုင်းရင်းသား မိသားစုအသင်း၏ လုပ်ငန်းဆောင်တာများကို ရှင်းပြသည်။ ထို့နောက် ဓနုတိုင်းရင်းသားရိုးရာအကအဖွဲ့များက တိုင်းရင်းသားသီချင်းများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေခဲ့ကြသည်။

ဓနုတိုင်းရင်းသားမိသားစုအသင်း (ရန်ကုန်)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က "အခါးရည်ဝိုင်းဆိုတာ ဓနုတိုင်းရင်းသားတွေရဲ့ရေနွေးကြမ်းဝိုင်းပေါ့နော်။ ရှေးအရင်တုန်းက ဈေးနေ့တွေမှာ တွေ့ကြပြီးတော့ စားကြသောက်ကြ တွေ့ကြဆုံကြတဲ့ ရိုးရာဓလေ့တွေ ရှိခဲ့ဖူးပါတယ်။ အခုလို အဝေးရောက်နေတဲ့ အခါမှာလည်း ဒီထုံးစံလေးကို သတိရသောအားဖြင့် အခါးရည်ကြမ်းဝိုင်းဆိုပြီး နာမည်ပေးတာပါ။ တစ်နည်းအားဖြင့် ရန်ကုန်မှာရှိတဲ့ ဓနုတိုင်းရင်းသားတွေ တွေ့ဆုံပွဲလို့ ပြောလို့ရပါတယ်"ဟု အခါးရည်ဝိုင်း ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ရန်ကုန်မြို့တွင် ခန့်မှန်းခြေအားဖြင့် ဓနုတိုင်းရင်းသားမိသားစုဝင်ပေါင်း ၂၀၀၀၀ ခန့်ရှိမည်ဟု ယူဆထားပြီး ဓနုတိုင်းရင်းသား မိသားစုအသင်း (ရန်ကုန်) ဝင် ၇၀၀ နီးပါးရှိကြောင်း သိရသည်။ ဓနုတိုင်းရင်းသားတို့၏ အခါးရည်ဝိုင်းတွင် ရိုးရာအစားအစာ ကောက်ညှင်းပေါင်း၊ အကြော်စုံ၊ အခါးရည်၊ ယာကုနီများ ပါဝင်ကြောင်း တွေ့ရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - အာကာစိုး**



# မုက္ကဒိ-ဖားနွဲ့ကျွန်း လူကူးကြိုးတံတား (အိပ်မက်တံတား)အား ဖွင့်လှစ်

**ဘားအံ ဖေဖော်ဝါရီ ၁၂**

ကရင်ပြည်နယ် ဘားအံမြို့ သံလွင်မြစ်အနောက်ဘက်ကမ်းရှိ မုက္ကဒိကျေးရွာနှင့် သံလွင်မြစ်ရေလယ်၊ ဖားနွဲ့ကျွန်းပေါ်ရှိ ဖားနွဲ့ကျွန်းကျေးရွာတို့ကို ဆက်သွယ်သော မုက္ကဒိ-ဖားနွဲ့ကျွန်း လူကူးကြိုးတံတား (အိပ်မက်တံတား) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီက အဆိုပါတံတား တည်နေရာတွင် ကျင်းပသည်။

မုက္ကဒိ-ဖားနွဲ့ကျွန်း လူကူးကြိုးတံတား (အိပ်မက်တံတား)ကို ၂၀၁၇-၂၀၁၈ ခုနှစ် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကျပ် သန်း ၃၀၀၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ်သန်း ၁၃၀ တို့ဖြင့် ချဉ်းကပ်လမ်းတစ်ဖက်လျှင် ပေ ၁၂၀ ပါဝင်သော အရှည်ပေ ၆၄၀၊ အကျယ် ခြောက်ပေ၊ သံကူကွန်ကရစ်အုတ်မြစ်၊ Steel Deck ကြမ်းခင်း၊ ရေလမ်းကင်းလွတ်အမြင့် ငါးပေဖြင့် Asia Capital Alliance Co, Ltd မှ တာဝန်ယူ တည်ဆောက်ထားခြင်းဖြစ်ပြီး ယခင်က အရှည်ပေ ၃၅၀ ခန့်ရှိ သစ်ဝါးတို့ဖြင့် ယာယီတံတားတစ်စင်းကို ဒေသခံကျေးရွာသူ ကျေးရွာသားများ တည်ဆောက်ထားရှိရာ မိုးတွင်းကာလ ရေစီးသန်မှုကြောင့် သံလွင်မြစ်အတွင်း နှစ်စဉ်မျောပါခဲ့ရသောကြောင့် ဖားနွဲ့ကျွန်းကျေးရွာ၏ အဓိက စိုက်ပျိုးရေး ထွက်ကုန်များကို တင်ပို့ရောင်းချရာတွင်လည်းကောင်း၊ ကျေးရွာ၏ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင်လည်းကောင်း၊ ဖားနွဲ့ကျွန်းကျေးရွာမှ ကျောင်းသား ကျောင်းသူများသည် တစ်ဖက်ကမ်း မုက္ကဒိကျေးရွာအထက်တန်းကျောင်းသို့ သွားရောက်၍ စာသင်ရသည့်အတွက် မိုးရာသီတွင် ရေစီးသန်သည့် သံလွင်မြစ်ကို လှေ၊ ဖောင်တို့ဖြင့် ဖြတ်ကူးရာတွင် အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းတို့ကြောင့် အများပြည်သူတို့၏အကျိုးကိုရှေးရှု၍ မုက္ကဒိ-ဖားနွဲ့ကျွန်း လူကူးကြိုးတံတား (အိပ်မက်တံတား)ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ကျေးရွာသူကျေးရွာသားများကိုယ်စား ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးတို့က မုက္ကဒိ-ဖားနွဲ့ကျွန်း လူကူး ကြိုးတံတား (အိပ်မက်တံတား)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး၍ အဆိုပါတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

**မြိတ် (တနင်္သာရီတိုင်းဒေသကြီး)**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် လူထုစုပေါင်းစက်ဘီးအပျော်စီးနင်းပွဲကို မြိတ်မြို့တွင် မြိတ်အပျော်တန်းစက်ဘီးအသင်း (MABC)မှ ကြီးမှူး၍ စက်ဘီးစီးဝါသနာရှင် လူကြီး လူငယ် အမျိုးသား အမျိုးသမီးများ စုပေါင်း၍ စက်ဘီးအစီး ၁၀၀၀ ခန့်ဖြင့် ဖေဖော်ဝါရီ ၁၂ ရက်က ဂုဏ်ပြု စီးနင်းခဲ့ကြကြောင်း သိရသည်။

**မြိတ် (ပြန်/ဆက်)**

**ထန်တလန် (ချင်းပြည်နယ်)**

ထန်တလန်မြို့တွင် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များအား အလေးပြုခြင်းကို မြို့နယ်ရဲတပ်ဖွဲ့က ဦးဆောင်၍ အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပြည်ထောင်စုနေ့ ဂုဏ်ပြု စက်ဘီးစီးနင်းပွဲ မြိတ်မြို့၌ ပြုလုပ်စဉ်။




**ဖားကန့်(ကချင်ပြည်နယ်)**

ဖားကန့်မြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က ပြည်ထောင်စုနေ့အထိမ်းအမှတ် ချစ်ကြည်ရင်းနှီးမှုအဖြစ် တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲကျင်းပရာ ကချင်၊ ရှမ်း၊ ရခိုင်၊ ချင်း၊ ပလောင်၊ လီဆူနှင့် ဗမာ တိုင်းရင်းသားတို့၏ အစားအစာများ ပါဝင်ရောင်းချကြပြီး အားကစားပြိုင်ပွဲများအဖြစ် အမျိုးသား ဘော်လီဘော၊ အမျိုးသမီး ဘော်လီဘောနှင့် အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲများ ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကောလင်း (စစ်ကိုင်းတိုင်းဒေသကြီး)**

ကောလင်းမြို့နယ်၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ဗိုလ်ချုပ်ပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုနေ့အထိမ်းအမှတ် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက ဖတ်ကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗိုလ်ချုပ်အောင်ဆန်း (၁၀၄) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ဓာတ်ပုံပြပွဲ၊ ပြည်ထောင်စုနေ့ အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မိတ္ထီလာ (မန္တလေးတိုင်းဒေသကြီး)**

မိတ္ထီလာတွင် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့မရပ်ကွက်ရှိ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက ဖတ်ကြားသည်။ ယင်းအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရေးပါတီများနှင့် ဒေသခံပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

**မောင်တော (ရခိုင်ပြည်နယ်)**

ရခိုင်ပြည်နယ် မောင်တောမြို့၌ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား သဝဏ်လွှာဖတ်ကြားခြင်းကို ဖေဖော်ဝါရီ ၁၂ ရက်က မောင်တောမြို့နယ် မြို့မအားကစားဘောလုံးကွင်းတွင် ကျင်းပပြုလုပ်သည်။ အခမ်းအနားသို့ လူထုအင်အား ၈၀၀ ခန့် တက်ရောက်ခဲ့ပြီး လူစည်ကားသောနေရာများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

# လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်း**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၀ ပြည့်နှစ်၊ လ ရက်**
**(၂၀၁၉ ခုနှစ်၊ လ ရက်)**

**နိဒါန်း**

ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (ခ) ကို ကျင့်သုံး၍ တာဝန်မှပြန်လည်ရုပ်သိမ်းလိုပါက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်၊

(ခ) **လွှတ်တော်**ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည် -

(၁) ပြည်သူ့လွှတ်တော်၊

(၂) အမျိုးသားလွှတ်တော်၊

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်။

(ဂ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ လွှတ်တော်တစ်ရပ်ရပ်သို့ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံထားရပြီး သက်ဆိုင်ရာလွှတ်တော်တွင် ကတိသစ္စာပြုလက်မှတ်ရေးထိုးပြီးဖြစ်သော ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကိုသာ ဆိုသည်၊

(ဃ) **သက်ဆိုင်ရာမဲဆန္ဒနယ်**ဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်တင်မြှောက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ သတ်မှတ်ထားသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်ကို ဆိုသည်၊

(င) **မူလမဲဆန္ဒရှင်များ**ဆိုသည်မှာ သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကျင်းပချိန်တွင် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အတည်ပြုထားသော မဲစာရင်းပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကို ဆိုသည်၊

(စ) **တိုင်တန်းချက်**ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်အား တာဝန်မှ ပြန်လည်ရုပ်သိမ်းရန် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းသော တိုင်တန်းချက်ကို ဆိုသည်၊

(ဆ) **တိုင်တန်းချက်တင်သွင်းသူ**ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်အား တာဝန်မှပြန်လည်ရုပ်သိမ်းရန် တိုင်တန်းချက်တွင် ဦးဆောင်တိုင်တန်းသူနှင့် အမည်ဖော်ပြ လက်မှတ်ရေးထိုးသူများကို ဆိုသည်၊

(ဇ) **တိုင်တန်းချက်တင်သွင်းခြင်းခံရသူ**ဆိုသည်မှာ တိုင်တန်းချက် တင်သွင်းခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်၊

(ဈ) **စုံစမ်းစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ တိုင်တန်းချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် ဤဥပဒေအရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

**အခန်း (၂)**

**တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း**

၃။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည် -

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းပျက်ယွင်းခြင်း၊

(င) ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း။

၄။ တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က ပုဒ်မ ၃ ပါ အကြောင်းတစ်ရပ်ရပ်အရ ရုပ်သိမ်းလိုခြင်းဖြစ်ကြောင်း လက်မှတ်ရေးထိုး၍ သတ်မှတ်ချက်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းရမည်။

၅။ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ်အပေါ် တိုင်တန်းချက်ကို လက်ခံရရှိပါက သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံသို့ အသိပေးအကြောင်းကြားရမည်၊

(ခ) သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည် အသိပေးအကြောင်းကြားချက်ကိုလက်ခံရရှိပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ စီမံဆောင်ရွက်ရမည်၊

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်တန်းချက်ပါ အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြနိုင်ရန် တိုင်တန်းချက် တင်သွင်းခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို အကြောင်းကြားရမည်။

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် -

(က) တိုင်တန်းချက်ကို လက်ခံရရှိသည့်အခါ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က) အရ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ၁ ဦး ဥက္ကဋ္ဌ

(၂) ဥပဒေကျွမ်းကျင်သူနိုင်ငံသား ၂ ဦး အဖွဲ့ဝင်

(၃) သင့်လျော်သောနိုင်ငံသား ၁ ဦး အဖွဲ့ဝင်

(၄) သက်ဆိုင်ရာလွှတ်တော်မှ ကိုယ်စားလှယ် ၁ ဦး အဖွဲ့ဝင်

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရာတွင် လိုအပ်ပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးရေကို သင့်လျော်သလို ထည့်သွင်းဖွဲ့စည်းနိုင်သည်၊

(ဃ) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) နှင့် (၃) ပါ အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေကို သတ်မှတ်ပေးရမည်၊

(င) စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း ပြီးစီးရမည့်အချိန်ကာလကို သတ်မှတ်ပေးရမည်။

**အခန်း(၃)**

**စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်း၏ တိုင်တန်းချက် ဟုတ် မဟုတ် ဦးစွာစုံစမ်းစစ်ဆေးရမည်၊ အနည်းဆုံး တစ်ရာခိုင်နှုန်းပြည့်မီခြင်း မရှိပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်တန်းချက်ကို ပလပ်နိုင်ရန် ထောက်ခံချက်ဖြင့် တင်ပြရမည်။

၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တိုင်တန်းခြင်း ဟုတ် မဟုတ် စုံစမ်းစစ်ဆေးရမည် -

(၁) သွေးဆောင်ခြင်း၊

(၂) ခြိမ်းခြောက်ခြင်း၊

(၃) မလျော်ဩဇာသုံးခြင်း၊

(၄) အနိုင်အထက်ပြုခြင်း၊

(၅) အကျိုးခံစားခွင့်တစ်စုံတစ်ရာကြောင့်ဖြစ်ခြင်း။

(ခ) တိုင်တန်းချက်ပါ စွပ်စွဲချက်များသည် မှန်ကန်မှု ရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

(ဂ) စုံစမ်းစစ်ဆေးသည့်အခါ တိုင်တန်းချက်ပါ စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ တိုင်တန်းချက်တင်သွင်းခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အား ကိုယ်တိုင်ဖြစ်စေ၊ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ချေပခွင့်ပေးရမည်၊

(ဃ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါဝင်သည့် အစီရင်ခံစာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည်။

၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရာတွင် -

(က) အစိုးရဌာန၊ အဖွဲ့အစည်းများထံမှသော်လည်းကောင်း၊ အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှသော်လည်းကောင်း လိုအပ်သည့် အကူအညီများ ရယူနိုင်သည်၊

(ခ) အရေးပါသော သက်သေခံချက်များကို ထွက်ဆိုနိုင်မည်ဟု ယူဆသော မည်သည့်ပုဂ္ဂိုလ်ကိုမဆို ဥပဒေနှင့်အညီ ဆင့်ဆို၍ စစ်ဆေးနိုင်သည်၊

(ဂ) တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်၊

(ဃ) လိုအပ်ပါက သက်ဆိုင်ရာဒေသများတွင် ရုံးထိုင်စစ်ဆေးနိုင်သည်၊

(င) စုံစမ်းစစ်ဆေးမှုအမှုတွဲဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စာရွက်စာတမ်းများ၊ သက်သေထွက်ဆိုချက်များ၊ အခြားအထောက်အထားများနှင့် စစ်ဆေးတွေ့ရှိချက်များကို စနစ်တကျ မှတ်တမ်းထားရှိရမည်။

**အခန်း (၄)**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့က ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ (၈) ပုဒ်မခွဲ (ဃ) အရ တင်ပြသည့်အစီရင်ခံစာကို စိစစ်ပြီးနောက် အောက်ပါအချက်တစ်ခုခုတွေ့ရှိပါက တိုင်တန်းချက်ကို ပလပ်ကြောင်း ဆုံးဖြတ်ရမည်-

(က) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းက တိုင်တန်းခြင်းမဟုတ်ကြောင်း တွေ့ရှိခြင်း၊

(ခ) ပုဒ်မ ၈ ပုဒ်မခွဲ (က) ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် တိုင်တန်းခြင်းဖြစ်ကြောင်း တွေ့ရှိခြင်း၊

(ဂ) တိုင်တန်းချက် မှန်ကန်မှု မရှိခြင်း၊

(ဃ) ပုဒ်မ ၃ ပါ တာဝန်မှပြန်လည်ရုပ်သိမ်းနိုင်သည့် အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်မှု မရှိခြင်း။

၁၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပုဒ်မ ၁၀ အရ ဆုံးဖြတ်ချက်နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့အကြောင်းကြားရမည်။

၁၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအရ စွပ်စွဲချက်သည် မှန်ကန်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း သဘောရရှိလျှင် တာဝန်မှပြန်လည်ရုပ်သိမ်းနိုင်ရန် အလို့ငှာ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ မူလမဲဆန္ဒရှင်များက ဆန္ဒမဲပေး ဆုံးဖြတ်စေရမည်။

၁၃။ တိုင်တန်းချက်တင်သွင်းခြင်းခံရသူ လွှတ်တော်ကိုယ်စားလှယ်သည် တိုင်တန်းချက်ပါကိစ္စနှင့် စပ်လျဉ်း၍ မူလမဲဆန္ဒရှင်များက ဆန္ဒမဲပေးဆုံးဖြတ်ခြင်းမပြုမီ ရှင်းလင်းခွင့်ရှိသည်။

၁၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်တန်းချက်တင်သွင်းခြင်းခံရသူ လွှတ်တော်ကိုယ်စားလှယ်အား တာဝန်မှပြန်လည်ရုပ်သိမ်းကြောင်း သို့မဟုတ် ရုပ်သိမ်းခြင်းမပြုကြောင်းကို အောက်ပါအတိုင်း ဆုံးဖြတ်ရမည် -

(က) မူလမဲဆန္ဒရှင်ထက်ဝက်ကျော်က လာရောက်မဲပေးခြင်းမပြုလျှင် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းမပြုကြောင်း ဆုံးဖြတ်ရမည်၊

(ခ) မူလမဲဆန္ဒရှင်အားလုံး၏ ထက်ဝက်ကျော်က လာရောက်ဆန္ဒမဲပေးရာတွင် -

(၁) လာရောက်ဆန္ဒမဲပေးသူ၏ ထက်ဝက်ကျော်က တာဝန်မှ ပြန်လည်ရုပ်သိမ်းကြောင်း ဆန္ဒပြုလျှင် တာဝန်မှပြန်လည်ရုပ်သိမ်းကြောင်း ဆုံးဖြတ်ရမည်၊

(၂) လာရောက်ဆန္ဒမဲပေးသူ ထက်ဝက်ကျော်က တာဝန်မှပြန်လည်ရုပ်သိမ်းကြောင်း ဆန္ဒမပြုလျှင် တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း မပြုကြောင်း ဆုံးဖြတ်ရမည်။

၁၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၄ တို့အရ ဆုံးဖြတ်ချက်တို့ကို -

(က) သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့ရမည်၊

(ခ) နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၁၆။ ဤဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၁၇။ တာဝန်မှပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့်လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့်ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

၁၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာမဲဆန္ဒရှင်များ၏ ဆန္ဒမဲရယူရာ၌ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ရွှေ့ဆိုင်းနိုင်သည် -

(က) သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ပေါ်ခြင်း၊

(ခ) လုံခြုံမှုမရှိခြင်း၊

(ဂ) လွတ်လပ်၍တရားမျှတသော ဆန္ဒမဲပေးခြင်းမဖြစ်နိုင်ဟု ယူဆခြင်း။

**အခန်း (၅)**

**အထွေထွေ**

၁၉။ အုပ်ချုပ်ရေးနှင့် အခြားအဖွဲ့အစည်းများတွင် ရွေးချယ်ခန့်အပ်တာဝန်ပေးခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းနည်းလမ်းဖြင့် စုံစမ်းစစ်ဆေးခံရပြီးပါက အလားတူ စွပ်စွဲချက်များသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကတိသစ္စာပြုသည့်နေ့မှစ၍ (၁)နှစ်အတွင်း ပုဒ်မ ၃ (င) အရ တိုင်တန်းချက်ကို အရေးယူဆောင်ရွက်ခြင်း မပြုရ။

၂၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်းရန် ရည်ရွယ်၍ မမှန်မကန်တိုင်တန်းကြောင်း စစ်ဆေးပေါ်ပေါက်လျှင် ဦးဆောင်တိုင်တန်းသူအား တည်ဆဲဥပဒေများအရ အရေးယူနိုင်ရန် ဆောင်ရွက်ရမည်။

၂၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မခံထိုက်စေရ။

၂၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။

၂၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံလမ်းမကြီး၌ ဂျိုင်းမြစ်ကူး ပွန်တွန်းတံတားသစ်တစ်စင်း ထပ်မံဆောက်လုပ်နေ

**ကော့ကရိတ် ဖေဖော်ဝါရီ ၁၂**
မြဝတီ-ကော့ကရိတ်-ဘားအံ-ရန်ကုန် ကုန်သွယ်ရေးလမ်းကြောင်း မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်တွင် တည်ရှိနေသော ဂျိုင်း-ကော့ကရိတ် ကြိုးတံတားမှာ မူလက ၂၅ တန်ခံနိုင်ဝန်ရှိသောကြိုးတံတား ဖြစ်ခဲ့သော်လည်း ကာလကြာရှည်စွာ အသုံးပြုခဲ့ခြင်းကြောင့် ကြိုးတံတား၏ခံနိုင်ဝန် ကျဆင်းလာသဖြင့် ယခုအခါ ၁၃ တန်သာ ဖြတ်သန်းခွင့်ပြုပြီး ၁၃ တန်အထက်ယာဉ်များအတွက် သစ်တောက်ငှက်ကုမ္ပဏီ၏ ပွန်တွန်း(Pontoon)ဇောတံတားမှသာ ဖြတ်သန်းခွင့်ပြုရာမှ ယခုအခါ ရာသက်ပန်ကုမ္ပဏီကလည်း နောက်ထပ် ပွန်တွန်းတံတားအသစ်တစ်စင်းကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

ဂျိုင်းမြစ်ကူး ပွန်တွန်းဇောတံတားသစ်တစ်စင်း တည်ဆောက်ရန်အတွက် ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁၈ ရက်က ပြုလုပ်ခဲ့သော တင်ဒါရွေးချယ်မှုတွင် ရာသက်ပန်ကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့သဖြင့် တံတားသစ်တည်ဆောက်ရန် ဖေဖော်ဝါရီ ၁၁ ရက်မှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ခြင်းဖြစ်ပြီး ချဉ်းကပ်လမ်းဖောက်လုပ်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရသည်။

ရာသက်ပန်ကုမ္ပဏီက အသစ်တည်ဆောက်မည့်တံတားကို လက်ရှိ သစ်တောက်ငှက်ကုမ္ပဏီ တာဝန်ယူလုပ်ကိုင်နေသော ပွန်တွန်းတံတားနှင့် ပေ ၁၅၀ အကွာတွင် တည်ဆောက်မည်ဖြစ်ရာ ထိုသို့ဆောက်လုပ်ခြင်းကို ခွင့်ပြုခဲ့ခြင်းမှာ ပညာရှင်ပိုင်းမှ တွက်ချက်ခွင့်ပြုခဲ့ခြင်း မဟုတ်သည့်အတွက် ရေလမ်းအသုံးပြု သွားလာမှုများအတွက် အန္တရာယ်ဖြစ်လာမည်ကို ဒေသခံများအနေဖြင့် စိုးရိမ်လျက်ရှိကြောင်း ဒေသခံအချို့၏ ပြောကြားချက်များအရ သိရသည်။

ထို့အပြင် တံတားချဉ်းကပ်လမ်းဖောက်လုပ်ရာတွင် ရာသက်ပန်ကုမ္ပဏီအနေဖြင့် လက်ရှိချဉ်းကပ်လမ်းကို အသုံးမပြုရန်နှင့် မိမိအစီအစဉ်ဖြင့် သီးခြားလွတ်ကင်းသည့် ချဉ်းကပ်လမ်းနှင့် လမ်းအူကြောင်းကို ရွေးချယ်သွားရန် တင်ဒါစည်းကမ်းချက်များတွင် ပါရှိနေသည့်အတွက် ကုမ္ပဏီနှစ်ခုအကြား ပြဿနာအသွင်မဖြစ်လာအောင် ဒေသအာဏာပိုင်များက ကြီးကြပ်ညှိနှိုင်းပေးရန်လည်း လိုအပ်နေကြောင်းသိရသည်။

တံတားတည်ဆောက်မှု ပြီးစီးသွားပါကလည်း ကုမ္ပဏီနှစ်ခုအနေဖြင့် ဝန်ဆောင်မှုများကို အပြိုင်စနစ် ကျင့်သုံးလာကြမည်ဖြစ်၍ တံတားအသုံးပြုသူများအဖို့ ကောင်းမွန်သည်ဆိုနိုင်သော်လည်း ပုဂ္ဂလိက ဝန်ထမ်းများအချင်းချင်း မလိုလားအပ်သောပြဿနာများ ဖြစ်မလာအောင် ပြည်နယ်လမ်းဦးစီးဌာနမှ တာဝန်ယူဖြေရှင်းပေးရန် ကိစ္စများလည်း ပေါ်ပေါက်လာနိုင်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအချို့၏ ပြောကြားမှုများ ရှိနေသည်။

လက်ရှိအချိန်တွင် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်၌ ဂျိုင်းမြစ်ကိုဖြတ်သည့် ဂျိုင်း-ကော့ကရိတ် ကြိုးတံတားဟောင်းနှင့် သစ်တောက်ငှက်ကုမ္ပဏီ၏ ပွန်တွန်းဇောတံတားတို့ ရှိနေကာ ရာသက်ပန်ကုမ္ပဏီကလည်း ပွန်တွန်းဇောတံတားသစ် တည်ဆောက်ရေးကို စတင်ပြီဖြစ်၍ မကြာမီ အချိန်ကာလတစ်ခုတွင် ဂျိုင်းမြစ်ကူးတံတား သုံးစင်းရှိလာတော့မည်ဖြစ်သည်။

ထို့အပြင် JICA မှ အခိုင်အမာတည်ဆောက်မည့် အာရှစီတံတားတစ်စင်းကိုလည်း သုံးနှစ်တာကာလ ၂၀၂၂ ခုနှစ် မတ်လအတွင်း ပြီးစီးဖွင့်လှစ်နိုင်ရေးအတွက် ယခုနှစ် ဇန်နဝါရီလမှစ၍ စီမံကိန်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော်လျက်ရှိကာ လက်ရှိအချိန်တွင် လမ်းတံတားနှင့် မလွတ်သည့် မြေယာများကို ညှိနှိုင်းလျော်ကြေးပေး ရှင်းလင်းမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။


လက်ရှိအသုံးပြုနေသည့် ဂျိုင်း-ကော့ကရိတ် ကြိုးတံတားဟောင်းနှင့် သစ်တောက်ငှက်ကုမ္ပဏီ၏ ပွန်တွန်းတံတား။

လက်ရှိ အသုံးပြုနေသော သစ်တောက်ငှက်ကုမ္ပဏီ၏ ပွန်တွန်းဇောတံတားကို အဆိုပါကုမ္ပဏီက ၂၀၀၉ ခုနှစ်အတွင်း စတင်တည်ဆောက်၍ ၂၀၁၀ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ကာ ခံနိုင်ဝန် တန်ချိန် ၆၀ အထိ ဖြတ်သန်းခွင့်ပြုထားသည်။ တံတားတွင် ဖြတ်သန်းသွားလာသော မော်တော်ယာဉ်များ ဘေးကင်းလုံခြုံရေးအပြင် ရေလမ်းခရီးသွားကြသည့် ဒေသခံများ၏ စက်လှေများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သစ်တောက်ငှက်ကုမ္ပဏီ တာဝန်ရှိသူများက စနစ်တကျ စီစဉ်ဆောင်ရွက်ခဲ့၍ တံတားသက်တမ်း ကိုးနှစ်ကျော်အတွင်း မည်သည့်ထိခိုက်မှုမှမရှိအောင် ဝန်ဆောင်မှုများ ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ဇောတံတားကို အသုံးပြုသည့်ကာလ ကြာရှည်လာခြင်းကြောင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ်က ကရင်ပြည်နယ်အစိုးရ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ တစ်နာရီလျှင် မော်တော်ယာဉ်ကြီး ၇၂ စီးခန့် ဖြတ်သန်းသွားလာနိုင်ပြီး တစ်နေ့လျှင် ကုန်တင်ကားကြီး အစီးရေ ၂၀၀ ခန့် ဖြတ်သန်းလျက်ရှိကြောင်း သိရသည်။

JICA မှ စတင်တည်ဆောက်နေပြီဖြစ်သည့် အခိုင်အမာ အာရှစီတံတား ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်ပြီးလျှင်မူ ယာဉ်များကို အဆိုပါ အာရှစီတံတားအပေါ်မှသာ ဖြတ်သန်းသွားလာစေမည်ဖြစ်ပြီး ပွန်တွန်းဇောတံတားနှစ်စင်းကို ပြန်လည်ဖြုတ်သိမ်းသွားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# စလင်းမြို့နယ်မှ ရွာသုံးရွာ၌ ရေရှားပါးမှုမဖြစ်စေရန် စက်ရေတွင်းများ တူးဖော်သွားမည်

**စလင်း ဖေဖော်ဝါရီ ၁၂**
မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်တွင်ပါဝင်သော မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ကျေးရွာသုံးရွာ၌ နွေရာသီကာလ သောက်သုံးရေ ရှားပါးပြတ်လပ်မှု မရှိစေရန်အတွက် တစ်ရွာလျှင် စက်ရေတွင်း တစ်တွင်းစီကို စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းများကို မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်များဖြင့် ကုန်းကြားကျေးရွာ၊ ရစ်ပြင်ကျေးရွာနှင့် စလင်း(တပ်နယ်)တို့၌ တူးဖော်သွားမည်ဖြစ်ကာ အနက်ပေ ၆၀၀ ရှိ လေးလက်မ စက်ရေတွင်း တစ်တွင်းစီနှင့်အတူ ရေစက်ရုံ သုံးရုံ၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် နှစ်ကန်နှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တစ်ခုတို့ကို တူးဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စုစုပေါင်း အသုံးစရိတ် ငွေကျပ် ၆၄ ဒသမ ၃၀၇ သန်းဖြင့် လာမည့်နွေရာသီမတိုင်မီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်ဇေယျထံမှ သိရသည်။


ကျေးရွာတစ်ရွာ၌ စက်ရေတွင်းတူးဖော်နေစဉ်။

စလင်းမြို့နယ်၌ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်ကလည်း ကျေးလက်ဒေသ ရေရရှိရေးအတွက် ကျေးလက်ရေပေးရေလုပ်ငန်းတစ်ခုကို နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေ ကျပ် ၆ ဒသမ ၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **ငြိမ်းသူ (စလင်း)**

# ရွှေပြည်သာမြို့နယ် ယင်းမာလမ်းတွင် ကွန်ကရစ်ထပ်ပိုးလွှာ ကျောက်လမ်းသစ်ခင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**
ရွှေပြည်သာမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်အတွင်း၌ ကွန်ကရစ်ကျောက်လမ်းသစ်များခင်းခြင်း၊ လမ်းတိုးချဲ့ခြင်းနှင့် ရေထုတ်ပြွန်(Box Culvert)တည်ဆောက်ခြင်း လုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိရာ (၁၂) ရပ်ကွက် ယင်းမာလမ်းတွင်လည်း ထပ်ပိုးလွှာ ကွန်ကရစ်ကျောက်လမ်းသစ်ကို ခင်းနေပြီဖြစ်ကြောင်း သိရသည်။


ထပ်ပိုးလွှာ ကွန်ကရစ်ကျောက်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

လမ်းအရှည် ပေ ၃၁၀၀ ရှိသည့် ယင်းမာလမ်းဟောင်းပေါ်တွင် အကျယ် ၁၈ ပေ၊ ထု ခုနစ်လက်မနှင့် လမ်းပခုံးသား ဝဲယာ နှစ်ပေစီ ပါဝင်သော ထပ်ပိုးလွှာ ကွန်ကရစ်ကျောက်လမ်းသစ်ကို မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မြောက်ပိုင်းခရိုင်ဌာနခွဲမှ လက်ထောက်ဌာနမှူး ဦးတင်မောင်ဌေး၏ ဦးဆောင်မှုဖြင့် ခင်းနေခြင်းဖြစ်ကာ စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးကောင်းမွန်ပြီး ရေရှည်တည်တံ့စေရန် လမ်းခင်းလုပ်ငန်းတာဝန်ခံက အနီးကပ်ကြီးကြပ်၍ လုပ်သားနှင့် စက်ယန္တရားအင်အားများဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

လမ်းခင်းလုပ်ငန်းမှ တာဝန်ခံ ဦးမိုးဆွေက "ဒီလမ်းခင်းခြင်းလုပ်ငန်းကို Work Committe-2 အစီအစဉ်နဲ့ ဆောင်ရွက်တာပါ၊ လုပ်ငန်းကို ဖေဖော်ဝါရီ ၆ ရက်က စတင်ခဲ့ပါတယ်၊ မတ်လ ဒုတိယပတ်မှာ လုပ်ငန်းအားလုံးပြီးဆုံးမယ်လို့ ခန့်မှန်းထားပါတယ်"ဟု ပြောသည်။

(၁၂)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးစန်းအောင်ကလည်း "ကျွန်တော်က ယခင်က လမ်းဖြစ်မြောက်ရေးကော်မတီမှာ အတွင်းရေးမှူးပါ၊ ဒီလမ်းကို ၂၀၀၉ ခုနှစ်တုန်းက ကျောက်ခင်းကတ္တရာလမ်း တစ်ကြိမ်ခင်းခဲ့ဖူးပါတယ်၊ အောက်ခံ မြေသားအမာခံမရှိမှု၊ ခံနိုင်ရည်နဲ့ အသုံးပြုဝန်အား မမျှတမှုတွေကြောင့် လမ်းဟာ ကြာရှည်မခံဘဲ ပျက်စီးခဲ့ရတယ်၊ ဒီလမ်းက ရပ်ကွက်လမ်းဆိုပေမယ့် အနောက်ဘက်မှာ ပုလဲလမ်းမ၊ အရှေ့ဘက်မှာ စက်မှုလမ်းမတို့ရှိပြီး လမ်းကွန်ရက်ချိတ်ဆက်နေတဲ့လမ်း၊ ဘုတာရုံနဲ့ စက်မှုဇုန်တို့ကို ပေါက်ရောက်တဲ့လမ်းဆိုတော့ ရပ်ကွက်ထဲကပြည်သူတွေတင်မက အခြားက ပြည်သူတွေပါ အသုံးများတဲ့လမ်းဖြစ်ပါတယ်၊ အခု လမ်းသစ်ခင်းပေးတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ဘက်ကလည်း ပြည်သူများနဲ့ပူးပေါင်းပြီး ထိန်းသိမ်းသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

## သတင်းတိုများ

### ရွှေတောင်မြို့၌ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့တွင် ပြည်ထောင်စုနေ့အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ရှိ လွတ်လပ်ရေးကျောက်တိုင်၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်စိုးက ဖတ်ကြားပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်က ထုတ်ဝေထားသည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကိုလည်း အခမ်းအနားတွင် ဖြန့်ဝေပေးခဲ့သည်။ **မဆင့်(ပြန်/ဆက်)**

### မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု

မွန်ပြည်နယ်အဆင့် စံပြမြစိမ်းရောင်ကျေးရွာ ရွေးချယ်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ထားသော မြစိမ်းရောင်စီမံကိန်း ကျေးရွာများထဲမှ ကျောက်စရစ်ကျေးရွာသို့ ဖေဖော်ဝါရီ၊ ဒုတိယပတ်အတွင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ စံပြကျေးရွာရွေးချယ်ရေးအဖွဲ့ဝင်များအား ကျေးရွာမှ စီမံကိန်းကော်မတီဝင်များက ရန်ပုံငွေ စီမံခန့်ခွဲထားမှု၊ ငွေစာရင်းပုံစံ ဖြည့်သွင်းထားရှိမှု၊ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေး လုပ်ဆောင်နေမှုများကို ရှင်းလင်းပြသပြီး မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးမောင်နှင့် အဖွဲ့က စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။ **မြန်မာ့အလင်း**

### ပြည်ထောင်စုနေ့အခမ်းအနား ငပုတောမြို့၌ကျင်းပ

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ သိမ်တော်ကြီးလမ်းရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက နိုင်ငံတော်အလံကို အလေးပြုကြပြီးနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက ဖတ်ကြားသည်။ ထို့နောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်းခင်း

ရွှေတောင်မြို့နယ် နွားခြံကုန်းကျေးရွာအုပ်စု ကျွန်းတန်းရိုးကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အတိုးငွေများဖြင့် မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ သုံးနှစ်တာကာလအတွင်း စီမံကိန်းမှအတိုးရငွေကျပ်သိန်း ၁၀၀ ထဲမှ ငွေကျပ်သိန်း ၅၀ ဖြင့် လမ်းခင်းခြင်းဖြစ်ပြီး ကျောက်သားအမာခံရှိပြီးသည့် လမ်းအရှည် ပေ ၂၅၀၀ တွင် အကျယ် ၁၈ ပေ၊ ထု လေးလက်မခွဲ မြေနီလမ်းခင်းနေခြင်းဖြစ်ကြောင်း သိရသည်။ **ဗထူး**

# အသေအပျောက်တဲ့ကောန်ဂကူမန် မရနက်ကို (၇၂)ဝါ (ချင်လှူင်)

## (၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား(ရန်ကုန်) ဖိတ်ကြားလွှာ



တပို့တွဲလပြည့်ကျော် (၁)ရက်နေ့တွင်ကြရောက်မည့် (၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားနှင့် မွန်ရိုးရာယဉ်ကျေးမှုဖျော်ဖြေပွဲကိုအောက်ပါအစီအစဉ် အတိုင်း (၂)ညတာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မွန်တမျိုးသားလုံးနှင့်အတူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက် ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

နေ့ရက် (၁၉-၂-၂၀၁၉)၊ အင်္ဂါနေ့

မွန်အဆိုတော်များဖြစ်ကြသော စိုဆာန်၊ စိုခေတ်၊ လိမ္မော်သီး တေးသီချင်းများဖြင့်ဖျော်ဖြေခြင်း၊

မွန်-ထိုင်း "ညာအွက်"(ဒေါ်)ရေးမွန်ရိုးရာနစ်ပါးသွားအစီအစဉ်

၂၀-၂-၂၀၁၉)၊ ဗုဒ္ဓဟူးနေ့

မွန်အမျိုးသားနေ့အခမ်းအနားနှင့်

မွန်ရိုးရာယဉ် ကျေးမှုယိမ်းအကများ နှင့် မွန်တူရိယာယဉ် ကျေးမှုအဖွဲ့၏ဖျော်ဖြေမှု

ဂီတအဖွဲ့-ပါဟောကွာဆာန် စိုဆာန် ဟံသက္က မဉ်ဂရွိ Rapper စိုခေတ် အံ့ဩြန်

မွန်အနုပညာရှင်များဖြစ်ကြသော - မိစန္ဒီ၊ မေပန်းချီ၊ အောင်သီဟ

အချိန် ညနေ (၅) နာရီမှ ည (၁၁)နာရီ အထိ။

နေရာ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်။

(ပြည်လမ်းကားမှတ်တိုင်အနီးဂိတ်ပေါက်မှ ဝင်ရောက်ကြပါရန်)

မွန်ရိုးရာအစားအသောက်ဆိုင်ခန်းများ၊ မွန်ရိုးရာဝတ်စုံအရောင်းဆိုင်များဖြင့် စည်းကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

ကြွရောက်ချီးမြှင့်ကြပါရန်လှိုက်လှဲပျူငှာစွာဖိတ်ခေါ်အပ်ပါသည်

# "အရဟံ စေတီ" တည်ကြမည်

ဘုရားဒကာ ၊ ဘုရားအမများ ကြွရောက်ပါရန် ဖိတ်ခေါ်ပါသည်။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော်အရှင်မြတ် ဦးဆောင်၍ "အရဟံ စေတီ"တည်ပါမည်၊ တပေါင်းလပြည့်နေ့ ထီးတော်တင်လှူပါမည်။တစ်ဦးလျှင် ကျပ်တစ်သိန်း မှဖြင့်ကုသိုလ်ပါဝင်နိုင်ပါသည်၊ [စေတနာ သဒ္ဓါထက်သန်ပါက ပိုမိုလှူဒါန်းနိုင်ပါသည်၊]

ကိုးဘွဲ့ရ သာသနာ့ပြုကျောင်းတိုက်၊ (၄၂) ရပ်ကွက်၊ ဗိုလ်မှူး ဗထူးလမ်းမ၊ မြောက်-ဒဂုံ၊ ရန်ကုန်၊ ဖုန်း ၀၉ ၇၈ ၇၈ ၇၇ ၉၆၉ |ဘဏ်မှ လွှဲပို့လိုပါက မြောက်ဥက္ကလာပ ကမ္ဘောဇဘဏ်အကောင့်အမည် အရှင်အာစာရာလင်္ကာရ ၀ ၇၀ ၃၀ ၁၀ ၁၆၀၀ ၅၁ ၄၀၀ ၁|

# RUBY ကားစီးလုံးငှားသည်

519100, 535100

09-51-77212

ခရီးစဉ်မျိုးစုံအတွက် (၄၅၊၁၃၊၂၄၊၁၈၊၁၄၊၁၀၊၇) စီးယာဉ်စီးနှင့် Saloon,Vanကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

# ဒါန ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ




**အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၅ ရက်) 700 USD + ၂၀၀၀၀၀ိ /-**

ထွက်ခွာမည့်နေ့ရက်များ ☛ မတ် ၁၇၊ ၂၉၊ ဧပြီ ၈ (သင်္ကြန်ပိတ်ရက် ၁၇ ရက် အထူးခရီးစဉ် - AI )၊
ဧပြီ ၈ (သင်္ကြန်ပိတ်ရက် ၁၈ ရက် အထူးခရီးစဉ် - ကာလကတ္တားအပြန် MAI)၊

**အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ ရက်) 600 USD + ၁၅၀၀၀၀ိ /-**

ထွက်ခွာမည့်နေ့ရက်များ ☛ မတ် ၃၁၊

**သီရိလင်္ကာ / ထိုင်း ဘုရားဖူးခရီးစဉ် (ဟိုတယ် တည်း / စား) (၇ ရက်) 1350 USD**

ထွက်ခွာမည့်နေ့ရက်များ ☛ မတ် ၂၀၊ ဧပြီ ၂၁၊ မေ ၈၊ ဇွန် ၂၂၊ ဇူလိုင် ၂၃၊ ဩဂုတ် ၄ (စွယ်တော်လှည့်လည်ပူဇော်ပွဲ)၊
(မိသားစုနှင့်အဖွဲ့အစည်း သီးသန့် ဟိုတယ်ခရီးစဉ်အဖြစ် သွားရောက်လိုပါက စိတ်တိုင်းကျညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပါသည်၊)

- **ဒါနဗုဒ္ဓဂယာ ထုရားဖူးအဖွဲ့** – တိုက် ၂၅၊ အခန်း –၃၀၃၊ တထပ်၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊ ရန်ကုန်။ ဖုန်း – ၅၃၆၃၄၈၊ ၅၃၇၇၀၇၊ ၅၃၇၇၀၈၊ ၀၉ ၅၀၀ ၁၇၆၃၊ ၀၉ ၅၀၁၃၇၂၇၊ ၀၉ ၂၅၆၁၇၄၄၁၄၊ ၀၉ ၂၅၆၃၁၈၈၄၃၊ ၀၉ ၅၁၆ ၄၆၆၄
- **မန္တလေးရုံးခွဲ** – အမှတ် (I-6) မြေညီထပ်၊ ရတနာမန္တလေးအိမ်ရာ၊ ၆၀ လမ်း၊ ၃၁ × ၃၂ လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ ချမ်းအေးသာစံ၊ မန္တလေး။ ၀၉ ၄၀၂၆၄ ၈၉၈၉ ၊ ၀၉ ၅၃၀၀ ၃၀၅

# အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။

09 250095114
09 421041338
09 73224763

# ဖေအောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏အိမ်ခန်းရုံးခန်းများပြောင်းရွှေ့ခြင်း အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။

အမှတ်-၁၈၃၊ မြေညမုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊

09254009334,
09254009335,
09254009336

# ရောဂါသည်းချေ (သမင်ဖြူ)

မြို့စေတနာဆေးတိုက်

LEUCODERMA

ရောဂါသည်း (သမင်ဖြူ) ၊ ဖြူနီနက်ကွက်များ ၊ အနာကြီးရောဂါ ၊ ယားနာ ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

# ဘဏ်၊ ဟိုတယ်၊ စားသောက်ဆိုင်နေရာ ရောင်းမည်

၁။ ၅၅'×၇၀'(မ/ဥ)(ဒေါ-၂)
၂။ လိုင်စင်ရဟိုတယ်(ပုဂံ/ညောင်ဦး)
၃။ ၁၀'ပြိုဟိုတယ်တစ်လောင်း+စက်
စုံစမ်းရန် ဖုန်း-09 5010196

# သင်ဒါတွေ ဖြစ်နေပါသလား....?

ရက်ရှည်ဖျား၊ $CD_4$ ကျ၊ မကျ၊ ရေယုံပေါက်၊ အနာစက်ထွက်၊ အိပ်မပျော်၊ အစားပျက်/ဝမ်းပျက်၊ TB ချောင်းဆိုး၊ ငှက်ဖျားနှင့် HIV ပိုး တွေ့နေလျှင် ရင်သား၊ သားအိမ်၊ အဟာအိမ်ကင်ဆာ၊ သွေးကင်ဆာ၊ ပါးစပ်/လျှာ ကင်ဆာ၊ ဆီးကြိတ်ရောင်၊ ရေဖျဉ်းစွဲ၊ အသဲရောဂါ၊ $B^+$ပိုး၊ $C^+$ပိုးတွေ့ရှိနေလျှင်၊ ဒရယင်း၊ တင်းတိပ်၊ မှဲ့ခြောက်၊ အသီးတိုး၊ အဝလွန်၊ ဆီးချို၊ သွေးတိုး၊ နှလုံးလေငန်းနှင့် ဗိုမအားနည်းရောဂါဖြစ်နေလျှင်

ဂမ္ဘီရသုခ ဆေးတိုက် (နယ်မှမှာကြားပါက ဆေးပို့ပေးပါသည်။)

ဃ/၂၀၉၊ ဒေဝသီလမ်းမ (ဝေပုလ္လ)အနီး၊ မ/ဥက္ကလာ၊ ရန်ကုန်။
☎ - 01-9691492 📱 - 09-5010196

# ဒုတိယမြောက် ကဗျာလုံးချင်း

ရဲမှိုင်း (စစ်ကိုင်း)ရဲ့

## ပန်းလေ့ပေါ်က ဆည်းဆာအလှ

ယနေ့ မြန်မာ့လူမှုဘဝရဲ့ လှုပ်ခတ်မှု လှိုင်းများပေါ်မှာ လိုက်ပါစီးမျောရင်း အရေးကန္တဝင်၊ အတွေးမော်ဒန်များနဲ့အတူ . . .

ထွက်ပြီ

ဖြန့်ချိရေး– မျိုးဆက်သစ်စာပေ [၀၉ ၄၂၀ ၂၂၂၉၆၂၊ ၀၉ ၄၂၀၀ ၈၃၆၈၈ ]





# ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပ

## ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

**၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပရာ ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁)ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ"ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ကောင်းမွန်သော ပညာရေးနှင့်

**နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖတ်ကြားစဉ်။**

သတင်းစဉ်

*စာမျက်နှာ ၅ ကော်လံ ၁* ❖



**စိတ်ကြိုက်မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ပါရှိ**

**၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် စိတ်ကြိုက်မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြထားပါသည်။**

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ မဲခွဲပွဲ ယနေ့ ပြုလုပ်မည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ မဲခွဲပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် (**ယနေ့**) ပြုလုပ်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် MNL ၌ ယှဉ်ပြိုင်နေသည့် အသင်း ၁၂ သင်း၊ MNL-2 (ပထမတန်း)၌ ယှဉ်ပြိုင်နေသည့် အသင်းရှစ်သင်း၊ စုစုပေါင်း အသင်း ၂၀ ဖြင့် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကို ယခင်နှစ်များအတိုင်း ပထမအဆင့်၊ ဒုတိယအဆင့်၊ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ကိုမူ အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပထမအဆင့်တွင် ပထမတန်းမှ အသင်းများဖြင့် စတင်မည်ဖြစ်ပြီး ၂၀၁၈ ရာသီတွင် ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် ရန်ကုန်နှင့် ဟံသာဝတီအသင်းတို့မှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ✪

**၂၀၁၈ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်နှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်နေစဉ်။**

ဓာတ်ပုံ-စိုးညွန့်

## ဩစတြေးလျခရီးစဉ် ပထမဆုံးခြေစမ်းပွဲတွင် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ယနေ့ ညနေပိုင်းက ဩစတြေးလျကလပ်ဘာရစ္စဘိန်းရိုအာ ယူ-၁၇ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ခြောက်ဂိုးပြတ်အနိုင်ရခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ◆







**မြေပြင်လက်တွေ့အခြေအနေနှင့် လမ်းညွှန်မှာကြားချက်တို့က အမြဲလို လိုကင်းကွာနေခဲ့ရသည်။ ထိုအစဉ်အလာကို မြန်မာ့မီးရထားက ချေဖျက်ရန် ကြိုးစားနေသည်။ မြေပြင်အခြေအနေ၊ အောက်ခြေ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် စနစ်တစ်ခုကို ရန်ကုန်မြို့ပတ်ရထားများက စတင်တော့မည်။**

# အဆင့်မြှင့်တင် ပြောင်းလဲမှုများနှင့်အတူ ရန်ကုန်မြို့ပတ်ရထား

**ထင်ပေါ်ဝင်း**

အထက်ညွှန်ကြားမှုကို မစောင့်ဘဲ မိမိ၏ အလုပ်လုပ်နိုင်စွမ်းအားကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့အသုံးချပြီး ပြည်သူ့အပေါ် အပြုံးဖြင့် ဝန်ဆောင်မှုပေးရန် လမ်းညွှန်နေသည့် မြန်မာ့မီးရထား အရာရှိတစ်ဦး ဆွေးနွေးနေသည့်အသံသည် ဖေဖော်ဝါရီ ၇ ရက်က ရန်ကုန်မြို့အောက်မြန်မာပြည် မီးရထားရုံးအစည်းအဝေးခန်းမအတွင်း၌ တိုးညင်းစွာ ထွက်ပေါ်လျက်ရှိသည်။

ဖွံ့ဖြိုးပြီး ဂျပန်နိုင်ငံတွင် ပြေးဆွဲနေသော ရထားလုပ်ငန်းများကို သွားရောက်လေ့လာခဲ့သော မြန်မာ့မီးရထား အရာရှိ ၁၀ ဦးအနက်မှတစ်ဦးက ရန်ကုန်ရှိရထားဝန်ထမ်းများအား ပြန်လည်အသိမျှဝေနေခြင်းဖြစ်သည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်သည့်လုပ်ငန်းများ၊ မြို့ပတ်ရထားလမ်းပိုင်းရှိ ဘူတာရုံများ အဆင့်မြှင့်တင်သည့်လုပ်ငန်းများကို မြန်မာ့မီးရထားအနေဖြင့် လွန်ခဲ့သော နှစ်ပိုင်းအတွင်းကပင် စတင်လုပ်ဆောင်နေခဲ့သည်။ ပြီးစီးသည့် လုပ်ငန်းနေရာများရှိသလို ဆက်လက်လုပ်ဆောင်နေသည့် အပိုင်းများလည်း ကျန်ရှိနေသေးသည်။ မြန်မာ့မီးရထားအနေဖြင့် မီးရထားနှင့် မီးရထားဝန်ထမ်းများ၏ ရုပ်ပိုင်းဆိုင်ရာ တိုးမြှင့်မှုသာမက စိတ်ပိုင်းဆိုင်ရာတိုးတက်မှုအတွက်လည်း လုပ်ဆောင်လျက်ရှိသည်။ ရထားဝန်ထမ်းများ စိတ်ပိုင်းဆိုင်ရာ မြင့်မားစေရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးလျက်ရှိသည်။ ဖေဖော်ဝါရီ ၇ ရက်က မြန်မာ့မီးရထားဝန်ဆောင်မှုအရည်အသွေးတိုးတက်စေရန် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို သွားရောက်သတင်းရယူရင်း အရှိန်အဟုန်ဖြင့် ပြောင်းလဲရန်ကြိုးစားနေသည့် မြန်မာ့မီးရထား၏ အားထုတ်မှုများကို သိရှိခွင့်ရခဲ့ပါသည်။

မြန်မာ့မီးရထား၏ ပြုပြင်ပြောင်းလဲအဆင့်မြှင့်တင်မှုများအား ကူညီဆောင်ရွက်ပေးနေသည့် Japan International Consultants for Transportation Co., Ltd (JIC) မှ ဒါရိုက်တာတစ်ဦးဖြစ်သူ Mitsuo HIGASHI က "မြန်မာ့မီးရထားဝန်ဆောင်မှုနဲ့ပတ်သက်၍ ပြီးခဲ့တဲ့ သုံးနှစ်လောက်ကစပြီး သင်တန်းလေးတွေ စတင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ၇ လပိုင်းမှာ ဝန်ကြီးရဲ့အတည်ပြုချက်နဲ့ ဂျိုက်ကာကနေ တရားဝင် မြန်မာ့မီးရထားဝန်ဆောင်မှုသင်တန်းပေးဖို့ကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာမှာ မြန်မာ့မီးရထားကအရာရှိ ၁၀ ယောက်ကို ဂျပန်ကိုခေါ်သွား ပြီးတော့ ဂျပန်မှာရှိတဲ့ ရထားဝန်ဆောင်မှုတွေကို လက်တွေ့ပိုင်းရော သီအိုရီပိုင်းရော တစ်ပတ်လောက် သင်ကြားပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်လောက်က ဂျိုက်ကာနဲ့ မြန်မာ့မီးရထားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့ မြန်မာ့မီးရထားဝန်ဆောင်မှုတိုးမြှင့်ပေးဖို့အတွက် အစီအစဉ်ကို စတင်ခဲ့ပါတယ်။ ပြီးတော့ ဝန်ဆောင်မှုတိုးမြှင့်ဖို့အတွက်လည်း ကော်မတီဖွဲ့ဖို့ ဆုံးဖြတ်ခဲ့တယ်။ ရန်ကုန်ဘူတာကြီးမှာရှိတဲ့ ဝန်ထမ်းတွေနဲ့ ပထမအဆင့် ဒီအလုပ်ရုံဆွေးနွေးပွဲကို စတင်ခဲ့ခြင်းဖြစ်ပါတယ်။ **အချပ်ပို (၈) သို့**



**တန်ဖိုးရှိသော အသပြာမှသည် ရောင်းကုန်ဖြစ်သွားသော ငွေကြေးများ**

အချပ်ပို (၁)



**ရန်ကုန် လူငယ်တွေနဲ့ ဖူဆယ်ဘောလုံးကွင်းတွေ**

အချပ်ပို (၈)

သက်ထက်ကို(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး

# တန်ဖိုးရှိသော အသပြာမှသည် ရောင်းကုန်ဖြစ်သွားသော ငွေကြေးများ



အမှတ်တရပစ္စည်းအဟောင်း ရောင်းချသောဆိုင်တွင် နိုင်ငံခြားသားတစ်ဦး စိတ်ဝင်စားစွာ လေ့လာကြည့်ရှုနေစဉ်။

"အသပြာ" ဟု ခေါ်ဆိုသော "ငွေကြေး"သည် ပစ္စည်းတစ်ခု ရယူရန် (ဝါ) ဝယ်ယူရန် သို့မဟုတ် အကျိုးတစ်ခုဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ "ကြားခံ" အရာတစ်ခုသာ ဖြစ်သည်။

သို့အတွက် လွတ်လပ်သောနိုင်ငံတစ်ခုအနေဖြင့် ပြည်သူအများ သုံးစွဲနိုင်ရန် ငွေကြေးများကို ရိုက်နှိပ်ထုတ်ဝေပေးခဲ့ကြရသည်။ သို့မှသာ ကုန်စည်စီးဆင်းမှု၊ လုပ်ငန်းဆောင်တာ အရာခပ်သိမ်းသည် လျင်မြန်ချောမွေ့အဆင်ပြေမည်သာ ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးမရမီ နှောင်းကာလက ဗြိတိသျှ လက်အောက်ခံဖြစ်သည်။ အိန္ဒိယနိုင်ငံသုံးငွေ "ရူပီး" ကိုသာလျှင် အဓိကသုံးစွဲခဲ့ကြသည်ဟု သိရသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံသည် လွတ်လပ်သောပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဖြစ်လာခဲ့သည်။

ထို့အတွက် ၁၉၅၂ ခုနှစ်တွင် "မြန်မာနိုင်ငံတော် ပြည်သူ့ဘဏ်အက်ဥပဒေ"ကို ပြဋ္ဌာန်းခဲ့ပြီးနောက် "မူး-ပဲ" စသော နီကယ်ဖြင့်ပြုလုပ်ထားသည့် အကြွေစေ့လေးများကို စတင်ထုတ်ဝေပေးခဲ့သည်။ တစ်ပဲ-နှစ်ပဲ-ရှစ်ပဲ စသည်တို့ဖြစ်သည်။

## ငွေကြေးနှင့်တိုင်းတာသော ပြောစကားများ

ငယ်ငယ်က လူကြီးအချင်းချင်း စကားပြောရာ၌ "မူးတင်း-ပဲတင်း"၊ သူများကျတော့ "တင်းပြည့် ကျပ်ပြည့်"ကိုယ့်အလှည့်ကျတော့ "မူးတင်း-ပဲတင်း"၊ အလကား မတ်တင်း ဆိုသော ငွေကြေးနှင့်တိုင်းတာသော ပြောစကားများကို မကြာခဏ ကြားလာခဲ့ရသည်။

နောက်ပိုင်း၌ တစ်ပြားမှသည် ငါးပြား၊ ဆယ်ပြား၊ ၂၅ ပြား(တစ်မတ်-ငွေတစ်ကျပ်၏ လေးပုံတစ်ပုံ)။ ၅၀ ပြား(ငါးမူး-ငွေတစ်ကျပ်၏ တစ်ဝက်)တို့ ဆက်တိုက်ထုတ်ဝေလာခဲ့သည်။ မူလပထမ ထုတ်စဉ်က အကြွေစေ့လေးများတွင် တစ်ဖက်ခြမ်း၌ ထိုင်နေသော ခြင်္သေ့ပုံပါရှိပြီး တစ်ဖက်ခြမ်းတွင် ထုတ်ဝေသောဘဏ်အမည်နှင့် ခုနှစ်သက္ကရာဇ်ပါရှိသည်။ ဘေးတစ်ဖက်တစ်ချက်၌ ကနုတ်ပန်းရံလျက် အလယ်တွင် ငွေကြေးတန်ဖိုးပါရှိသည်။ ထိုမှ ငွေနှင့်ပတ်သက်သော "ခေါင်းနှင့်ပန်း"ဟူ၍ အခေါ်အဝေါ် ရှိလာခဲ့သည်။

**■ ငွေကြေးနဲ့ဆိုင်တဲ့ပစ္စည်းက အတော်ရှားသွားပြီဗျ။ နယ်တွေအထိ အရင်ကဆင်းဝယ်တာတွေကို ပြန်ကောက်တယ်။ ဒါပေမယ့် သိပ်မရှိတော့ဘူး။ ပြည်တွင်းက အမှတ်တရလိုချင်တဲ့သူရှိသလို နိုင်ငံခြားသားတွေကလည်း အမှတ်တရအဖြစ် ဝယ်လေ့ရှိကြတယ်။**

**■ ဒီလိုအကြွေစေ့လေး တစ်ကတ်ကို ယနေ့ ဈေး ၂၀၀၀ ကျပ်နဲ့ ရောင်းတယ်။ ငွေစက္ကူကတော့ အတွဲလိုက်လည်း ရောင်းတာရှိသလို တစ်ရွက်ချင်းလည်းရောင်းတယ်။ မူလတန်ဖိုးထက်တော့ ပိုမြင့်တာပေါ့။**

ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်ပြောင်းလဲမှုနှင့်အတူ ၁၉၆၆ ခုနှစ်ဝန်းကျင်၌ အကြွေတွဲများကို "ဇင့်"ဖြင့် ပြောင်းလဲ၍ တစ်ဖက်တွင် ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် တစ်ဖက်တွင် ထုတ်ဝေသောဘဏ်အမည်၊ ခုနှစ်၊ ကနုတ်ပန်းနှစ်ခုအကြား၌ တန်ဖိုးကို ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

## အကြွေစေ့လေးများ ထုတ်ဝေလာ

၁၉၉၀ ပြည့်နှစ်ဝန်းကျင်၌ တစ်ဖက်တွင် စပါးနှံပုံ၊ တစ်ဖက်တွင် တန်ဖိုးရိုက်နှိပ်ထုတ်ထားသော အဝိုင်းပြား ကြေးရောင်အကြွေစေ့လေးများကို ထုတ်ဝေလာခဲ့သည်။ အကြွေပြားစေ့လေးများ သာမက တန်ဖိုးမြင့်မားသော တစ်ကျပ်၊ ငါးကျပ်၊ တစ်ဆယ်ကျပ်၊ ၅၀ ကျပ်၊ ၁၀၀ ကျပ် တို့ကိုပင် သွန်းလုပ်ထုတ်ဝေလာခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ မှတ်တမ်းအရ ဆိုရသော် ၁၉၅၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ငွေအကြွေ ဒင်္ဂါးအတွဲစဉ် ၂၃ တွဲ ထုတ်ဝေခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းပုံပါ အကြွေစေ့ ငါးခုမျှပါရှိပြီး ကျန်အကြွေစေ့တို့မှာ ခြင်္သေ့ပုံ၊ စပါးနှံပုံတို့သာ ဖြစ်သည်ဟု လေ့လာတွေ့ရှိရသည်။

၁၉၄၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ငွေစက္ကူအတွဲပေါင်း ၃၄ တွဲ ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ဦးထုပ်ဆောင်းထားသော ဗိုလ်ချုပ်အောင်ဆန်းပုံပါ ၁၁ ခုရှိသည်ဟု ငွေကြေးနှင့်ပတ်သက်၍ လေ့လာသူတစ်ဦးထံမှ သိရသည်။ ငွေစက္ကူများပေါ်တွင် "ငွေစက္ကူထုတ်ရာဌာနတိုင်း၌ ငွေ(----) နှင့် လဲလှယ်ခွင့်ရှိကြောင်း အာမခံသည်"ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ အာမခံကြောင်း လက်မှတ်ထိုးထားသူမှာ "စံလင်း" အုပ်ချုပ်ရေးမှူး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်ကိုယ်စား"ဟု တွေ့ရသည်။ သိမီသူများက ပြောကြသည်။ "စံလင်း"ထက် "မောင်ကောင်း" က စောသည်ဟု ဆိုသည်။ ယနေ့ "မောင်ကောင်း" လက်မှတ်ပါရှိသော ငွေစက္ကူများမှာ မတွေ့နိုင်သည့်တိုင်အောင် ရှားပါးသွားပြီဖြစ်သည်။

၁၉၆၄ ခုနှစ်မေ ၁၇ ရက်(တော်လှန်ရေးကောင်စီလက်ထက်)တွင် ဗိုလ်ချုပ်အောင်ဆန်းပုံပါ ၅၀ ကျပ်တန်၊ ၁၀၀ ကျပ်တန် ငွေစက္ကူများကို တရားမဝင်ငွေစက္ကူများအဖြစ် ကြေညာ၍ သိမ်းခဲ့သည်။ ယင်းနောက် ထုတ်ဝေသော ငွေစက္ကူများတွင် ဗိုလ်ချုပ်အောင် ဆန်းပုံပါသော်လည်း အာမခံမှုပါရှိခြင်း မရှိသည့်ကို တွေ့လာရသည်။

နောက်ထပ်ထုတ်ဝေသော ၁၅-၂၅-၃၅-၇၅-၄၅-၉၀ ကျပ်တန်များအနက် ၁၉၈၈ ခုနှစ် အရေးအခင်းမတိုင်မီ၌ ၁၅-၂၅-၃၅-၇၅ ကျပ်တန်များကို တရားမဝင်ငွေစက္ကူများအဖြစ် ထပ်မံကြေညာခဲ့သည်ဟု သိရသည်။ လက်ရှိ ပြည်သူများအကြား၌ ရှိနေသော ၄၅-၉၀ ကျပ်တန်များကို တရားဝင်ကြေညာ၍ မသိမ်းခဲ့သော်လည်း ဘဏ်သို့ ရောက်လာသည့်အချိန်၌ တဖြည်းဖြည်း သိမ်းယူသွားသည်ကို လေ့လာတွေ့ရှိရသည်။

၁၉၈၈ ခုနှစ် နောက်ပိုင်း၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ခြင်္သေ့ပုံပါသော ငွေစက္ကူ ၁ ကျပ်မှ ၅-၁၀-၂၀-၅၀-၁၀၀-၂၀၀-၅၀၀-၁၀၀၀ တန်အတွဲများကို ထုတ်ဝေခဲ့သည်။ ယနေ့ ပြည်သူလူထုလက်ထဲတွင် သုံးစွဲလျက်ရှိနေသည်။ သို့သော် ၁ ကျပ်၊ ၅ ကျပ်၊ ၁၀ ကျပ်၊ ၂၀ ကျပ်တို့မှာ ယနေ့ခေတ်အနေအထားအရ ကလေးများပင် မုန့်ဝယ်စား၍ မရသော ပြောင်းလဲမှုများဖြစ်ခဲ့ပြီဖြစ်သည်။

## အမှတ်တရအရောင်းဆိုင်များ၌သာရှိနေ

ထို့ထက် ထိုထိုသော အကြွေစေ့လေးများ၊ ငွေစက္ကူအဟောင်းများ တန်ဖိုးမဲ့ကုန်ကြပြီဖြစ်သည်။ ငွေမဟုတ်သော ငွေများအဖြစ်သာ ရှင်သန်လျက်ရှိနေတော့သည်။ အမှတ်တရသိမ်းထားသူ၊ အမှတ်တရအရောင်းဆိုင်များ၌သာ ရှိနေကြပြီဖြစ်သည်။

ငွေအကြွေစေ့လေးများကို ပလတ်စတစ်အကြည်ဖြင့် အကန့်လိုက် အတွဲလိုက် ချိတ်ဆွဲ၍လည်းကောင်း၊ ငွေစက္ကူအဟောင်းများကိုလည်း ထိုကဲ့သို့ပင် ပလတ်စတစ်အိတ်သွင်း၍ ရောင်းကုန်ပစ္စည်းအဖြစ် ယနေ့ သက်ဝင်တန်ဖိုးရှိနေသော ငွေဖြင့် အရောင်းအဝယ်ပြုလုပ်နေကြသည်ကို တွေ့လာရသည်။ ငွေချင်းတူခဲ့သော်လည်း ဘဝပြောင်းသွားသော ငွေများသာ ဖြစ်ခဲ့ရသည်။

ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းဈေး မျက်နှာစာရှိ ပစ္စည်းဟောင်းများနှင့် အမှတ်တရပစ္စည်းများ စုစည်းရောင်းချနေသော ဦးကြည်လွင်က "ငွေကြေးနဲ့ဆိုင်တဲ့ ပစ္စည်းက အတော်ရှားသွားပြီဗျ။ နယ်တွေအထိ အရင်ကဆင်းဝယ်တာတွေကို ပြန်ကောက်တယ်။ ဒါပေမယ့် သိပ်မရှိတော့ဘူး။ ပြည်တွင်းက အမှတ်တရလိုချင်တဲ့သူရှိသလို နိုင်ငံခြားသားတွေကလည်း အမှတ်တရအဖြစ် ဝယ်လေ့ရှိကြတယ်"။ အကြွေစေ့လေးများ ထည့်ထားသော ကတ်တစ်ကတ်ကို ပြ၍ "ဒီလိုအကြွေစေ့လေးတစ်ကတ်ကို ယနေ့ဈေး ကျပ် ၂၀၀၀ နဲ့ ရောင်းတယ်။ ငွေစက္ကူကတော့ အတွဲလိုက်လည်း ရောင်းတာရှိသလို တစ်ရွက်ချင်းလည်း ရောင်းတယ်။ မူလတန်ဖိုးထက်တော့ ပိုမြင့်တာပေါ့" ဟု ဆိုခဲ့သည်။

သို့သော် ဤကဲ့သို့ ဆိုင်မျိုးများက ရန်ကုန်တွင် များများစားစားမရှိပေ။ ဗိုလ်ချုပ်အောင်ဆန်းဈေးထဲတွင်ပင် ကြီးကြီးမားမား မတွေ့ခဲ့ရပေ။ ယခုနောက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းမနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်တွင် ဤကဲ့သို့သော အမှတ်တရပစ္စည်းအဟောင်း ရောင်းချသောဆိုင်လေး သုံးလေးဆိုင် ဖွင့်လာကြသည်ကို တွေ့ရသည်။ ငွေစက္ကူအဟောင်းများကို မတွေ့ရသော်လည်း ငွေအကြွေစေ့ အဟောင်းများကိုတော့ဖြင့် တွေ့ခဲ့ရသည်။

## ကလေးတွေရှိမှန်းတောင်မသိကြတော့ဘူး

နိုင်ငံခြားသား နှစ်ဦး စိတ်ဝင်စားစွာ လေ့လာကြည့်ရှုနေသည်။ ဆိုင်များပေါ်တွင် အဓိက တရုတ်လက်ရာ ကြေးသွန်းရုပ်ပစ္စည်းပုံစံမျိုးစုံ တွေ့ရသည်။ ကြေးဖြင့်သွန်းလုပ်ထားသော ဗုဒ္ဓဆင်းတုတော်ပုံလေးများလည်း ရှိနေသည်။ ဆိုင်ရှင်အမျိုးသမီးက "အချို့က ဒါတွေကို ရှေးဟောင်းပစ္စည်းလို့ ဆိုကြတယ်။ တကယ်တော့ ဒါတွေက ရှေးဟောင်းအမွေအနှစ် မဟုတ်ပါဘူး။ ခေတ်အလိုက် လက်ရာလေးတွေပါ၊ အမှတ်တရပေါ့၊ ငွေအကြွေစေ့လေးတွေဆိုရင် သူ့ခေတ်နဲ့သူ ထုတ်လုပ်ထားမှုအမှတ်တရလေးတွေပေါ့။ ရှေးဟောင်းနှောင်းဖြစ်သဘောပါ။ ယနေ့ ကလေးတွေဆို ဒါမျိုး သုံးလည်းမသုံးခဲ့ရဖူးတော့ ရှိမှန်းတောင်မသိကြတော့ဘူး" ဟု ဆိုသည်။

ထိုကဲ့သို့ အမှတ်တရပစ္စည်းအဟောင်း ရောင်းချသောဆိုင်လေးများမှာ ရန်ကုန်မြေဝယ် အများကြီးမရှိပေ။ ယခင်ရွှေဘုံသာလမ်း ပစ္စည်းအဟောင်းများရောင်းသော ဆိုင်တန်းများ၌ ရှိခဲ့သော်လည်း ထိုဈေးတန်းပျောက်သွားပြီးနောက် မတွေ့ရတော့ပေ။ ကုန်သည်လမ်း စာပေဗိမာန်အနီး၌ တစ်ဆိုင်၊ ပန်းဆိုးတန်း လောကနတ်ပြခန်းအနီး၌ တစ်ဆိုင်လောက်သာလျှင် ရှိနေသေးသည်ကို တွေ့မြင်မိသည်။ ကြာလေ ရှားလေ တန်ဖိုးမြင့်လေဆိုသကဲ့သို့ ရန်ကုန်မြို့လယ်မှ အမှတ်တရဆိုင်လေးများအဖြစ် ဖော်ပြလိုက်ရပါသည်။ ။




မြန်မာနိုင်ငံတွင် သုံးစွဲခဲ့သည့် ငွေကြေးများ။

# ရန်ကုန်လူငယ်တွေနဲ့ ဖူဆယ်ဘောလုံးကွင်းတွေ

**ဝေယံဦး**

ရန်ကုန်မြို့ရဲ့နေရာအနှံ့မှာ ပုံရိပ်သစ်တွေ အများအပြား ထွက်ပေါ်နေရာမှာ ရပ်ကွက်တိုင်းနီးပါးတွင် တွေ့မြင်နေရတာကတော့ ဖူဆယ်ဘောလုံးကွင်းတွေပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ဖွံ့ဖြိုးမှု၊ တိုးတက်မှုအဖြစ် အထပ်မြင့် အဆောက်အအုံတွေ၊ တည်ဆောက်ဆဲအဆောက်အအုံတွေနဲ့အတူ ထွက်ပေါ်လာတာကတော့ ဖူဆယ်ဘောလုံးကွင်းတွေပါပဲ။

ရန်ကုန်မြို့ပြမှာ နေထိုင်တဲ့ လူငယ်တွေအတွက် ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ သွက်လက်ဖျတ်လတ်ခြင်းဆိုတဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ ဖူဆယ်ဘောလုံးကွင်းလေးတွေဟာ ဒီနေ့ခေတ် လူငယ်တွေအတွက်ကတော့ ဆွဲဆောင်မှုအားကောင်းတဲ့ အားကစားကွင်းတွေအဖြစ် တည်ရှိနေတာဖြစ်ပါတယ်။

**အခကြေးငွေယူဖွင့်လှစ်**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးရိယာအတွင်းမှာတော့ ဖူဆယ်ဘောလုံးကွင်းပေါင်း ၁၆၀ ကျော်ရှိနေတာမို့ လူငယ်လူရွယ်တွေအတွက်တော့ အပန်းလည်းဖြေ၊ ကျန်းမာရေးအတွက်လည်း အကျိုးပြုတဲ့ ရပ်ဝန်းလေးတွေအဖြစ် ထွက်ပေါ်နေတာပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်မြေအတွင်းမှာရှိတဲ့ ဖူဆယ်ဘောလုံးကွင်းတွေကတော့ အများအားဖြင့် ပုဂ္ဂလိကပိုင်တွေဖြစ်ပြီး နာရီအလိုက် အခကြေးငွေယူကာ တည်ဆောက်ဖွင့်လှစ်ထားခြင်း ဖြစ်ပါတယ်။

မြက်ခင်းစိမ်းစိမ်းတွေပေါ်မှာ ဥရောပကလပ်ဘောလုံးအသင်းတွေရဲ့ဒီဇိုင်းလို အားကစားဝတ်စုံ ဝတ်ဆင်ပြီး ဘောလုံးကစားနေကြတဲ့ လူငယ်တွေအတွက်တော့ စိတ်ကျေနပ်မှု ရှိစေမှာဖြစ်ပါတယ်။ အားကစားဝတ်စုံ၊ ဘောကန်ဖိနပ်နဲ့ နေ့ညလွတ်လပ်စွာ ကစားလို့ရတဲ့ ဖူဆယ်ဘောလုံးကွင်းတွေဟာ လူငယ်တွေအတွက်တော့ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုလို့ရနေတဲ့ အနေအထားပါပဲ။

ရန်ကုန်မြို့မှာရှိနေတဲ့ ပုဂ္ဂလိကဖူဆယ်ဘောလုံးကွင်းတွေရဲ့ အနေအထားကို ကြည့်ရင် နဂိုတည်ရှိနေတဲ့ မြေဧရိယာ အကျယ်အဝန်းအလိုက် တည်ဆောက်ထားတာများပြီး အချို့ ဖူဆယ်ဘောလုံးကွင်းတွေဟာ ပေ ၅၀ ပတ်လည်လောက်ပဲ ရှိနေတာကို တွေ့မြင်နေရပါတယ်။ အချို့ဆိုရင် ပေ ၈၀ ပတ်လည် ပြုလုပ်ထားပြီး မြက်ခင်းစိမ်းတွေ၊ ဘောလုံးကစားနည်းဆိုင်ရာ အမှတ်အသားတွေနဲ့အတူ ဂိုးတိုင်နဲ့ ထောင့်လေးထောင့်မှာ အလံတိုင်တွေ ပြုလုပ်ထားပါတယ်။

**နေ့ညဘောလုံးကစားနိုင်**

ဒါ့အပြင် ဖူဆယ်ကွင်းရဲ့လေးဖက်လေးတန် ပတ်လည်မှာ အစိမ်းရောင်ပိုက်ကွဲတွေနဲ့ ကာရံထားပြီး နေ့ညပါ ဘောလုံးကစားနိုင်အောင် လျှပ်စစ်မီးဆလိုက်တွေ ထွန်းလင်းပေးထားပါတယ်။ နေ့ဘက်မှာ အချို့ဖူဆယ်ကွင်းတွေက အလင်းရောင်ကောင်းကောင်းမရနိုင်တဲ့ အနေအထားဆိုရင် မီးထွန်းပေးထားပြီး ဘောလုံးကစားစေတာ တွေ့ရပါတယ်။

ဖူဆယ်ဘောလုံးကွင်းတွေဟာ စံချိန်စံညွှန်းနဲ့ ကိုက်ညီဖို့လိုအပ်ပြီး အဲဒီလိုကွင်းရဲ့ စံချိန်စံညွှန်းတွေကို ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကနေပြီး လိုအပ်တဲ့ စစ်ဆေးမှုတွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့စစ်ဆေးမှုတွေကတော့ လိုအပ်နေတာ အမှန်ပါပဲ။ အဲဒီကိစ္စတွေကိုလည်း စည်းကမ်းတကျ ဆောင်ရွက်နိုင်ဖို့ ဗီဇာနဲ့ နေတယ်လို့ သိရပါတယ်။



**ရန်ကုန်မြို့ရဲ့ မြို့နယ်တွေမှာ ဖူဆယ်ဘောလုံးကွင်းတွေ ငှားရမ်းခကို ကြည့်ရင် ကွင်းရဲ့အနေအထား၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုတွေ၊ ဝန်ဆောင်မှုတွေအလိုက် နာရီနဲ့ ငှားရမ်းနေကြတာတွေ ရှိပါတယ်။ တစ်နာရီငှားရမ်းခ ငွေကျပ် ၁၀၀၀၀၊ ကျပ် ၁၅၀၀၀ နဲ့ တချို့ ဖူဆယ်ဘောလုံးကွင်းတွေဆိုရင် ငွေကျပ် ၂၀၀၀၀ အထိ ငှားရမ်းနေ**

ဖူဆယ်ဘောလုံးကွင်းတွေနဲ့ မြေယာပိုင်းဆိုင်ရာ ကိစ္စတွေနဲ့ ဖူဆယ်ကွင်းတွေရဲ့ အကျယ်အဝန်း၊ လိုအပ်တဲ့ ဖြည့်ဆည်းဆောင်ရွက်ရမယ့် အချက်အလက်တွေ ပြီးရင်တော့ ထုတ်ပေးတဲ့ လုပ်ငန်းတွေ လုပ်ကိုင်ပြီးမှသာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမှာ ဖြစ်ပါတယ်။

**မြို့တော်စည်ပင်ဥပဒေနဲ့အညီ**

ဒါနဲ့ပတ်သက်ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃ ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ရန်ကုန်မြို့မှာရှိတဲ့ မြို့နယ်အတွင်း ပုဂ္ဂလိက ဖူဆယ်ဘောလုံးကွင်းတွေ ထူထောင်ပြီး အခငွေကြေးယူကာ ဖွင့်လှစ်ငှားရမ်းမှုတွေဟာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်ရမယ်လို့ ဆိုထားပါတယ်။

ရန်ကုန်မြို့ရဲ့ မြို့နယ်တွေမှာ ဖူဆယ်ဘောလုံးကွင်းတွေ ငှားရမ်းခကို ကြည့်ရင် ကွင်းရဲ့အနေအထား၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုတွေ၊ ဝန်ဆောင်မှုတွေအလိုက် နာရီနဲ့ ငှားရမ်းနေကြတာတွေ ရှိပါတယ်။ တစ်နာရီ ငှားရမ်းခ ငွေကျပ် ၁၀၀၀၀၊ ကျပ် ၁၅၀၀၀ နဲ့ တချို့ဖူဆယ်ဘောလုံးကွင်းတွေဆိုရင် ငွေကျပ် ၂၀၀၀၀ အထိ ငှားရမ်းနေကြတယ်လို့ သိရပါတယ်။

“ကျွန်တော်တို့က အဖွဲ့လိုက်၊ အသင်းလိုက် ကစားသမား သုံးဦးနဲ့ ကစားကြတယ်။ ကွင်းကြေးက တစ်နာရီ ငွေကျပ် ၁၅၀၀၀ ဆိုတော့ ရှုံးတဲ့အသင်းက ကွင်းကြေးကို ပေးရတာဖြစ်ပါတယ်။ တစ်ခါတစ်ရံ ကစားသမားတွေ အချိုးကျခွဲဝေပေးကြတာလည်း ရှိတယ်”ဟု ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဗဟိုလမ်းရှိ ပုဂ္ဂလိက ဖူဆယ်ဘောလုံးကွင်း၌ အမြဲတမ်းကစားလေ့ရှိသည့် ကိုကျော်မြင့်ဝင်းက ပြောသည်။

**လူငယ်တွေနဲ့ လှုပ်ရှားသက်ဝင်**

ရန်ကုန်မြို့ရဲ့မြို့နယ်တွေမှာ ဖွင့်လှစ်ငှားရမ်းနေတဲ့ ဖူဆယ်ဘောလုံးကွင်းတွေရဲ့အချို့ကွင်းတွေမှာ လူငယ်လူရွယ် ရုပ်ရှင်အနုပညာရှင်တွေ၊ လူငယ်အဆိုတော်တွေကအစ လာရောက်ကစားနေကြပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ ဖူဆယ်ဘောလုံးကွင်းဟာ နေ့ရောညပါ ကစားနေတဲ့ လူငယ်တွေနဲ့ လှုပ်ရှားသက်ဝင်နေတာ တွေ့ရတာမို့ ဒါဟာ လူငယ်တွေအတွက်တော့ အားလပ်တဲ့ အချိန်တွေ၊ နေ့ရက်တွေမှာ ထွက်ပေါက်မှား၊ လမ်းကြောင်းမှားပေါ် မရောက်သွားစေဖို့ အများကြီး အထောက်အကူပြုစေတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ရန်ကုန်မြို့မှာ အရှိန်အဟုန်နဲ့ များပြားလာတဲ့ ပုဂ္ဂလိကဖူဆယ်ဘောလုံးကွင်းတွေကြောင့် မြို့ပြပုံရိပ်သစ်ကို ဖြစ်ပေါ်စေဖို့ လုပ်ထုံးလုပ်နည်းတွေနဲ့ စနစ်တကျ ဆောင်ရွက်ရင် ရန်ကုန်မြို့အတွက် ဝင်ငွေတိုးစေသလို လူငယ်တွေအတွက်လည်း ကျန်းမာကြံ့ခိုင်စေတာမို့ စနစ်တကျနဲ့ ကြီးကြပ်ဆောင်ရွက်ဖို့တော့ လိုအပ်တာ အမှန်ပါပဲ။ ။

## အဆင့်မြှင့်တင် ပြောင်းလဲမှုများနှင့်အတူ ရန်ကုန်မြို့ပတ်ရထား...မှ

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးကို စတင်လုပ်ဆောင်နေတယ်။ ဒါနဲ့အတူတူ ဝန်ဆောင်မှုတွေ တိုးမြှင့်ဖို့ကိုလည်း လုပ်ဆောင်နေပါတယ်။ ရထားလမ်းပိုင်းတွေ ပြုပြင်တဲ့အပိုင်းမှာလည်း ဇလီဖားတုံးတွေကို ပြုပြင်တာ၊ သံလမ်းတွေ ပြုပြင်တဲ့အပိုင်းတွေကို လုပ်ဆောင်ပြီးတော့ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းရဲ့ လက်ရှိပြေးဆွဲနေတဲ့အရှိန်ထက်ကို အရှိန်တိုးမြှင့်ဖို့အတွက်ကို လုပ်ဆောင်နေပါတယ်။ မကြာခင်အချိန်မှာ ဂျပန်မှာလက်ရှိသုံးစွဲနေတဲ့ ရထားတွဲဆိုင်းသစ်တွေကို မြန်မာပြည်ကို တင်သွင်းလာပြီး ရထားမှာ အဲကွန်းလည်းပါမယ်။ ဂျပန်ပုံစံအတိုင်းကို ဖြစ်လာတဲ့ ရထားတွဲဆိုင်းသစ်တွေ မကြာခင် ရောက်ရှိလာပါတော့မယ်။

**ဝန်ဆောင်မှုတိုးမြှင့်ဖို့ ပြုပြင်ပြောင်းလဲ**

ရထားမှာရှိတဲ့ အစိတ်အပိုင်းတွေကို တိုးတက်အောင် လုပ်ဆောင်နေတဲ့အပြင် မြန်မာ့မီးရထားမှာ တာဝန်ကျနေတဲ့ ဝန်ထမ်းတွေရဲ့ ခရီးသွားပြည်သူတွေအပေါ်မှာ ဝန်ဆောင်မှု တိုးမြှင့်ဖို့ ပြုပြင်ပြောင်းလဲရေးအတွက်ကိုလည်း အလုပ်ရုံဆွေးနွေးပွဲလေးတွေ လုပ်နေပါတယ်။ ခရီးသွားပြည်သူတွေအတွက် လုံခြုံစိတ်ချရတဲ့ သယ်ယူပို့ဆောင်ရေးစနစ်ကြီးကို မြန်မာ့မီးရထားအတွက် ဖန်တီးပေးဖို့ ဂျိုက်ကာနဲ့ပေါင်းပြီး လုပ်ဆောင်နေတဲ့အပိုင်းမှာလည်း ခရီးသွားပြည်သူတွေကလည်း မြန်မာ့မီးရထားဝန်ဆောင်မှုကို ယုံကြည်စွာနဲ့ စိတ်ချစွာသုံးစွဲဖို့အတွက်ကို ကျွန်တော့်အနေနဲ့ တိုက်တွန်းပါတယ်။

ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့အတူ မြန်မာ့မီးရထားရုံးချုပ်၊ နောက်တစ်ခုက တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှာရှိတဲ့ ရုံးခွဲတွေမှာ ဝန်ဆောင်မှုတိုးမြှင့်ရေးဆပ်ကော်မတီဖွဲ့ဖို့ အတည်ပြုပြီးပါပြီ။ ခရီးသွားဝန်ဆောင်မှု ပြုပြင်ပြောင်းလဲဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲတွေကို စဉ်ဆက်မပြတ် လုပ်သွားဖို့အတွက် လုပ်ဆောင်နေပါတယ်။ ပြီးခဲ့တဲ့နှစ်က ဂျပန်ကိုသွားပြီး လေ့လာခဲ့တဲ့ ရထားက အရာရှိဝန်ထမ်းတွေကလည်း ဒီမှာပြန်ပြီး

**အချပ်ပို(ဃ)သို့**



ဖေဖော်ဝါရီ ၇ ရက်က မြန်မာ့မီးရထားဝန်ဆောင်မှု အရည်အသွေးတိုးတက်စေရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

# မြန်မာ့ရုပ်ရှင်လောကသားများအတွက် ပထမအကြိမ် Star Awards ဆုကို ရန်ကုန်မြို့ သုဝဏ္ဏဘူမိ Event Part ၌ မေ ၅ ရက်တွင် ချီးမြှင့်သွားမည်

မျိုးမင်းသိန်း(မရမ်းကုန်း)

**မြန်မာနိုင်ငံ** သတင်းစာဆရာအသင်း (MJA) က ကြီးမှူး၍ ၂၀၁၈ ခုနှစ်အတွင်း ရိုက်ကူးပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကားများအနက်မှ ဆန်ခါတင်ရုပ်ရှင်ဇာတ်ကား ၂၁ ကားကို ရွေးချယ်ပြီး ယင်းဆန်ခါတင် ဇာတ်ကားများမှ ချီးမြှင့်မည့် Star Awards ဆု ၁၅ ဆုချီးမြှင့်ပွဲကို မြန်မာနိုင်ငံတွင် ပထမအကြိမ်အဖြစ် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အနုပညာက မီဒီယာလောကဖွံ့ဖြိုးအောင်ဆောင်ရွက်ပေး**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်မိုး (ခ) ဦးသာဇော်က Star Awards ဆုပေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ “ရွှေဘောလုံးဆု (Golden Globe) ဆိုရင် နိုင်ငံတကာမှာ ၁၉၄၄ ခုနှစ်ကတည်းက သတင်းဌာနပေါင်း ၉၃ ခုကနေ စုပြီးတော့ နိုင်ငံတကာရုပ်ရှင်တွေထဲက ထူးချွန်တဲ့သူကို ဆုပေးတာတွေရှိပါတယ်။ အနုပညာထွန်းကားခြင်းက မီဒီယာလောကကို ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးသလို မီဒီယာနဲ့ဆက်နွှယ်နေတဲ့ ရုပ်ရှင်တိုးတက်မှုကိုလည်း ဝိုင်းဝန်းပေးရာရောက်တဲ့အတွက် အခုလိုပွဲလေးကို ရုပ်ရှင်အသိုင်းအဝိုင်း၊ မီဒီယာအသိုင်းအဝိုင်းတွေမှာ ဖြတ်သန်းမှု၊ လုပ်သက်အတွေ့အကြုံ ၁၅ နှစ်ထက်မနည်း ရင့်ကျက်တဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်တွေနဲ့ Star Awards ဆုရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းထားတယ်။ မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်တဲ့ ပညာရှင်တွေ ပါဝင်ပါတယ်” ဟု Star Awards ဆုရွေးချယ်ရေးကော်မတီဝင် ပြန်ကြားရေးတာဝန်ခံ ဦးသာဇော်က ပြောသည်။

**အကဲဖြတ်အမှတ်များဖြင့် ရွေးချယ်ချီးမြှင့်သွားမည်**

အဆိုပါ Star Awards ဆုချီးမြှင့် ပွဲကို Stellar Seven Entertainment မှ Organizer အဖြစ် MJA နှင့် လက်တွဲဆောင်ရွက်မည်ဖြစ်ပြီး ဆုရွေးချယ်ရေးကော်မတီကို အဖွဲ့ဝင် ၂၁ ဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ ဆုရွေးချယ်ရာတွင် ဆန်ခါတင်ရုပ်ရှင်ဇာတ်ကားများအား တစ်ကားချင်းကြည့်ရှုကာ ရုပ်ရှင်ပညာရှင်များ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ ဆုရွေးချယ်ရေး ကော်မတီဝင်များ၏ အကဲဖြတ်အမှတ်များဖြင့် ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း MJA မှ သိရသည်။

ထိုကဲ့သို့ ချီးမြှင့်သွားမည့် ဆု ၁၅ ဆု ကို ဆုကြေးအနေဖြင့် တစ်ဆုလျှင် ငွေကျပ်သိန်း ၅၀ ချီးမြှင့်သွားမည်ဖြစ်ရာ ဆုအမျိုးအစားများတွင် Honourable Award ဆု၊ Story Award ဆု၊ Best Picture Award ဆု၊ Director Award ဆု၊ Actorinthe Leading Role Award ဆု၊ Actor in the Supporting Role Award ဆု၊ Actress in the Supporting Role Award ဆု၊ Photographer Award ဆု၊ Director of Photography Award ဆု၊ Special Award ဆု၊ Popular Award ဆုနှင့် People's Choice Award ဆုတို့ပါဝင်ကြောင်း မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA) ကော်မတီအဖွဲ့ဝင်များထံမှ ထပ်မံသိရှိရသည်။

> **“ နိုင်ငံတကာရုပ်ရှင်တွေထဲက ထူးချွန်တဲ့သူကို ဆုပေးတာတွေရှိပါတယ်။ အနုပညာထွန်းကားခြင်းက မီဒီယာလောကကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ပေးသလို မီဒီယာနဲ့ဆက်နွှယ်နေတဲ့ ရုပ်ရှင်တိုးတက်မှုကိုလည်း ဝိုင်းဝန်းပေးရာရောက် ”**

**ပွဲတက်အနုပညာရှင်များအနက်မှ ထပ်မံရွေးချယ်မည်**

Star Awards ဆုချီးမြှင့်ပွဲကို ရုပ်ရှင်အစည်းအရုံးမှ ပေးအပ်မည့် အကယ်ဒမီဆုချီးမြှင့်ပွဲပြီးမှသာ ပြုလုပ်သွားမည်ဖြစ်ပြီး ဆု ၁၅ ဆုအပြင် Stellar Seven Entertainment မှလည်း ဆုချီးမြှင့်ပွဲနေ့တွင် ပွဲသို့တက်ရောက်လာသည့် အနုပညာရှင်များအနက်မှ ခမ်းနားစွာဝတ်ဆင်လာသည့် အမျိုးသား၊ အမျိုးသမီးအနုပညာရှင်တစ်ဦးစီနှင့် ပရိသတ်တစ်ဦးတို့ကို Best Dress ဆု သုံးဆုအဖြစ် ထပ်မံရွေးချယ်ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးတာဝန်ခံ ဦးသာဇော်က ထပ်မံပြောကြားသည်။

**ရုပ်ရှင်လောကသားများ၏ ထူးချွန်ပြောင်မြောက်သော စွမ်းဆောင်မှုများ အသိအမှတ်ပြု**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းအနေဖြင့် မြန်မာ့ရုပ်ရှင်လောက တိုးတက်ရေး မြန်မာ့ရုပ်ရှင်လောကသားများ မျှော်လင့်ထားရမည့် ရုပ်ရှင်လောကသားများ၏ ထူးချွန်ပြောင်မြောက်သော စွမ်းဆောင်မှုများကို အသိအမှတ်ပြုအားပေးသည့်အနေဖြင့် MJA မှ ပထမအကြိမ်ပြုလုပ်သည့် Star Awards ဆုချီးမြှင့်ပွဲကို ၂၀၁၉ ခုနှစ် မေ ၅ ရက်၌ ရန်ကုန်မြို့ရှိ သုဝဏ္ဏဘူမိ Event Part တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

---

**အချပ်ပို(ဂ)မှ**

သင်တန်းတွေပို့ချဖို့အတွက်ကိုလည်း အစီအစဉ်ဆွဲထားပါတယ်။ ဝန်ဆောင်မှုနဲ့ ပတ်သက်လာရင် အဓိကအပြုံးပေါ့လေ၊ နောက်တစ်ခုက နှုတ်ဆက်မှုတွေ။ အဲဒီဟာကို ရထားဝန်ထမ်းတွေအနေနဲ့ နေ့စဉ်လုပ်ဆောင်ဖို့ လိုအပ်သလို အဲဒီထက်ကို ဒီနှစ် ၇ လပိုင်း၊ ၈ လပိုင်းလောက်ကို နောက်ဆုံးထားပြီး ဝန်ဆောင်မှုလက်စွဲကို လုပ်ဖို့အစီအစဉ်ရှိပါတယ်။ ဝန်ဆောင်မှုအသစ်တွေကို မွေးထုတ်ဖို့အတွက်ကို ဝန်ထမ်းတွေကတစ်ဆင့် လုပ်သွားပြီးတော့ ဝန်ထမ်းတွေက တက်လာတဲ့အပေါ်မူတည်ပြီး ဝန်ဆောင်မှုတိုးမြှင့်ဖို့အတွက်ကို လက်စွဲစာအုပ်တွေ ထုတ်မယ်။ အဲဒီအပိုင်းကို စဉ်ဆက်မပြတ် လုပ်ဆောင်သွားဖို့ ကျွန်တော့်အနေနဲ့ ကြိုးစားပါမယ်။

**သန့်ရှင်းရေးကို အရင်ထက်ကြိုးစားထား**

ဝန်ဆောင်မှုနဲ့ ပတ်သက်ပြီး အခြေခံလုပ်ဆောင်တာတော့ ပြီးခဲ့တဲ့သုံးနှစ်က စလုပ်ခဲ့တာပေါ့။ အဲဒီလို လုပ်ခဲ့တဲ့အခါ ရန်ကုန်ဘူတာ၊ မန္တလေးဘူတာ၊ နေပြည်တော်ဘူတာတို့မှာရှိတဲ့ ဝန်ထမ်းတွေကို အခုလို သင်တန်းတွေပေးပြီးတဲ့အခါမှာ တော်တော်လေးကို တိုးတက်လာတယ်လို့ မြင်ပါတယ်။ တစ်နှစ်အတွင်းမှာ ကျွန်တော်တို့ လက်ရှိသတိထားမိတာဆိုတာကတော့ လမ်းညွှန်ဆိုင်းဘုတ်တွေ၊ အရင်တုန်းကမရှိခဲ့တဲ့ဟာ အခုဆိုရင် တစ်နှစ်အတွင်းမှာ လမ်းညွှန်ဆိုင်းဘုတ်တွေဟာ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားနဲ့ မြန်မာတွေအတွက်ရော၊ နိုင်ငံခြားသားတွေအတွက်ပါ မြင်နိုင်အောင် လုပ်ပေးထားတာကို တွေ့ခဲ့ရပါတယ်။ သန့်ရှင်းရေးလုပ်မယ့် ဝန်ထမ်းတွေအနေနဲ့ ယူနီဖောင်းတွေကို စမတ်ကျကျဝတ်ဆင်ထားပြီးတော့ သန့်ရှင်းရေးကိုလည်း အရင်ထက်စာရင်ပိုပြီး သန့်သန့်ရှင်းရှင်းဖြစ်အောင် ကြိုးစားပြီး လုပ်ပေးနေတာကို တွေ့ရပါတယ်။

ရန်ကုန်ဘူတာကြီးတို့၊ မန္တလေးဘူတာကြီးတို့ဆိုရင် ခရီးသည်နားနေဆောင် အကျယ်ကြီးကို ပြင်ဆင်ထားတာ တွေ့ရပါတယ်။ ရန်ကုန်ဘူတာရဲ့အပြင်ဘက်မှာဆိုရင် ဝိုင်ဘီအက်စ်ရဲ့ ကားလိုင်းတစ်လိုင်းဟာ ဂိတ်ရင်းရှိပါတယ်။ ရထားစီးတဲ့ ခရီးသည်တွေကလည်း ရထားကဆင်းရင် ဝိုင်ဘီအက်စ်ဆက်ပြီး သွားလို့ရအောင် အဆင်ပြေနေတာကိုလည်း တွေ့ရပါတယ်။ အစိတ်အပိုင်းလေးတစ်ခုကစပြီး ကျန်တဲ့အပိုင်းတွေကို တဖြည်းဖြည်းချင်း တိုးတက်အောင် လုပ်ဆောင်သွားကြပါမယ်။ မြန်မာပြည်မှာ အရေးကြီးဆုံးအချက်က အပေါ်ကနေပဲ အောက်ကိုညွှန်ကြားမှုရှိတယ်။ ညွှန်ကြားတဲ့ဟာကို အောက်က လိုက်ပြီးလုပ်ရတယ်။ အခုကျတော့ အောက်ခြေက အပေါ်တက်တဲ့ စနစ်လေးကို ကျင့်သုံးဖို့အတွက်က အလွန်ကို အရေးကြီးပါတယ်။



ရန်ကုန်မြို့နေ ပြည်သူများ သွားလာရေးအဆင်ပြေစေရန် ပြေးဆွဲနေသည့် မြို့ပတ်ရထားတစ်စင်း။

**အတွေးအခေါ်တွေပြောင်းလဲဖို့**

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ဘူတာတွေမှာ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ပြီးတဲ့အခါကျရင် နယ်ဘူတာတွေအတွက်ပါ ဆက်လုပ်သွားပါမယ်။ ဝန်ဆောင်မှုတိုးမြှင့်ဖို့ ပြုပြင်ပြောင်းလဲရေးလုပ်တာ ဒီတစ်ရက် နှစ်ရက်တည်းလုပ်လို့မရပါဘူး။ နောက်ခြောက်လနေရင် ဘယ်လိုရှိမလဲ၊ ခြောက်လမှာ ထွက်လာတဲ့ အဖြေပေါ်မူတည်ပြီး ပြောင်းလဲမှုလုပ်မယ်။ ပြီးတော့ တစ်နှစ်ကြာရင် ဘယ်လိုရှိမလဲဆိုတာ စဉ်ဆက်မပြတ်လုပ်သွားမယ်။ ထွက်လာတဲ့အပေါ်မှာ မူတည်ပြီးတော့ ကြိုးစားပြုပြင်ပြီး ဆက်လက်လုပ်ဆောင်သွားဖို့ လိုပါတယ်။ အဓိကတော့ ရထားတွဲဆိုင်းသစ်တွေ၊ ရထားတွဲဆိုင်းမှာသုံးတဲ့ ပစ္စည်းကိရိယာတွေဟာဆိုရင် ပိုက်ဆံရှိရင် အချိန်မရွေးဝယ်နိုင်တယ်ဆိုပေမယ့် ရထားဝန်ဆောင်မှုပေးတဲ့ ဝန်ထမ်းတွေအနေနဲ့ သူတို့ရဲ့ စိတ်ခံစားမှုတွေ၊ အတွေးအခေါ်တွေကို ပြောင်းလဲဖို့အတွက်က ဝယ်လို့မရတဲ့ဟာမျိုးဖြစ်တော့ သူတို့ကို သင်တန်းလေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲလေးတွေလုပ်ပြီး သူတို့ဆီက ကောင်းမွန်တဲ့ ရလဒ်ကိုရဖို့ ကြိုးစားရပါတယ်။

မည်သည့်အခြေအနေတွင်ဖြစ်စေ လက်အောက်ဝန်ထမ်းတို့၏ ပြောစကား၊ လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားမှု အလေ့အထတို့က မြန်မာတို့တွင် မရှိခဲ့။ ထို့ကြောင့်ပင် မြေပြင်လက်တွေ့အခြေအနေနှင့် လမ်းညွှန်မှုကြားချက်တို့က အမြဲလိုလိုကင်းကွာနေခဲ့ရသည်။ ထိုအစဉ်အလာကို မြန်မာ့မီးရထားက ချေဖျက်ရန် ကြိုးစားနေသည်။ မြေပြင်အခြေအနေ၊ အောက်ခြေ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် စနစ်တစ်ခုကို ရန်ကုန်မြို့ပတ်ရထားများက စတင်တော့မည်။ ဝိုင်ဘီအက်စ်ပြီးလျှင် ဒုတိယမြောက်ကြီးမားသော အပြောင်းအလဲကို မဟာရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများတွင် မကြာခင် မြင်တွေ့ခွင့်ရတော့မည်ဖြစ်သည်။

အဆင့်မြှင့်တင်ထားသည့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများတွင် အရှိန်မြှင့်ရထားစက်ခေါင်းတို့နှင့်အတူ ချိုသာသော မျက်နှာပေးနှင့် ရန်ကုန်ရထားဝန်ထမ်းတို့၏ အပြုံးကို မကြာမီ မြင်တွေ့ခွင့်ရတော့မည် ဖြစ်ပါကြောင်း . . .။ ။